# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ - ၃၆)


၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၀၉)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား တက်ရောက်



အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ် (သတင်းစဉ်)

**မနီလာ ဧပြီ ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ ဖိလစ်ပိုင်အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၊ အကြိမ်(၃၀)မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး၊ အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး၊ ASEAN Declaration on the Role of the Civil Service as Catalyst for Achieving the ASEAN Community Vision 2025 လက်မှတ်ရေးထိုးပွဲအခမ်းအနား၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံပါလီမန်များ ညီလာခံကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူငယ် ကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ၊ အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီး အစည်းအဝေးပိတ်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အကြိမ် (၃၀) မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးနှင့် ဇနီးတို့က ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား ဖိလစ်ပိုင်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကြိုဆိုနှုတ်ဆက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁


**ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲမှ စာတမ်းရှင်များ၏ အတွေးအမြင်များ**


စာ » ၆


**အာဖရိကတိုက်အတွင်း ထေရဝါဒဗုဒ္ဓသာသနာတော် ပြန့်ပွားရေး သီတဂူဆရာတော်ကြီး ကြိုးပမ်း**


စာ » ၉


**ကမ္ဘာ့ဖီအားကိုအန်တုကာ မြောက်ကိုရီးယား ဒုံးကျည်တစ်စင်းထပ်မံပစ်လွှတ်စမ်းသပ်**



စာ » ၁၀











မြန်မာ့အလင်း

# ကြည်ကြည်လင်လင် ရေကိုမြင်လျက်

ဧရာဝတီမြစ်ရေကို သောက်သုံးရန် သင့်မသင့် ကွင်းဆင်းစစ်ဆေးသွားတော့မည်ဟု သတင်းတစ်ခုက ဆိုသည်။ စစ်ဆေးမည့် နေရာမှာ မြစ်ညာဒေသ ကချင်ပြည်နယ်အတွင်းဖြစ်ပြီး ဧရာဝတီမြစ်ကို ပေါင်းဆုံမွေးဖွားပေးခဲ့သည့် မြစ် နှစ်သွယ်ဖြစ်သော မေခနှင့် မလိခမြစ်များတစ်လျှောက် တရားမဝင် ရွှေတူးဖော်မှုများပြုလုပ်နေကြခြင်းကြောင့် မြစ်ရေများနောက်ကျိနေသည့်အပြင် စွန့်ပစ်ရေများကြောင့် မြစ်ရေကို သုံးစွဲနေရသည့် ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာပြဿနာများ မဖြစ်ပွားရအောင် ရည်ရွယ်ခြင်းဖြစ်သည်ဟုလည်း သိရသည်။

ဧရာဝတီမြစ်ရေသည် အရှည်မိုင်ပေါင်း ၁၃၀၀ ကျော် ၁၄၀၀ နီးပါးခန့်ရှိပြီး မြစ်အစမှသည် အဆုံးထိအောင် မြန်မာနိုင်ငံ၏ပင်မအသက်သွေးကြောကြီးသဖွယ် စီးဆင်းနေသောမြစ်တစ်စင်းဖြစ်သည်။ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ် တို့အပါအဝင် ဧရာဝတီမြစ်အတွင်းစီးဝင်သော မြစ်များရှိသလို ဧရာဝတီမြစ်ရေကို စိုက်ရေးပျိုးရေးအတွက်ရော သောက်ရေသုံးရေအတွက်ပါ အမှီပြုသုံးစွဲကြရသည့် မြို့ရွာများစွာတို့မှာ မြစ်တစ်လျှောက်တည်ရှိကြသည်။ မြစ်ကြောင်း တစ်လျှောက် ရွှေရှာသည့်လုပ်ငန်းများမှာ ဧရာဝတီမြစ်ညာဒေသတွင်သာမက ချင်းတွင်းမြစ်နှင့် ၎င်း၏မြစ်လက်တက်၊ မြစ်ချောင်းများတွင်ပါ ပျံ့နှံ့လုပ်ကိုင်လျက်ရှိနေကြခြင်းဖြစ်သည်။ လူသားတို့တန်ဖိုးထားကြသည့် ရွှေဟူသော သတ္တုအောင်စအနည်းငယ်ခန့်ကိုရရှိရန် မြေလှန်ခံလိုက်ရသည့် သစ်ပင်သစ်တောများ၊ ဖြိုချဖဲ့ချခံလိုက်ရသည့် မြစ်ကမ်းပါးများနှင့် မူလသဘာဝဖျက်ဆီးခံလိုက်ရသည့် မြစ်ချောင်းအင်းအိုင် ရေနေရေထိုင်များ၊ မူလသဘာဝ ပတ်ဝန်းကျင်တွင် ပေါက်ရောက် ရှင်သန်ကျက်စားနေထိုင်ကြသည့် သားငှက်တိရစ္ဆာန်အပင်သတ္တဝါများစသည့် ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးမှာ ရွှေထက် အဆပေါင်းများစွာ တန်ဖိုးကြီးမားကြသည်ကို ဂရုပြုသူနည်းပါးလှသည်။

"ကြည်ကြည်လင်လင်၊ ရေကိုမြင်လျက်၊ ရေတွင်ဆိပ်ခိုး၊ ပါလေနီးဖြင့်၊ စိုးရွံ့မှုသောက်သာပြီတကား"။ အရှေ့နှင့် အနောက် ကမ္ဘာ့နိုင်ငံကြီးနှစ်ခုနှင့် အုပ်စုကြီးနှစ်စုတို့ အင်အားပြိုင်ဆိုင်ခဲ့ကြသည့် စစ်အေးခေတ်အရှိန်မြင့်စဉ်ကာလက ရေးဖွဲ့ခဲ့သော ကဗျာလေးတစ်ပိုဒ်က ထိုခေတ် အဏုမြူလက်နက်များစမ်းသပ်ဖောက်ခွဲမှုနှင့် အဏုမြူလက်နက်ပြိုင်ပွဲများ၏ အန္တရာယ်၊ ကမ္ဘာ့လူသားတို့၏ စိုးရိမ်ကြောင့်ကြမှုတို့ကို ကွက်ကွက်ကွင်းကွင်းဖော်ပြနိုင်သကဲ့သို့ ယနေ့တိုင်လည်း ဆက်လက်၍ မှန်ကန်ခေတ်မီနေဆဲဟုပင် ဆိုရမည်ဖြစ်သည်။

ရွှေရှာဖွေသည့်လုပ်ငန်းများတွင် အသုံးပြုကြသည့် ဆိုင်ယာနိုက်၊ မာကျူရီစသည့် အဆိပ်ပြင်းဓာတုပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ၊ လောဘကြီးသလောက်ပညာနည်းသူတို့က ငါးဖမ်းရာတွင် အသုံးပြုသည့် အဆိပ်များ၊ စက်မှုဇုန်စက်ရုံအလုပ်ရုံများမှ မဆင်မခြင်စွန့်ထုတ်ထားသည့် ဓာတုဒြပ်ပေါင်းများစွာ ပျော်ဝင်နေသော ရေဆိုးများ၊ စည်းကမ်းမဲ့သူတို့က စွန့်ပစ်လိုက်သည့် အိမ်တွင်းအညစ်အကြေးများနှင့် အမှိုက်သရိုက်များက ဧရာဝတီမြစ်ကြီးနှင့်တကွ မြစ်အတွင်းသို့စီးဝင်သည့် မြစ်များ၊ ချောင်းများ၏ရေများတွင်ပါ ပါဝင်လျက်ရှိနေခြင်းကြောင့် မြစ်ရေ၏ အရည်အသွေး၊ သောက်သုံးရန် သင့်မသင့်စသည်တို့အတွက် စစ်ဆေးမှုများကို မြစ်တစ်လျှောက်လိုအပ်သည့်နေရာများတွင် ပုံမှန်စစ်ဆေးမှုပြုလုပ်ခြင်း၊ တရားမဝင်ရွှေရှာတူးဖော်သည့်လုပ်ငန်းများကို ထိထိရောက်ရောက် အရေးယူပိတ်သိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ ရေထုမြေထုညစ်ညမ်းမှုမရှိအောင် ဆောင်ရွက်ခြင်းတို့အတွက် အလေးအနက်ထားကြဖို့ အချိန်ကျရောက်နေပြီဖြစ်သည်။


သဘာဝအလျောက်မဟုတ်သည့် ဓာတုပစ္စည်းများကို လူတို့ဖန်တီးကာ ပမာဏများစွာထုတ်လုပ်မှုများမှာ ဒုတိယကမ္ဘာစစ်ကာလများအတွင်း စတင်ခဲ့ခြင်းဖြစ်သည်။ လူလုပ်ဓာတုပစ္စည်းများ၏ ရေထုမြေထုများအတွင်း ပျော်ဝင်ပေါင်းစပ်သွားမှုများနှင့် အန္တရာယ်တို့၏အတိုင်းအဆပမာဏများမှာ သုတေသီပညာရှင်တို့ပင် ကြိုတင်မသိမြင် မခန့်မှန်းနိုင်လောက်အောင် ကြောက်ခမန်းလိလိဖြစ်ကြောင်း စာပေများတွင်ဖတ်ရှုရသည်။ စည်းကမ်းမဲ့စွန့်ပစ်ရန်လွယ်ကူသလောက် ဖယ်ရှားသန့်စင်ရန် မလွယ်ကူသည့် ဓာတုအဆိပ်သင့်ပစ္စည်းများ မြစ်ချောင်းများထဲသို့ အလွယ်တကူမစွန့်ပစ်စေရေး ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှသာ ကြည်ကြည်လင်လင်ရေကို မြင်လျက် စိုးရွံ့စိတ်ဖြင့် မသောက်သုံးနိုင်သည့် အခြေအနေများမှ လွန်မြောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

# ရေးမြို့နယ်၌ အာဇာနည်ဗိမာန်အသစ် စတင်တည်ဆောက်လျက်ရှိ

**ရေး ဧပြီ ၂၉**

ရေးမြို့နယ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က တည်ဆောက်ထားခဲ့သည့် ယခင် အာဇာနည်ကျောက်တိုင်မှာ ဟောင်းနွမ်းဆွေးမြည့်နေ၍ မြေထိန်းနံရံများမှာလည်း ပြိုကျ ပျက်စီးလုနီးပါးဖြစ်လာကာ ခေတ်စနစ်နှင့်အညီ ယခင်ကျောက်တိုင် အစား အာဇာနည် ဗိမာန်ကို နိုင်ငံတော်အဆင့် အာဇာနည်ဗိမာန်နှင့် အလားသဏ္ဍာန်တူ ပုံစံဖြင့် စတင်တည်ဆောက်သွားရန်ရှိ နေကြောင်း သိရသည်။

"တည်ဆောက်ရာမှာ အလျားပေ ၈၀၊ အနံ ပေ ၄၀၊ ရင်ပြင်အမြင့် ငါးပေ၊ နောက်ခံနံရံအမြင့် ၁၈ ပေ၊ အကျယ် မျက်နှာပြင် ၄၈ ပေ အာဇာနည် ခေါင်းဆောင် ကိုးဦးအားရည်ရွယ်ပြီး လိုင်းကိုးလိုင်းတပ်ဆပ်ကာ ထိပ်ဆုံးမှာ ကြယ်ဖြူတစ်ပွင့်၊ ကြယ်ဖြူအောက်မှာ အာဇာနည် ကိုးဦးရဲ့တစ်ခြမ်းဖောင်းပန်းပုပုံစံနဲ့ တည်ဆောက်သွားဖို့ရှိပါတယ်" ဟု တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင် တာဝန်ခံဦးအေးနိုင်အောင်က ပြောသည်။



အဆိုပါ အာဇာနည်ဗိမာန် တည်ဆောက်ခြင်းကို မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းကာ စေတနာရှင်များထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၂၀၀ ခန့် အကုန်အကျခံကာ ဒေသခံ ကျွမ်းကျင်ပန်းရန် ဆရာများနှင့်အတူ စည်ပင်အင်ဂျင်နီယာကြီးကြပ်မှုဖြင့် တာဝန်ယူ၍ ယခုနှစ် ဧပြီလမှ စတင်တည်ဆောက်ကာ လာမည့်နှစ် (၇၀) ပြည့် အာဇာနည်နေ့ အထိမ်းအမှတ်မတိုင်မီ ရာနှုန်းပြည့်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

**ထင်သာမြင်သာ ပြုပြင်စရာ**

# အမှိုက်ရှင်းသော်လည်း စွန့်ပစ်သူများကြောင့် အမြင်မတင့်တယ်သည့် အမှိုက်ပုံ

**စစ်ကိုင်း ဧပြီ ၂၉**

စစ်ကိုင်းမြို့စစ်ကိုင်းတံတား ( ရတနာပုံ) စစ်ကိုင်းမှ ကိုးပေအတက် မန္တလေးသို့ အသွားလမ်း စစ်ကိုင်းဘက်ခြမ်း လမ်းဘေးတွင် စည်းကမ်းမဲ့သူများပစ်ထားသည့် အမှိုက်များကြောင့် အမှိုက်ပုံကြီးဖြစ်နေပြီး နေ့စဉ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းပေးနေသော်လည်း ပြန်လည် စွန့်ပစ်နေကြခြင်းကြောင့် ရှင်းမနိုင်ဖြစ်နေပြီး အနံ့အသက်ဆိုးများထွက်နေကာ အမြင်မတင့်တယ်သော မြင်ကွင်းတစ်ခုဖြစ်ပေါ်လျက်ရှိနေသဖြင့် တခြားတစ်နေရာသို့ ရွှေ့ပြောင်းပေးရန် လိုအပ်လျက်ရှိသည်။

စစ်ကိုင်းမြို့ပေါ် ရပ်ကွက်များတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေကြခြင်းကြောင့် အမှိုက်ပုံကြီးများရှိနေကာ ရှင်းမနိုင်ဖြစ်နေပြီး မြို့သာယာလှပရေး ဆောင်ရွက်နေသည့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အတူ ပူးပေါင်းဆောင်ရွက်သင့်ပြီး စနစ်တကျ အမှိုက်စွန့်ပစ်ကြရန်လိုအပ်နေသည်။

ယခုအခါ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ မြို့ပေါ်၊ ကျေးရွာရပ်ကွက်များတွင် ခေါင်းလောင်းတီးအသံပေး၍ အလှည့်ကျ အဖွဲ့ပိုင်ယာဉ်များဖြင့် အမှိုက်များသိမ်းဆည်းပေးနေခြင်း၊ အချက်အချာကျသည့် နေရာများ၌ အမှိုက်ပုံးများထားပေးခြင်းဖြင့် မြို့သာယာလှပရေး အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၆၆)



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၉-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၉၅/၇၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၃ . ၂၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၁ . ၉၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမှူးများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

❀ *ရှေ့ဖုံးမှ*

အဆိုပါ ဖွင့်ပွဲအခမ်းအနားများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံစီးပွားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယ အာဆီယံအတွင်းရေးမှူးချုပ်များ၊ အာဆီယံ ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**အခမ်းအနားဖွင့်လှစ်**

ရှေးဦးစွာ အခမ်းအနားကို အာဆီယံသီချင်းဖြင့် ဖွင့်လှစ်ပြီး ဖိလစ်ပိုင်ရိုးရာ အဆို၊ အက များဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူငယ်ကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲအခမ်းအနား တက်ရောက်စဉ် (သတင်းစဉ်)




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **ASEAN Declaration on the Role of the Civil Service as Catalyst for Achieving the ASEAN Community Vision 2025** လက်မှတ်ရေးထိုးပွဲတွင် အာဆီယံနိုင်ငံ အကြီးအကဲများနှင့်အတူ လက်မှတ်ရေးထိုးစဉ် (သတင်းစဉ်)

ယင်းနောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် အာဆီယံရိုးရာအကများကို စုပေါင်းကပြဖျော်ဖြေကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အကြိမ်(၃၀)မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးကို ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အဆိုပါကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်သည်။

အစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက အဖွင့်မိန့်ခွန်းပြောကြားသည်။

**မိန့်ခွန်းပြောကြား**

အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြားကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Coconut Palace ၌ ကျင်းပသည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည်

*စာမျက်နှာ ၄ သို့*




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အကြိမ်(၃၀)မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေး တက်ရောက်စဉ်** (သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

ASEAN Declaration on the Role of the Civil Service as Catalyst for Achieving the ASEAN Community Vision 2025 လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကြေညာချက်တွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ လက်မှတ်ရေးထိုးသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတက အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ လက်မှတ်ရေးထိုးထားသည့် အာဆီယံကြေညာချက်ကို အာဆီယံအတွင်းရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

**ပိတ်ပွဲအခမ်းအနားတက်ရောက်**

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာဆီယံပါလီမန်များ ညီလာခံကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူငယ်ကိုယ်စားလှယ်များ မျက်နှာစုံညီ တွေ့ဆုံပွဲနှင့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် Nino Aquino International Airport မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာပြီး ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အင်ဒိုနီးရှားသမ္မတနှင့် ဘရူနိုင်းဘုရင်တို့အား သီးခြားစီတွေ့ဆုံ

**မနီလာ ဧပြီ ၂၉**

အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် Sofitel Philippines Palaza Hotel ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုနှင့်လည်းကောင်း၊ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ဖိလစ်ပိုင် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒူလာနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတွင် ယခုနှစ်အတွင်း ပိုမိုတိုးတက်လာလျက်ရှိပြီး စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုမြှင့်တင်ရေး၊ စိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံစဉ်** (သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒူလာနှင့် တွေ့ဆုံစဉ်** (သတင်းစဉ်)

## မြန်မာ့မီးရထား ၂၀၁၆-၂၀၁၇ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဧပြီ ၂၉**

မြန်မာ့မီးရထား ၂၀၁၆-၂၀၁၇ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နေပြည်တော် ဘူတာကြီး မြန်မာ့မီးရထားရုံးချုပ်၌ ကျင်းပရာ ယမန်နေ့ မွန်းလွဲ ၃ နာရီက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြည်သူကို အကျိုးပြုနိုင်ရေးအတွက် ရထားလမ်းများ ကောင်းမွန်ရေး၊ စက်ခေါင်းနှင့် ရထားတွဲများ ကောင်းမွန်ရေး၊ ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ယဉ်ကျေးပြေပြစ်စွာ ဆက်ဆံရေး၊ ဝန်ထမ်းများ ဆက်ဆံရေး ကောင်းမွန်ရေး၊ ရထားဥပဒေနှင့် နည်းဥပဒေများကို နားလည်သဘောပေါက်ပြီး လိုက်နာရေး၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး၊ ဈေးကွက်၌ အခြားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်အောင် ကြိုးစားကြရန်နှင့် စိတ်ဓာတ်နှင့် ခံယူချက်များပြောင်းလဲပြီး ပြည်သူလူထုအတွက် အမြဲစဉ်းစားလုပ်ဆောင်သွားကြရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စစ်ကိုင်းတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေး

**မုံရွာ ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ဧပြီ ၂၈ ရက် နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများနှင့် ကဏ္ဍကြီးများအလိုက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များထံသို့ စီမံကိန်းရည်မှန်းချက်များ အသီးသီး တာဝန်ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် စီမံကိန်းမှူးများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ပြည်သူနှင့်အတူ

## အပြောင်းအလဲဖြစ်အောင် လုပ်နိုင်

**ကျွန်တော်တို့ရဲ့နောင်လာနောက်သားများ သာယာဝပြောတဲ့ အနာဂတ်ရရှိစေဖို့အတွက် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို ထိန်းသိမ်းရေးဆိုတဲ့ ဘုံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာမှာ အစိုးရ၊ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းစုများအပြင် ပြည်သူများအနေနဲ့ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့၏ အနာဂတ်မျိုးဆက်တွေအတွက် သက်ရှိမျိုးစိတ်အားလုံးကို ထိန်းသိမ်းရန် တတ်နိုင်တဲ့ဘက်ကကူညီကြဖို့ အားလုံးကိုတောင်းဆိုပါတယ်။ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ တရားမဝင် ရောင်းဝယ်ဖောက်ကားနေမှုကို လုံးဝလက်မခံဘူးဆိုတာကို ပြသပြီး အပြောင်းအလဲဖြစ် အောင် လုပ်နိုင်ပါတယ်။**

(နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ဇွန် ၅ ရက်တွင်ကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးဟာ အဓိကအရေးကြီး

**ကျွန်မတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးဟာ အဓိကအရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းရေးမရရှိခြင်းမှာ ကျွန်မတို့ပြည်ထောင်စုသားများအားလုံးရဲ့ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကို မဖြည့်ဆည်းနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။**

(နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ဩဂုတ် ၁၅ ရက်တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဂျာမနီနှင့် မြန်မာတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်တည်ဆောက်နိုင်ရန် ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဂျာမနီနိုင်ငံ Federal Foreign Office ၏ State Secretary ဖြစ်သူ Dr. Markus EDERER နှင့် ဘာလင်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဂျာမနီနှင့် မြန်မာတပ်မတော် နှစ်ရပ်အကြားဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်တည် ဆောက်နိုင်ရန်ဖြစ်ပြီး တပ်မတော် နှစ်ရပ်ဆက်ဆံရေးအနေဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးကို အထောက်အကူဖြစ်စေ ရန်ဖြစ်ပါကြောင်း ပြောကြားကာ မြန်မာ နိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှုအခြေ အနေများနှင့် ငြိမ်းချမ်းရေးတည်ဆောက် မှုအခြေအနေများ၊ နယ်စပ်ဒေသအခြေ အနေများနှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ၏ State Secretary ဖြစ်သူ Dr. Markus EDERER က နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန် လာမည်ဟုလည်း ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်၍ လိုအပ်သည့် နယ်ပယ်များတွင် ကူညီထောက်ပံ့မှုများ ပြုလုပ်ရန်လည်း အစီအစဉ်များရှိပါ ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ဘာလင်မြို့ Tegel လေဆိပ် တပ်မတော်လေယာဉ် ကွင်းမှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာရာ Letzlingen ကျေးရွာရှိ ဂျာမနီတပ်မ တော်လေ့ကျင့်ရေး သင်တန်းကျောင်း (Army Combat Training Center)သို့ရောက်ရှိပြီး အဆင့်မြင့်နည်းပညာ သုံး လေ့ကျင့်မှုနည်းစနစ်များ၊ Simulator အသုံးပြုလေ့ကျင့်မှုစနစ်များ၊ မြို့ပြ ပုံစံ တည်ဆောက်လေ့ကျင့်ရေးကွင်းများ သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ညပိုင်းတွင် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်၌ သံရုံး၊ စစ်သံရုံးမိသားစုများနှင့် တွေ့ဆုံပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က လက်ဆောင်ပစ္စည်းများ၊ အစားအသောက်၊ အဝတ်အထည်များ ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျာမနီတပ်မတော်လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

### ❁ ကျော့ဖုံးမှ

ကားလမ်းကူးခုံးကျော်တံတားနဲ့ ရထား လမ်းကူးခုံးကျော် တံတားနှစ်စင်းကို ဆောက်လုပ်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဘတ်ဂျက်ကတည်းက စတင်ဆောက် လုပ်နေတာဖြစ်ပါတယ်။ ယာဉ်အသွား အလာ အခက်အခဲမဖြစ်အောင်လို့ ဦးစွာနှစ်လမ်းသွားကို ဆောက်လုပ်ရ ပါတယ်။ ရထားလမ်းခုံးကျော်ရော ကားလမ်းခုံးကျော်ပါ နှစ်လမ်းသွား တည်ဆောက်ပြီးတာနဲ့ အခုလက်ရှိ မောင်းနှင်အသုံးပြုနေတဲ့ နှစ်လမ်းသွား တံတားနှစ်စင်းစလုံးကို ဖြိုချပြီး အသစ် တည်ဆောက်မှာဖြစ်ပါတယ်။ အခု တည်ဆောက်နေတဲ့ နှစ်လမ်းသွားနဲ့ နောက်ဆောက်လုပ်မယ့် နှစ်လမ်းသွား ပေါင်းပြီး လေးလမ်းသွားတံတားနှစ်စင်း အဖြစ် အသုံးပြုနိုင်မှာဖြစ်ပါတယ်” ဟု ဦးမြေအောင်က ပြောသည်။

ဂျပန်နိုင်ငံက ဆောက်လုပ်လှူဒါန်း သည့် သာကေတတံတားသစ်ကြီးသည် လေးလမ်းသွားတံတားကြီးဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ပြီးစီးရန်သတ်မှတ်ထား ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန က ဆောက်လုပ်ပေးလျက်ရှိသည့် ကား လမ်းကူးခုံးကျော်တံတားနှင့်ရထားလမ်း ကူးခုံးကျော်တံတားတို့ကိုလည်း သာ ကေတတံတားသစ်ကြီးနှင့်အတူ ပြီးစီး ရန်ချိန်ကိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကားလမ်းကူး ခုံးကျော်တံတား အရှည်မှာ ပေ ၉၀ ရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၃ မီတာ (၇၅ ဒသမ ၅ ပေ) ရှိကာ တစ်ဖက်လျှင်လူသွားလမ်းအကျယ် ၇ ဒသမ ၈၇ ပေစီကျယ်ကြောင်း၊ ခံနိုင် ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။

အလားတူ ရထားလမ်းခုံးကျော် တံတားအရှည်မှာ ပေ ၁၁၀ ရှိပြီး ယာဉ် သွားလမ်း ၆၁ ဒသမ ၅ ပေရှိကာ လူ သွားလမ်းတစ်ဖက် ၇ ဒသမ ၈၇ ပေစီ ရှိကြောင်း သိရသည်။ ယင်းတံတားများ ဆောက်လုပ်ပြီးစီးသွားပါက မော်တော် ယာဉ်များအနေဖြင့် လက်ရှိနှစ်လမ်း မောင်းမှ လေးလမ်းသွားအဖြစ် မောင်းနှင် အသုံးပြုနိုင်မည်ဖြစ်သည်။

## ကလေးမွေးစာရင်းထုတ်ပေးခြင်း အရှိန်မြှင့်တင်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

ကလေးမွေးစာရင်းထုတ်ပေးခြင်းသည် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် လုံးဝ မသက်ဆိုင်ပါကြောင်း၊ ကလေးသူငယ် ဥပဒေအရ ကလေးမွေးဖွားရာနေရာ တွင် မွေးစာရင်းရပိုင်ခွင့်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး/ ပြည်နယ်ခုနစ်ခု၌ Campaign အသွင် မွေးစာရင်းထုတ်ပေးမှု ဆောင်ရွက်ခဲ့ရာ ကျန်ရှိသော တိုင်းဒေသကြီး/ ပြည်နယ် များတွင် ဆက်လက်ဆောင်ရွက်ရန်ရှိ ကြောင်း၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် မကြာမီဆောင် ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက် ရာတွင် Door to Door စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ဧပြီ ၂၈ ရက် နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၌ ကျင်းပသော မွေးဖွားမှု မှတ်ပုံတင်ရေး အရှိန်မြှင့်ဆောင်ရွက်ရေး အစည်းအဝေးတွင် တက်ရောက်လာကြ သူများက ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာ ရေးနှင့်အားကစားဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နှင့်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်း ဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသား မှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြ ပြီး ကလေးမွေးဖွားမှုမှတ်ပုံတင်ခြင်း၏ အရေးပါပုံ၊ ဆောင်ရွက်ထားရှိမှုနှင့် ဆက် လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# ရုပ်သံလွှင့်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိသူ ပုဂ္ဂလိက ကုမ္ပဏီငါးခုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုး တိုးတက်ရေးအတွက် ရုပ်သံလွှင့်လုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ရရှိသူ ပုဂ္ဂလိက ကုမ္ပဏီငါးခုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် အဆိုပါကုမ္ပဏီငါးခုမှ တာဝန်ရှိသူများသည် ရုပ်သံလွှင့်မှု နည်းပညာပိုင်းဆိုင်ရာများ၊ မူဝါဒပိုင်းဆိုင်ရာလိုအပ်ချက်များ၊ ရုပ်သံလွှင့် လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ထုတ်လွှင့်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါလုပ်ကိုင်ခွင့်ရရှိသူ ကုမ္ပဏီငါးခုမှာ Mizzima Media Co., Ltd.၊ Young Investment Group Co., Ltd၊ Kaung Myanmar Aung Co., Ltd၊ Fortune International Ltd၊ DVB Multi Media Group Co., Ltd တို့ဖြစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Multi Channel Playout System တွင် ရုပ်သံလွှင့်လုပ်ငန်း Digital Free- to- Air လုပ်ကိုင်ခွင့်ရရှိသူ Content Provider များအဖြစ် မေ ၁၁ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(သတင်းစဉ်)





# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူလူထု တွေ့ဆုံပွဲကျင်းပ

**ပဲခူး မေ ၂၉**

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မေ ၂၉ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးမြို့နယ် ဒေသခံပြည်သူလူထုတွေ့ဆုံပွဲ အခမ်းအနား ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူပြည်သူများက တင်ပြလိုသည်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၉**

ထူးခြားသည့်နေ့အပူချိန်များမှာ မြင်းခြံမြို့၊ ချောက်မြို့၊ ဂန့်ဂေါမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့၊ ရေဦးမြို့၊ မင်းကင်းမြို့၊ မြင်းမူမြို့နှင့် ကြေးမုံမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ မြဝတီမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ နောင်ချိုမြို့နှင့် ရေးမြို့တို့တွင် ၀ ဒသမ ၇၉ လက်မစီ၊ မိုးမိတ်မြို့တွင် ၀ ဒသမ ၃၅လက်မ၊ မန္တလေးမြို့တွင် ၀ ဒသမ ၂၈ လက်မ၊ ပူတာအိုမြို့၊ လားရှိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၀ ဒသမ ၂၄ လက်မစီတို့ဖြစ်ကြသည်။ (မိုး/ဇလ)

# ဘာသာပြန်စာပေစာတမ်းဖတ်ပွဲမှ စာတမ်းရှင်များ၏ အတွေးအမြင်များ



ဒေါက်တာအောင်ကြီး



ဦးအေးကျော်(မောင်ကြည်သစ်)



ဒေါက်တာဇော်ထွန်း



ဒေါက်တာမြင့်ဇံ



ဒေါက်တာသန့်လွင်မောင်(ကိုတာ)

**ရန်ကုန် မေ ၂၉**

ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့၌ စတင်ကျင်းပသည်။

ယနေ့စာတမ်းဖတ်ပွဲတွင် ပါဝင်ဖတ်ကြားသူစာတမ်းရှင်များ၏ ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် ဘာသာပြန်စာပေအပေါ် ၎င်းတို့၏ အတွေးအမြင်များကို ကောက်နုတ်စုစည်းဖော်ပြအပ်ပါသည်။

**ဘာသာပြန်တဲ့အခါ ယဉ်ကျေးမှုကို ဘာသာပြန်တာပိုအရေးကြီးတယ်**

**ဒေါက်တာအောင်ကြီး**

ယဉ်ကျေးမှုကို ဘာသာပြန်ဆိုခြင်း စာတမ်းကိုဖတ်ပါမယ်။ ဘာသာပြန်ကို ပထမရိုးရိုးတန်းတန်းနားလည်တာက နိုင်ငံခြားဘာသာတစ်ခုကို တိုင်းရင်းဘာသာထဲကို စကားလုံးပြောင်းတယ်လို့ပဲ သဘောပေါက်တယ်။ ဘာသာပြန်တဲ့အခါ ယဉ်ကျေးမှုကို ဘာသာပြန်တာပိုအရေးကြီးတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယဉ်ကျေးမှုမတူဘူး။ ယဉ်ကျေးမှုဓလေ့တွေမတူတဲ့အတွက် ဘာသာပြန်တဲ့အခါ အရေးကြီးပါတယ်။ ဘာသာပြန်စာတမ်းဖတ်ပွဲလုပ်တာ အင်မတန်ကောင်းတဲ့ အလုပ်ပါ။ စာတမ်းရှင်အနေနဲ့ ပညာရှင်တွေမေးတဲ့အခါ ပြန်ဖြေနိုင်အောင် ပိုပြီးပြင်ဆင်ရတယ်။ စာတမ်းဖတ်ပွဲမတူတာကိုတင်တယ်။ တွေးခေါ်စရာအပြင် ဘာသာပြန်စာပေအတွက် ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ ဘာသာပြန်စာပေအသင်းဖွဲ့ဖို့လိုသလား၊ ဘာသာပြန်ရာမှာ အလွဲတွေတွေ့ရတယ်။ ရုပ်ရှင်တွေ၊ ရုပ်သံဇာတ်လမ်းတွေမှာ ဘာသာပြန်တာ အဓိကကျတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပိုင်းတွေမှာလည်း ဘာသာပြန်တာအရေးကြီးတယ်။ နိုင်ငံရေးဆိုပိုဆိုးတယ်။ ဘာသာပြန်မှားရင် မလွယ်ဘူး။ ဒါကို အရေးတယူလုပ်ပြီး ဒီပွဲမှာ ပညာရှင်တွေနှီးနှောဖလှယ်ကြမယ်၊ ညှိနှိုင်းကြမယ်ဆိုတာ သင့်မြတ်တယ်လို့ ယူဆပါတယ်။

**ဒီစာတမ်းဖတ်ပွဲက ဘာသာပြန်စာပေ ထွန်းကားဖို့ ခြေလှမ်းသစ်စတယ်လို့ မြင်တယ်**

**ဦးအေးကျော်(မောင်ကြည်သစ်)**

ဒဿနစာပေကို အင်္ဂလိပ်ဘာသာကနေ မြန်မာပြန်ဆိုတဲ့အခါ ဝေါဟာရတွေ၊ အယူအဆတွေမှားကြတယ်။ အယူမှားတဲ့အတွက်ကြောင့် ဘာသာပြန်အကြောင်းအရာတွေလည်း မှားကြတယ်။ ဒါတွေကို မီးမောင်းထိုးပြပြီး ဒဿနစာပေမှာ ပညာရပ်ဆိုင်ရာ ဝေါဟာရဖြစ်တဲ့အတွက်ကြောင့် ဝေါဟာရဘာသာပြန်ဟာ အရေးကြီးကြောင်း၊ အဲဒါကို ဆရာ အဓိကထားတာပါ။ ဘာသာပြန်ဆိုတာနိုင်ငံတိုင်းမှာ ဟိုတုန်းကတည်းက ရှိခဲ့ပါတယ်။ အခုပိုလိုအပ်တယ်။ ဘာသာပြန်စာပေဖြစ်တဲ့ တစ်ခုနဲ့တစ်ခု ပညာရပ်တွေ ဖလှယ်တဲ့အခါပဲဖြစ်ဖြစ် ရသပိုင်း၊ သုတပိုင်းတွေအတွက် လိုအပ်တာချည်းပဲ။ ဘာသာပြန်ကို ပိုချဲ့ထွင်ပြီး စနစ်တကျလုပ်ဖို့လိုအပ်တယ်။ ဆရာတို့နိုင်ငံမှာ ဟိုတုန်းက ဘာသာပြန်စာပေအသင်းဆိုတာရှိတယ်။ လူထုစာပေက အထောက်အကူရတယ်။

ဒါကြောင့် ဘာသာပြန်စာပေပိုပြီး ထွန်းကားစေချင်တယ်။ ဘာသာပြန်စာပေစာတမ်းဖတ်ပွဲလုပ်တာကောင်းပါတယ်၊ အများကြီးလိုအပ်တယ်။

နောက်ထပ် ဘာသာပြန်အဖွဲ့အစည်းတွေ၊ ဘာသာပြန်သင်တန်းကျောင်းတွေလိုအပ်တယ်။ အခြားနိုင်ငံမှာ ဘာသာပြန်လုပ်ငန်းက တကယ်ပရော်ဖက်ရှင်နယ်အလုပ်ပဲ၊ အဲဒီအဆင့်ထိရောက်အောင် လုပ်ပေးဖို့လိုတယ်။ ဒါကြောင့်မို့ ဒီစာတမ်းဖတ်ပွဲက ဘာသာပြန်စာပေထွန်းကားဖို့ ခြေလှမ်းသစ်စတယ်လို့ မြင်တယ်။ ဒီ့ထက်လည်း ခိုင်ခိုင်မာမာသွားမယ်လို့ထင်တယ်။

**နှစ်စဉ်ကျင်းပမယ်လို့ မျှော်လင့်ပါတယ်**

**ဒေါက်တာဇော်ထွန်း**

မြန်မာဘာသာကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းခေါင်းစဉ်နဲ့ ဒီနေ့ဖတ်ကြားမှာပါ။ အကြောင်းအရာအကျဉ်းချုပ်ကတော့ မြန်မာကဗျာကို အင်္ဂလိပ်လို ဘာသာပြန်တာ ဒီဘက်ခေတ်မှာပိုပြီး ဖွံ့ဖြိုးလာတယ်။ အရင်ခေတ်က ရှားရှားပါးပါး စာရေးဆရာကြီးတွေလောက်ပဲ များတယ်။ ခုခေတ်မှာ ဝါသနာရှင်လူငယ်လေးတွေတော်တော်များများ ဘာသာပြန်လာကြတာတွေ့ရတယ်။ မြန်မာဘာသာကို အင်္ဂလိပ်ဘာသာနဲ့ တိုးတက်ချင်တဲ့ရည်ရွယ်ချက်နဲ့ ဖတ်တာပါ။ ကျွန်တော်က မြန်မာကဗျာ ၃၅ အုပ်လောက် အင်္ဂလိပ်ဘာသာပြန်ပြီးပါပြီ။ ဝတ္ထုတို/ရှည်တွေလည်းပါတယ်။ ဒါတွေအခြေခံပြီးတော့လည်း ထည့်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီကဏ္ဍက မဖြစ်မနေ ဖွံ့ဖြိုးအောင်လုပ်ရမယ့် ကဏ္ဍထဲမှာပါဝင်တာကြောင့် နှစ်စဉ်ကျင်းပမယ်လို့ မျှော်လင့်ပါတယ်။ အရင်က ဘာသာပြန်စာပေအသင်းဆိုပြီးရှိခဲ့တယ်။ အခုနောက်ပိုင်းတော့ ပထမဆုံးပြန်လည်စတင်တဲ့ခြေလှမ်းလို့ ယူဆပါတယ်။

**တချို့ဘာသာပြန်တဲ့နေရာတွေမှာ သိပ်မတိကျဘူးလို့ ယူဆတယ်**

**ဒေါက်တာမြင့်ဇံ**

ဒီနေ့တင်ပြမယ့်စာတမ်းကတော့ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က မြန်မာဘာသာသို့ ဘာသာပြန်ထားတဲ့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဖြစ်ပါတယ်။ ဒါကို ဘာသာပြန်တာနဲ့ ပတ်သက်ပြီး မှတ်ချက်ပေးတာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် တချို့ဘာသာပြန်တဲ့နေရာတွေမှာ သိပ်မတိကျဘူးလို့ ယူဆတယ်။ ဘာသာပြန်ရာမှာ လိုအပ်ချက်မဟုတ်သည့်တိုင် ဒီထက်ပိုကောင်းသင့်လျော်တဲ့ ဘာသာပြန်မှုကို ၁၀ နေရာလောက် ပြောပြမှာပါ။ အခုစာတမ်းကို တင်သွင်းရာမှာ စကားပြောသလို တင်သွင်းထားတယ်။ စာတမ်းဖတ်ကြားမှုနဲ့ ပတ်သက်ပြီး အင်မတန်နှစ်ထောင်းအားရဖြစ်ပါတယ်။ ပြုလုပ်သင့်ပါတယ်။

**ဘာသာပြန်ဆိုတာ အရေးကြီးပါတယ်**

**ဒေါက်တာသန့်လွင်မောင်(ကိုတာ)**

ဦးကြည်မောင်၏ ဘာသာပြန်စာတမ်းကို တင်မှာပါ။ ဦးကြည်မောင်ဆိုတာ ဗိုလ်မှူးကြီးဟောင်းတစ်ယောက်ပါ။ ပြဇာတ်တွေလည်းရေးတယ်။ ဂီတကိုလည်း စုံမက်တယ်။ ဘာသာပြန်လည်း ရေးတယ်။ သူဘယ်လိုဘာသာပြန်တယ်ဆိုတာကို တင်ပြမှာဖြစ်ပါတယ်။ ဘာသာပြန်ဆိုတာ အရေးကြီးပါတယ်။ မြန်မာစာပေမှာမရှိတဲ့ ဗဟုသုတတွေ၊ အတွေ့အကြုံတွေ၊ အယူအဆတွေကို တခြားဘာသာကနေ ဘာသာပြန်ပြီးထည့်တာ၊ ကိုယ့်နိုင်ငံအကြောင်းပဲ သိလို့မရဘူး။ အခြားနိုင်ငံက အကြောင်းတွေလည်း သိဖို့လိုတယ်။ ဒါတွေသိဖို့ဘာသာပြန်ဆိုတာ လိုအပ်တယ်။ အရေးကြီးတယ်။

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ မြတ်စန္ဒီ**

**ဓာတ်ပုံ-ဇော်မင်းလတ်**

# ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ




**ရန်ကုန် ဧပြီ ၂၉**

ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဘာသာပြန်စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) နှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားရာ၌ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပလာသည်မှာ ယခုအကြိမ်ဆိုပါက တတိယအကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲနှင့် စာပေဆွေးနွေးပွဲတို့ကဲ့သို့ ယဉ်ကျေးမှုဓလေ့များ ထွန်းကားစေရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

စာပေသမားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး ရေးသားထားကြသည်များကို ဝေဖန်သုံးသပ်ဖြည့်စွက်သည့် ဓလေ့ရှိရန်လိုကြောင်း၊ သို့မှသာ စာပေဖွံ့ဖြိုးတိုးတက်နေမည်သာဖြစ်ကြောင်း၊ ယင်းဓလေ့ကို ခံ့မင်သောမိတ်ဆွေများနှင့်တွဲ၍ ယခုကဲ့သို့ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပခြင်းဖြစ်ကြောင်း။

ပထမအကြိမ်က နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲကျင်းပခဲ့ကြောင်း၊ နိုင်ငံရေးစာပေ(သို့) နိုင်ငံရေးအကြောင်းကို စာပေသမားများဆွေးနွေးခဲ့သည်ဆိုရာ၌ ယခင်က မရှိခဲ့ကြောင်း၊ ထို့နောက် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပခဲ့ကြောင်း၊ ဤသည်မှာ စာပေနှင့် နိုင်ငံရေးနီးနွှယ်သောခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြကြောင်း၊ စာပေသမား၌ တူညီသောဆန္ဒသည် စာပေအကြောင်းအရာများကို လွတ်လပ်စွာ ဆွေးနွေးလိုပြီး ဓလေ့ထွန်းကားပြန့်ပွားရေးအတွက် တူညီသောဆန္ဒများရှိကြခြင်း ဖြစ်ကြောင်း။

မြန်မာစာပေသမိုင်းကို ကြည့်ပါက ပထမဆုံးမြစေတီကျောက်စာသည် ပျူ၊ ပါဠိ၊ မွန်၊ မြန်မာဘာသာလေးမျိုးဖြင့် ရေးထိုးထားသည်ကို ကြည့်ခြင်းအားဖြင့် ထိုခေတ်ကတည်းက ဘာသာပြန်ဆိုခြင်း ရှိနေပြီဟု ပြော၍ရပါကြောင်း၊ ဘာသာလေးရပ်စလုံးဖြင့် ရေးထိုးရန်လိုအပ်သည်ဟု ယူဆခြင်းကြောင့် ရေးထိုးခဲ့ပြီး ဘာသာလေးမျိုးစလုံး သုံးစွဲကြကြောင်း။

မြန်မာစာပေ မြစ်ဖျားခံထွန်းကားခဲ့ပုံကို သုံးသပ်ကြည့်လျှင် ဘာသာပြန်စာပေများပေါ်၌ အမှီပြုသည်ဟု ဆိုရလောက်အောင် နိုင်ငံတကာ စာပေများနှင့် ရင်းနှီးမှုက စတင်လာခဲ့သည်ကို တွေ့ရကြောင်း၊ မြန်မာစာပေသည် အိန္ဒိယဘက်မှ ဆင်းသက်လာသည့် ဗုဒ္ဓဘာသာစာပေ၊ ပါဠိ၊ သက္ကတစာပေများနှင့် နီးစပ်ကြောင်း၊ ထိုစာကြီး ပေကြီးများကို ဘာသာပြန်ပြီးနောက် စိတ်ကူးဉာဏ် ထပ်မံကွန့်မြူးလျက် မြန်မာ့စာပေဖန်တီးသူ ပညာရှင်ပုဂ္ဂိုလ်ကြီးများက စာပေများ ရေးဖွဲ့ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ရှေးဆရာကြီးများပြောချက်အရ မြန်မာစာပေသည် မိမိတို့ကိုယ်တိုင် အသိဉာဏ်ကွန့်မြူးကာ ရေးသားခြင်းများရှိသကဲ့သို့ ကိုယ်တိုင်ရှိသည့် လမ်းထက် အိန္ဒိယနိုင်ငံဘက်မှ စာပေများပေါ်အခြေခံပြီး မြန်မြန်ဆန်ဆန် ကွန့်မြူးခဲ့ကြောင်း၊ နောက်ပိုင်းခေတ်များတွင် ဥရောပတိုက်သားများ မိမိတို့တိုင်းပြည် ရောက်ရှိလာချိန်တွင် ၎င်းတို့ဘာသာစကားရှိသည့် စာပေများကို ဘာသာပြန်ဆိုခြင်းများရှိခဲ့ပြီး အထူးသဖြင့် အင်္ဂလိပ်ဘာသာစာအုပ်စာပေများကို ဘာသာပြန်ခဲ့ကြောင်း။

ဗြိတိသျှကိုလိုနီခေတ်တွင်လည်း မြန်မာပညာရှိများ၊ စာတတ်ပေတတ်ပုဂ္ဂိုလ်များသည် နိုင်ငံခြားသားများနှင့်တွဲဖက် ဘာသာပြန်ဆိုခြင်းများရှိခဲ့ကြောင်း၊ သခင်ဘသောင်းသည် ဘာသာပြန်ဆိုခြင်းအလုပ်ဖြင့် တိုင်းပြု ပြည်ပြု မြန်မာများကို ဘာသာပြန်ဆိုမှုနှင့် နားမျက်စိဖွင့်ပေးကာ ကြွေးကြော်၍ လုပ်ဆောင်ခဲ့ကြကြောင်း၊ ယင်းနှင့် မရှေးမနှောင်း ထိုကဲ့သို့ပေါ်ပေါက်လာသည့် အသင်းအဖွဲ့ဖြစ်သည့် နဂါးနီစာအုပ်အသင်းဖြစ်ကာ မြန်မာလူငယ်/လူရွယ်များကို နိုင်ငံရေးအသိပေးရန် နိုင်ငံတကာ၊ နိုင်ငံရေးသဘောတရားစာပေ၊ နိုင်ငံတကာရှိ နိုင်ငံရေးလှုပ်ရှားမှု၊ လွတ်လပ်ရေးလှုပ်ရှားမှုအတွေ့အကြုံ၊ အတ္ထုပ္ပတ္တိများကို အင်တိုက်အားတိုက် ဘာသာပြန်ဆိုခဲ့ကြောင်း။

နောက်ပိုင်းတွင် ဝန်ကြီးချုပ်ဦးနုသည် နဂါးနီစာအုပ်တိုက်ကို စတင်ထူထောင်ခဲ့သူဖြစ်ပြီး ဘာသာပြန်စာပေအသင်းဖွဲ့စည်းထူထောင်ခဲ့ကာ လက်စွဲဆောင်ပုဒ်သည် "အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဖြစ်ကြောင်း၊ တကယ်ကြွေးကြော်ခဲ့သလိုပင် ဘာသာပြန်စာအုပ်စာတမ်းများ များစွာထွက်ရှိခဲ့ကြောင်း၊ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ လွတ်လပ်ရေးရပြီးခေတ်များ၌ ထင်ရှားသည့် မြန်မာစာရေးဆရာကြီးများကို ကြည့်ပါက အများစုသည် ဘာသာပြန်သည့်အလုပ်များကို လုပ်ဆောင်ခဲ့ကြကြောင်း၊ စာရေးဆရာကြီးဖြစ်သည့် ဒဂုံရွှေမျှား၊ ရွှေဥဒေါင်း၊ သခင်ဘသောင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့ ဘာသာပြန်ဆိုခဲ့ကြကြောင်း။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန် ဘာသာပြန်မှုသည် များစွာလိုအပ်နေကြောင်း၊ ယနေ့ခေတ်ကူးလူးဆက်ဆံမှု၊ အသိပညာ၊ ဆက်သွယ်ရေးကွန်ရက်များ တိုးတက်မြန်ဆန်လာသည်နှင့်အမျှ ဘာသာပြန်လုပ်ငန်းကို ပိုမိုကာ များများပြားပြား မြန်မြန်ဆန်ဆန်ဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ နိုင်ငံတကာတွင် စာအုပ်စာတမ်းထွက်ရှိမှု အင်မတန်များပြားလာပြီး ယခုအခါ ပြောင်းလဲမှု မြန်ဆန်လာသကဲ့သို့ ပြောင်းလဲမှုကို သုံးသပ် ရေးသားထားမှုများလည်း အလျှင်အမြန်ထွက်ပေါ်လျက်ရှိကြောင်း၊ အယူအဆအသစ်များနှင့် စပ်လျဉ်း၍ သုံးသပ်သည့်စာအုပ်စာတမ်းများ ထွက်ပေါ်လျက်ရှိပြီး ကမ္ဘာတွင် လတ်တလောပေါ်ပေါက်နေသည့် အယူအဆ၊ သုံးသပ်မှုစဉ်းစားတွေးတောနေသည့်အမြင်များကို ကမ္ဘာနှင့်အမီ လိုက်လံဘာသာပြန်ဆိုမှုလိုအပ်နေသည်ဟု ယူဆကြောင်း။

နိုင်ငံတော်တော်များများကို ကြည့်ပါက ဂျပန်နိုင်ငံသည် ဘာသာပြန်လုပ်ငန်းထွန်းကားခဲ့ပြီး အိမ်နီးချင်းထိုင်းနိုင်ငံသည်လည်း လတ်တလောရောင်းအားအကောင်းဆုံးစာအုပ်များကို အမြန်ဆုံးဘာသာပြန်ထုတ်ဝေလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ဘာသာပြန်နှုန်းအသင့်အတင့်ရှိသော်လည်း ထိုအတိုင်းအတာရှိရန် လူအင်အား လိုအပ်နေကြောင်း၊ ထို့ကြောင့် စာပေဦးဆောင်ရေးသားနေသည့် ပုဂ္ဂိုလ်များအနေဖြင့် ဘာသာပြန်မှုကို အမှီပြုဆောင်ရွက်ရန် လိုအပ်နေသည်ဟု ယူဆပါကြောင်း။

ယခုစာတမ်းဖတ်ပွဲမှတစ်ဆင့် စာပေတိုးတက်ထွန်းကားရေး၊ ထိုမှတစ်ဆင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ထွန်းကားရေးအတွက် မျှော်လင့်ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကိုကျင်းပရာ သဘာပတိများအဖြစ် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)နှင့် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဒေါက်တာအောင်ကြီးက "ယဉ်ကျေးမှုကို ဘာသာပြန်ခြင်း" စာတမ်းနှင့် စာတမ်းရှင် ဦးအေးကျော် (မောင်ကြည်သစ်)က "ဒဿနဝေါဟာရ ဘာသာပြန်ပြဿနာ" စာတမ်းများကို ဖတ်ကြားကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် ဦးအောင်ရှင်(မုံရွာအောင်ရှင်)နှင့် ဒေါက်တာအောင်ကြီးတို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဒေါက်တာသန့်လွင်မောင်(ကိုတာ)က "ဦးကြည်မောင်၏ ဘာသာပြန်"စာတမ်း၊ စာတမ်းရှင် ဒေါက်တာမြင့်ဇံက "ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မြန်မာဘာသာပြန်ဆိုမှုနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်အချို့" စာတမ်းနှင့် စာတမ်းရှင် ဒေါက်တာဇော်ထွန်း(မောင်ဇော်ထွန်း)က "မြန်မာကဗျာကို အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း" စာတမ်းများကိုဖတ်ကြားကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ စာတမ်းရှင်များဖြစ်ကြသည့် ဒေါ်ခင်ဖုဏ်းရည် (နတ်မောက်အနီချို)၊ ဦးဝင်းထွန်း (မောင်ဝင့်သူ)၊ မင်းတင်၊ ဒီနိုဗိုနှင့် ဦးခင်မောင်မြင့် (ပန်းတနော်ခင်မောင်မြင့်)တို့က သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



စာတမ်းရှင် ဒေါက်တာအောင်ကြီးက ယဉ်ကျေးမှုကိုဘာသာပြန်ခြင်း စာတမ်းဖတ်ကြားစဉ်

# မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေး



**ရန်ကုန် ဧပြီ ၂၉**

မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်ပြခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မှုဟု ဆိုရာတွင် ယနေ့တွင် မည်သည့်အတိုင်းအတာအထိ အဖြေရလဒ်များပေးနိုင်သည်ကို မသိသော်လည်း အပြန်အလှန်ဆွေးနွေးမှုများစွာရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ယခုဆွေးနွေးခြင်းသည် အဖြေရလဒ်များ ထွက်ပေါ်မည်ဟု ယုံကြည်ကြောင်း၊ ရုပ်ရှင်လောကတိုးတက်ရေးကို အဓိကခေါင်းစဉ်တင်ထားသော်လည်း ဆွေးနွေးမည့်အကြောင်းသည် ရုပ်ရှင်လောက၌ ပြောဆိုနေကြသည့် ရုပ်ရှင်လောကသားများက လွတ်လပ်စွာ ရိုက်ကူးတင်ဆက်ပြသလိုသော်လည်း ဆင်ဆာအဖွဲ့က ဆောင်ရွက်ချက်များနှင့် အနည်းငယ်အငြင်းပွားနေမှုရှိကြောင်း၊ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆွေးနွေးအဖြေရှာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ရုပ်ရှင်လောကသားများနှင့် ဆင်ဆာအဖွဲ့များက ယခုဆွေးနွေးပွဲကို ကျင်းပရေးအတွက် အကြံပြုထားကြောင်း၊ ယခုဆွေးနွေးပွဲတွင် လွတ်လွတ်လပ်လပ် ဆွေးနွေးကြရန်နှင့် ထိုမှတစ်ဆင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ဆုံးဖြတ်ချက်များ ရရှိပါစေကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ အတွင်းရေးမှူး ဦးသိန်းနိုင်က ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများတွင် အငြင်းပွားဖွယ်ဖြစ်နေသည့် အပြော၊ အပြများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်တို့က ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ဦးသူရ(ဇာဂနာ)က မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရန် ဖိတ်ခေါ်ရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဖေက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲမှ ရရှိလာသည့် ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းနှင့် သတင်းမီဒီယာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့အကျိုးဆောင်ရွက်ပေးနေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကိုရယူပြီး ဆောင်ရွက်

**နေပြည်တော် မေ ၂၉**

ကျေးလက်ဒေသများတွင် လိုအပ်နေဆဲဖြစ်သည့် အခြေခံစွမ်းအင်မှာ လျှပ်စစ်မီးရရှိရေးဖြစ်ပါကြောင်း၊ မဟာဓာတ်အားလိုင်းမှ ဓာတ်အားမရရှိနိုင်သည့် ကျေးရွာများအတွက် ဓာတ်အားလိုင်းပြင်ပကျေးလက်မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ၍ မီးလင်းသည့် ကျေးရွာအရေအတွက် တိုးပွားများပြားလာသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ မူဝါဒအသစ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ကျေးလက်လမ်းတံတားဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်နိုင်ရန် စီစဉ်နေပြီဖြစ်သည့်အတွက် ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေသည် တိုးတက်ကောင်းမွန်ပြီး စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ဆီသို့ အချိန်တိုအတွင်း ရောက်ရှိစေတော့မည် ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုဖွံ့ဖြိုးရေးများကိုလည်း ပူးတွဲရရှိခံစားနိုင်မည် ဖြစ်ပါကြောင်း။

ကျေးလက်ပြည်သူများ၏ စွမ်းဆောင်ရည်တိုးမြှင့်လာစေရေးကို ဆောင်ရွက်ပေးနေသည့် မိမိတို့ဝန်ထမ်းများ၏စွမ်းဆောင်ရည်လည်း မြင့်မားနေရန်အထူးလိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့အကျိုးကိုအစဉ်ရှေးရှုပြီး ပြည်သူ့အသံ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ထုံမွမ်းနေသည့် အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ကို စတင်ကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ပေးနေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကိုရယူပြီး ပြည်သူနှင့်အတူ ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

နေ့လယ်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး / ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြပြီး ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက ဘဏ္ဍာရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လမ်းတံတား၊ မီးလင်းရေး၊ ရေပေးဝေရေးကဏ္ဍများကို ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသူများက တင်ပြချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်းသုံးပိုင်းတည်ဆောက်ပြီးစီးမှုအခြေအနေ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းမြို့နယ်တွင် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူတည်ဆောက်နေသော သီလဝါစက်မှု ဇုန်အိမ်ရာ စီမံကိန်းလုပ်ငန်းခွင်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မေ ၂၉ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး အိမ်ရာစီမံကိန်း မြေနေရာအခြေအနေ၊ အိမ်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အောင်ချမ်းသာ အပိုင်း(၂) အဆင့်မြင့်အိမ်ရာစီမံကိန်း သန်လျင်စီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ပြည်သူများ နေထိုင်နိုင်ရန် အိမ်ခန်းများ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် မိမိယခု လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ပါကြောင်း၊ လိုအပ်သည့်အခက်အခဲများရှိပါက ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များဘက်မှ သတ်မှတ်အချိန်မီ လုပ်ငန်းများ ပြီးစီးရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနအိမ်ရာအပိုင်း(၁)၊ (၂)နှင့် အပိုင်း(၃)တို့ တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ကနောင်အိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယခုတည်ဆောက်ပြီးစီးသည့် ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁)တွင် ခြောက်ခန်းတွဲ လေးထပ်၊ တိုက် ၁၂ လုံး၊ အခန်း ၂၈၈ ခန်း၊ ရှစ်ခန်းတွဲလေးထပ်၊ တိုက် ၁၈ လုံး၊ အခန်း ၅၇၆ ခန်း စုစုပေါင်း ၈၆၄ ခန်း ၊ အပိုင်း(၂)တွင် ခြောက်ခန်းတွဲလေးထပ်၊ တိုက် ၁၂ လုံး၊ အခန်း ၂၈၈ ခန်း ၊ ရှစ်ခန်းတွဲ လေးထပ်၊ တိုက် ၂၈ လုံး၊ အခန်း ၈၆၄ ခန်း စုစုပေါင်း ၁၁၅၂ ခန်း၊ အပိုင်း(၃)တွင် ရှစ်ခန်းတွဲ ငါးထပ်၊ တိုက်အလုံး ၄၀ ၊ အခန်းပေါင်း ၁၅၇၆ ခန်း တည်ဆောက်ပြီးစီးလျက်ရှိသည်။

နေ့လယ်ပိုင်းတွင် ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ စီမံကိန်းသို့ ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် လေးထောင့်ကန် အိမ်ရာစီမံကိန်း တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# နေရပ်ပြန်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများပေးအပ်

**လားရှိုး မေ ၂၉**

တရုတ်နိုင်ငံအကျဉ်းထောင်၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံ၍ လွတ်မြောက်လာသော မြန်မာနိုင်ငံသားများသည် မေ ၂၈ ရက် ည ၁၁ နာရီက လားရှိုးမြို့ မန်ဆူရှမ်းဘုန်းကြီးကျောင်းသို့ ရောက်ရှိလာကြောင်း သိရသည်။

နေရပ်ပြန်မြန်မာနိုင်ငံသား အမျိုးသား ၁၂၇ ဦး၊ အမျိုးသမီး ၆၁ ဦး စုစုပေါင်း ၁၈၈ ဦးတို့သည် ချင်းရွှေဟော်မြို့မှ လားရှိုးမြို့သို့ မော်တော်ယာဉ်သုံးစီးဖြင့် ရောက်ရှိလာခဲ့ကြပြီး နေရပ်ပြန်ပြည်သူ ၁၆၁ ဦးတို့အတွက် ဆန်ခုနစ်ရက်စာ တန်ဖိုးငွေကျပ် ၃၃၈၁၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးတို့အား မေ ၂၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ထောက်ပံ့ပေးအပ်ခဲ့ပြီး မန္တလေးမြို့သို့ ကားသုံးစီးဖြင့် ပြန်လည်ထွက်ခွာသွားနိုင်ရေးအတွက် လားရှိုးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့က စီစဉ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) ဟန်ဌေး(လားရှိုး)**



# မိုးသီးကြွေမှုကြောင့် ပျက်စီးသွားသောနေအိမ်များအား ထောက်ပံ့ပေးအပ်

**ကျိုင်းတုံ မေ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် မိုးသီးများ ပြင်းထန်စွာကြွေကျခဲ့မှုကြောင့် ပျက်စီးသွားသည့် ကတ်ဖကျေးရွာအုပ်စု ဝမ်ဆိုင်းလွယ်ကျေးရွာမှ အိမ်ခြေ ၂၀ နှင့် ဘုန်းကြီးကျောင်း တစ်ကျောင်းသို့ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သည့် ငွေကျပ် ၁၃ သိန်းစီနှင့် သွပ်အချပ်ရေ ၄၀၀ ကို ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်နှင့် ကျိုင်းတုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က နေအိမ်ပျက်စီးဆုံးရှုံးခဲ့ကြရသည့် အိမ်ထောင်စုများထံ မေ ၂၈ ရက် နံနက် ၁၁ နာရီက ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ပေးအပ်ခဲ့သည်။ အဆိုပါ မိုးသီးများကြွေကျမှုသည် မတ် ၂၇ ရက်က ကတ်ဖကျေးရွာအုပ်စု ဝမ်ဆိုင်းလွယ်ကျေးရွာတွင် အိမ်ခြေ ၂၀ နှင့် ဘုန်းကြီးကျောင်း တစ်ကျောင်းတို့ဖြစ်ပြီး နေအိမ် ၂၀ ပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဝန်ထမ်းများက သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေးအတွက် လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ ပန်ကြားချက် လက်ကမ်းစာစောင်များကို တက်ရောက်လာသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခိုင်ဇာ(ယောမြေ)**

# Osaka University of Tourism, Nay Pyi Taw ကို ဒေါ်လာသန်း ၂၀၀ အကုန်အကျခံ တည်ဆောက်ရန်လျာထား

**နေပြည်တော် မေ ၂၉**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဂျပန်နိုင်ငံရှိ Osaka University of Tourism မှ Vice President Ms. Mikiko OHASHI နှင့် Regional Vitalization Support Mechanism Co., Ltd မှ President ဖြစ်သူ Mr. Kiyoaki Kamiyama တို့ ဦးဆောင်သောအဖွဲ့နှင့် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ မေ ၂၈ ရက် နံနက်ပိုင်းတွင် တွေ့ဆုံ၍ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

Osaka University of Tourism မှ Vice President Ms. Mikiko OHASHI က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်အတွက် နေပြည်တော်တွင် Tourism University တစ်ခု တည်ဆောက်လိုပါကြောင်း၊ ယင်း University တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်လုံးပါ ပူးတွဲတည်ဆောက်မည်ဖြစ်၍ ပညာသင်ယူသော ကျောင်းသားကျောင်းသူများအတွက်ပါ internship ပြုလုပ်နိုင်မည်ဖြစ်ပြီး သင်တန်းသားများအတွက်လည်း ဟိုတယ်မှတစ်ဖက်တစ်လမ်းဝင်ငွေရရှိနိုင်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေသည်သာမက နေပြည်တော်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ အထောက်အကူပြုပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးသည်။

အဆိုပါ Osaka University of Tourism, Nay Pyi Taw ကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ အကုန်အကျခံ တည်ဆောက်ရန်လျာထားပြီး ၂၀၂၀ ပြည့်နှစ်တွင် Osaka University ၏ နှစ်၁၀၀ပြည့် နှင့်တိုက်ဆိုင်၍ ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဖရိကတိုက်အတွင်း ထေရဝါဒဗုဒ္ဓ သာသနာတော်ပြန့်ပွားရေး သီတဂူဆရာတော်ကြီးကြိုးပမ်း

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-အောင်သန်းဝင်း(သီတဂူ)**

**ရန်ကုန် ဧပြီ ၂၉**

အာဖရိကတိုက် ယူဂန္ဒာနိုင်ငံသို့ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၊ တိပိဋက ဆရာတော် အရှင်ဂန္ဓမာလာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ ကျောင်းအုပ်ဆရာတော်များ သွားရောက်ကာ ယူဂန္ဒာ ထေရဝါဒဗုဒ္ဓစင်တာရှိ သိမ်တော်အား သွားရောက်ဖွင့်လှစ်ပေးခဲ့ပြီး ယူဂန္ဒာနိုင်ငံ၌ ဘာသာရေးနှင့် လူမှုရေးအကျိုးပြုလုပ်ငန်းများကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။



**သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ ယူဂန္ဒာနိုင်ငံအတွင်းရှိ ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကြသူများနှင့် လေ့လာသူများအား တရားဟောကြားစဉ်**

အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော်ကြီးနှင့်တကွ သံဃာတော်များ၊ သီတဂူ သာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးကျော်မိုးနိုင်တို့ ပါဝင်သည့် ၁၃ ဦးအဖွဲ့သည် အာဖရိကတိုက် ယူဂန္ဒာနိုင်ငံသို့ ဧပြီ ၂၀ ရက်မှ ၂၆ ရက်အထိ သာသနာပြုခရီးစဉ်အဖြစ် သွားရောက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံတွင် နေထိုင်ခဲ့သည့် အာဖရိကနွယ်ဖွားအမျိုးသားတစ်ဦးသည် ၂၀၀၁ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ်ရှိ ထေရဝါဒဗုဒ္ဓစင်တာတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် ပြောင်းလဲလာခဲ့ပြီး မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ ပထမဆုံး ပါမောက္ခချုပ်ဆရာတော်ကြီးဖြစ်သည့် ဦးသီလာနန္ဒာဘိဝံသထံတွင် ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းတော်၏ ဘွဲ့အမည်မှာ အရှင်ဗုဒ္ဓရက္ခိတဖြစ်သည်။ ၎င်း၏မွေးရပ်ဇာတိ ယူဂန္ဒာနိုင်ငံတွင် ပထမဆုံးထေရဝါဒဗုဒ္ဓ စင်တာကို တည်ထောင်ခဲ့သူလည်း ဖြစ်သည်။

သိမ်ဖွင့်ပွဲတွင် သီတဂူဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်များ တက်ရောက်ချီးမြှင့်ခဲ့ရာ အဆိုပါဖွင့်ပွဲသို့ ယူဂန္ဒာနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီး ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ သီတဂူဆရာတော်က အီဂျစ်နိုင်ငံ သားတစ်ဦးနှင့် ယူဂန္ဒာနိုင်ငံသားတစ်ဦးတို့ကို ရဟန်းအဖြစ်သို့ ရောက်ရှိရန် ဥပဇ္ဈာယ်ပြုပေးခဲ့သည့်အပြင် ယူဂန္ဒာနိုင်ငံသားကလေးငယ်တစ်ဦးကိုလည်း ရှင်သာမဏေ ဝတ်ပေးခဲ့ကာ ယူဂန္ဒာနိုင်ငံ အတွင်းရှိ ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကြသူများနှင့် လေ့လာသူများအား တရားဟောကြားပေးခဲ့သည်။

ထို့နောက် ယူဂန္ဒာနိုင်ငံအတွင်း မြန်မာဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်ရှိလာခဲ့သည့် အရှင်ဗုဒ္ဓရက္ခိတအား ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများနှင့် လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သီတဂူဆရာတော်က အမေရိကန်ဒေါ်လာ သုံးသောင်းခန့်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဧပြီ ၂၅ရက်တွင် ယူဂန္ဒာနိုင်ငံ သမ္မတကြီး H.E.Mr. Yoweri Museveni Kaguta ၏ ဖိတ်ကြားချက်ကို အစိုးရအဖွဲ့မှ ဝန်ကြီးကိုယ်တိုင် လျှောက်ထားချက်အရ သီတဂူဆရာတော်ကြီးနှင့် သံဃာတော်များသည် ယူဂန္ဒာနိုင်ငံ မြို့တော်ကန်ပါလာရှိ လွှတ်တော်အဆောက်အအုံတွင် ဒုတိယသမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

"ယူဂန္ဒာရဲ့ ဒုတိယသမ္မတကြီးက သီတဂူဆရာတော်ကြီးရဲ့ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် အပြည်ပြည်ဆိုင်ရာ သာသနာရေးလုပ်ငန်းများနဲ့ လူမှုကူညီရေးလုပ်ငန်းများဖြစ်တဲ့ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်တွေ တည်ထောင်ဖွင့်လှစ်မှုတွေ၊ ဝိပဿနာအကယ်ဒမီ ဖွင့်လှစ်နိုင်မှုတွေ၊ ဆေးရုံပေါင်း ၃၂ ရုံ ဖွင့်လှစ်ထားနိုင်တာ၊ ဆေးအလှူတွေ၊ စစ်ကိုင်းတောင်ရိုးတစ်လျှောက် ရေပေးလှူနေမှုတွေ၊ စာသင်ကျောင်းဆောက်လုပ် လှူဒါန်းမှုတွေ၊ သဘာဝဘေးအန္တရာယ်များအတွက် ကူညီကယ်ဆယ်နေမှုတွေ စတဲ့ ဆရာတော်ကြီးရဲ့ မြန်မာနိုင်ငံအတွင်းမှာ လုပ်ဆောင်ချက်တွေကို သိရှိရပြီး ဂုဏ်ယူလေးစားတဲ့အကြောင်း၊ ယူဂန္ဒာနိုင်ငံဟာလည်း ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တာကြောင့် ဆရာတော်ရဲ့ မေတ္တာကို ခံယူလိုပါကြောင်း လျှောက်ထား တင်ပြခဲ့ပါတယ်။ ဒါ့အပြင် ယူဂန္ဒာနိုင်ငံမှာ စာသင်ကျောင်းတွေနဲ့ ဆေးရုံတွေ ဆောက်လုပ်လှူဒါန်းပေးဖို့လည်း တောင်းဆိုခဲ့ပါတယ်။ သီတဂူဆရာတော်ကလည်း ဒုတိယသမ္မတကြီးကို အဲဒီလို လူမှုရေး အကျိုးပြုလုပ်ငန်းတွေ မဆောင်ရွက်ခင် ပထမဆုံးအနေနဲ့ ဥပမာပြောရရင် ရုပ်ခန္ဓာပိုင်းဆိုင်ရာ ကုစားမှုမပြုခင် စိတ်ဓာတ်ခွန်အားပိုင်းဆိုင်ရာ ပြည်သူတွေအားလုံး စိတ်နှလုံးအေးချမ်းစေဖို့အတွက် ရည်ရွယ်ပြီး ဗုဒ္ဓစင်တာတစ်ခုကို တည်ဆောက်ဖို့ လိုအပ်တယ်လို့ ပြန်လည်မိန့်ကြားပါတယ်။ ဒါ့အပြင် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့တွေကနေ မျက်စိအထူးကုဆရာဝန်ကြီးတွေကို ယူဂန္ဒာနိုင်ငံကို ပို့လွှတ်ပြီး ပထမဆုံးအကြိမ်အဖြစ် မျက်စိကုသမှုတွေ စတင်ပေးမယ်လို့ သီတဂူဆရာတော်က မိန့်ကြားပါတယ်။ ယူဂန္ဒာနိုင်ငံရဲ့ ဒုတိယသမ္မတကြီးကလည်း ဆရာတော်ကြီးရဲ့ ဗုဒ္ဓဘာသာပြန့်ပွားရေးနဲ့ လူမှုကူညီစောင့်ရှောက်ရေးလုပ်ဆောင်ချက်များကို အကောင်းဆုံးကူညီပေးသွားမယ်လို့ လျှောက်ထားခဲ့ပါတယ်"ဟု ယူဂန္ဒာနိုင်ငံသို့ သာသနာပြုခရီးလိုက်ပါ သွားခဲ့သူ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့မှ အတွင်းရေးမှူး ဦးကျော်မိုးနိုင်က ပြန်လည်ပြောပြသည်။

ထို့နောက် သီတဂူဆရာတော်နှင့်အဖွဲ့သည် ယူဂန္ဒာ သမ္မတကြီးနှင့် တွေ့ဆုံခဲ့ပြီး သမ္မတကြီးကလည်း ယူဂန္ဒာနိုင်ငံအတွင်း သာသနာပြုလုပ်ငန်းများနှင့် လူမှုအကျိုးပြုလုပ်ငန်းများ ကူညီလုပ်ဆောင်ပေးနိုင်ပါရန် တောင်းဆိုလျှောက်ထားခြင်းကို လက်ခံတော်မူခဲ့သည်။

ယူဂန္ဒာနိုင်ငံသည် အာဖရိကတိုက်ရှိ နိုင်ငံတစ်ခုဖြစ်ပြီး ဗြိတိသျှကိုလိုနီလက်အောက်တွင် နှစ်ပေါင်း ၆၀ ကျော် နေထိုင်ခဲ့ရသဖြင့် အင်္ဂလိပ်ဘာသာစကားကို အဓိကသုံးစွဲသည့် နိုင်ငံတစ်ခုဖြစ်ခဲ့သည်။ ကိုးကွယ်ယုံကြည်မှုတွင် ခရစ်ယာန်ဘာသာ ကိုးကွယ်မှုများပြားပြီး ဟိန္ဒူနှင့် အစ္စလာမ်ဘာသာကိုးကွယ်မှုများလည်း ရှိသည်။ ထေရဝါဒဗုဒ္ဓဘာသာအတွက် အရှင်ဗုဒ္ဓရက္ခိတ တည်ထောင်တော်မူသည့် ယူဂန္ဒာထေရဝါဒ ဗုဒ္ဓစင်တာတစ်ခုသာရှိသေးသည့်အတွက် သီတဂူဆရာတော်က ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကူညီထောက်ပံ့မှု ပြုပေးခဲ့ခြင်းဖြစ်သည်။

"ဆရာတော်ကြီးကိုယ်တိုင်ကြွချီပြီး တရားဓမ္မတွေ ဟောကြားပေးခဲ့တာ၊ သမ္မတကြီးနဲ့ ဒုတိယသမ္မတကြီးတို့နဲ့ တွေ့ဆုံခွင့်ရတာတွေကြောင့် အရှင်ဗုဒ္ဓရက္ခိတရဲ့ ထေရဝါဒဗုဒ္ဓစင်တာကို ယူဂန္ဒာနိုင်ငံမှာ ပိုပြီးလူသိများလာခဲ့ပါပြီ။ ဒါက ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် အများကြီး အထောက်အကူဖြစ်မယ်လို့ သီတဂူဆရာတော်ကြီးက မိန့်ပါတယ်။ သဲကန္တာရအတွင်းက အိုအေစစ်လေးတစ်ခု တည်ဆောက်နိုင်ခဲ့ပြီ။ သဲကန္တာရအတွင်းမှာ ပဒုမ္မာကြာ ပွင့်ခဲ့ပြီလို့ ဆရာတော်ကြီးက ဝမ်းသာအားရ မိန့်ကြားပါတယ်"ဟု အဆိုပါခရီးစဉ်တွင် လိုက်ပါသွားခဲ့သူ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့၏ အတွင်းရေးမှူး ဦးကျော်မိုးနိုင်က ပြောသည်။

ယူဂန္ဒာနိုင်ငံသည် ၁၉၇၀ ခုနှစ် ဝန်းကျင်တွင် အေအိုင်ဒီအက်စ်ရောဂါပိုး ဖြစ်သည့် HIV ပိုး စတင်တွေ့ရှိရာ နိုင်ငံဟူ၍ အမည်ထွက်ခဲ့ဖူးပြီး ကလေးငယ်အများစုသည်လည်း ပိုလီယိုရောဂါဆိုးကြီးကို ကြုံတွေ့ခဲ့ကြရသည်။ ယခုထက်တိုင် ယူဂန္ဒာရှိ လူကြီးများနှင့် ကလေးငယ်များထံတွင် ရောဂါဆိုးတို့၏ အရိပ်မည်းများ ရှိနေဆဲပင် ဖြစ်သည်။ ထိုသို့ ပြန်လည်ထူထောင်ရန် ကြိုးပမ်းနေသည့် အာဖရိကတိုက်၏ နိုင်ငံတစ်ခုတွင် ပြည်သူများအား စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေး၊ မြတ်ဗုဒ္ဓ၏ ငြိမ်းချမ်းစွာ နေထိုင်ခြင်း နည်းလမ်းများဖြင့် ကုစားတည်ဆောက်ရေးနှင့် ထေရဝါဒဗုဒ္ဓ သာသနာတော် ပြန့်ပွားရေး၊ ကလေးသူငယ်များအတွက် ပညာရေးဖြည့်ဆည်းမှုများစသည်တို့အတွက် ဆောင်ရွက်စရာများစွာ ကျန်ရှိနေသေးကြောင်း သီတဂူဆရာတော်က မိန့်ကြားခဲ့သည်။

ဧပြီ ၂၆ရက်တွင် သီတဂူဆရာတော်နှင့် သာသနာပြုအဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။



**ယူဂန္ဒာနိုင်ငံအတွင်းရှိ ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကြသူများနှင့် လေ့လာသူများအား သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ တရားဟောကြားရာ တက်ရောက်နာကြားသူများအား တွေ့ရစဉ်**

# ဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူများ ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းသို့ ရောက်ရှိ

**ငွေဆောင် ဧပြီ ၂၉**

ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း (ငွေဆောင်)သို့ သွားရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘက်စုံပညာထူးချွန်လူငယ်များသည် အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့်အတူ ယနေ့နံနက် ၆ နာရီတွင် စုရပ်ဖြစ်သော ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ အထက(၁) လမ်းမတော်မှ ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ခရီးဆက်လက် ထွက်ခွာရာ မွန်းတည့် ၁၂ နာရီတွင် ပုသိမ်မြို့သို့ ရောက်ရှိပြီး ပုသိမ်ဟိုတယ်၌ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အခမ်းအနားဖြင့် ကြိုဆိုကြသည်။

အခမ်းအနားတွင် ထူးချွန်လူငယ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံပြီး ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွှန့်စိုးက ဘက်စုံပညာထူးချွန် အပန်းဖြေစခန်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကာ ဘက်စုံပညာထူးချွန် လူငယ်များက အုပ်စုလိုက် မိတ်ဆက်ကြသည်။

ထို့နောက် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့်အတူ ဘက်စုံပညာထူးချွန်လူငယ်များသည် ခရီးဆက်လက်ထွက်ခွာရာ ညနေ ၃ နာရီခန့်တွင် ငွေဆောင်အပန်းဖြေစခန်းသို့ ရောက်ရှိကြရာ ဒေသခံ ကျောင်းသား ကျောင်းသူလေးများက ဒေသထွက် ခရုလည်ဆွဲများဖြင့် ကြိုဆိုကြသည်။ **(အောက်ပုံ)**

ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ ဖွင့်လှစ်မည့် ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း (ငွေဆောင်)တွင် ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများအား ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ်နှင့် ယုဇနဟိုတယ်တို့၌ တည်းခိုနေထိုင်ရန် စီစဉ်ပေးထားပြီး ဘက်စုံပညာ ထူးချွန်ကျောင်းသား ကျောင်းသူများအား အပန်းဖြေနေထိုင်စဉ်အတွင်း လေ့လာရေးခရီးစဉ်နှင့် ဟောပြောပွဲများလည်း စီစဉ်ထားကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ -နေလင်း**





**၂၀၁၇ ခုနှစ် အဋ္ဌမတန်းဘက်စုံပညာ ထူးချွန်ကျောင်းသားကျောင်းသူများ လေ့လာရေးအဖွဲ့သည် ပုဂံညောင်ဦးဒေသသို့ လေ့လာရေးခရီးစဉ်အဖြစ် ထွက်ခွာလာရာ ညောင်ဦးမြို့ ကျောက်ကူးမြစ်ရေတင်အနီး ဧရာဝတီမြစ်ကမ်းနံဘေးတွင် ဖွင့်လှစ်ထားသည့် ဘက်စုံပညာ ထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ)သို့ ဧပြီ ၂၉ရက် ညနေပိုင်းကရောက်ရှိခဲ့ရာ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူရည်ချွန်ဟောင်းကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကင်းထောက်လူငယ်မောင်မယ်များက လှိုက်လှဲစွာကြိုဆိုကြစဉ်** (အဆိုပါအဖွဲ့သည် အပန်းဖြေစခန်း(ပုဂံ)တွင် ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ တည်းခိုနေထိုင်မည်ဖြစ်ပြီး ပုဂံဒေသရှိ တန်ခိုးကြီးဘုရားများ၊ ပြတိုက်၊ ယွန်းကောလိပ်တို့အပြင် ပုပ္ပားဒေသရှိ ပုပ္ပားတောင်ကလပ်၊ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှု၊ ပုပ္ပားပြတိုက်ပရဆေးစိုက်ခင်း၊ Popa Mountain Resort၊ စလေမြို့ရှိ စလေရုပ်စုံကျောင်းနှင့် ပခုက္ကူမြို့ရှိ ပခန်းကြီးစည်သူရှင်၊ ပခန်းကြီးရှေးဟောင်းကျောင်း၊ သီဟိုဠ်ရှင်ဘုရားတို့ကိုလည်း လေ့လာရေးသွားရောက်မည်ဖြစ်သည်။) **ရဲသူရအောင် (ညောင်ဦး)**

# ကမ္ဘာ့ဖိအားကိုအန်တုကာ မြောက်ကိုရီးယားဒုံးကျည်တစ်စင်း ထပ်မံပစ်လွှတ်စမ်းသပ်

**ဆိုးလ် မေ ၂၁**

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များသည် ကောင်းကျိုးထက် ဆိုးကျိုးများဖြစ်စေနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်က သတိပေးပြောကြားပြီးနောက် မြောက်ကိုရီးယားနိုင်ငံသည် မေ ၂၁ ရက်က တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း ထပ်မံပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနတွင် ဖော်ပြခဲ့သည်။

သို့သော်လည်း အဆိုပါဒုံးကျည်သည် မြေပြင်မှ ပျံတက်ပြီး မကြာမီ ပေါက်ကွဲသွားခဲ့ကြောင်းနှင့် စမ်းသပ်မှုမအောင်မြင်ကြောင်း အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံ အာဏာပိုင်များက ပြောခဲ့သည်။ မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုသည် ယခုအကြိမ်နှင့်ဆိုလျှင် လေးကြိမ်မြောက်စမ်းသပ်မှု မအောင်မြင်ခြင်းဖြစ်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ယင်းဒုံးကျည်စမ်းသပ်ပစ်လွှတ်ခြင်းကို နိုင်ငံ၏ အရှေ့မြောက်ဘက် တောင်ပြည်နွှန်ဂန် ပြည်နယ် ဘွတ်ခ်ချန်ဒေသအနီးတွင် ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုမှာ အောင်မြင်ခြင်းမရှိဟု ခန့်မှန်းရကြောင်း ပူးတွဲစစ်ဦးစီးချုပ်၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြခဲ့ခြင်းသည်။

ယူအက်စ်အက်စ် ကားလ်ဗင်ဆင်လေယာဉ်တင်ရေယာဉ်အုပ်စုသည် ကိုရီးယားကျွန်းဆွယ်အနီး ရေပိုင်နက်သို့ရောက်ရှိခဲ့ကာ တောင်ကိုရီးယားတပ်မတော်နှင့် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး မကြာမီ ထိုသို့ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နောက်ထပ် ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားရေတပ်အရာရှိတစ်ဦးက ပြောခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့် ဒုံးကျည်ပစ်လွှတ်သည့်အချိန်တွင် တရုတ်၏ ဆန္ဒကို အလေးမထားရာရောက်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တွစ်တာ စာမျက်နှာတွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ကုလသမဂ္ဂအစည်းအဝေးတွင် မြောက်ကိုရီးယားအရေးဖြေရှင်းရန်မှာ တရုတ်တစ်နိုင်ငံတည်း၏ အရေးမဟုတ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရိုက်တာနှင့် အင်တာဗျူးတစ်ခုတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်အနေဖြင့် မြောက်ကိုရီးယားအရေး အင်တိုက်အားတိုက်ဆောင်ရွက်နေသည်ကို ချီးကျူးပါကြောင်း သို့သော်လည်း မြောက်ကိုရီးယားအရေးမှာ ကောင်းကျိုးထက်ဆိုးကျိုးသာပိုများကြောင်း ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်အမျိုးအစားနှင့် အကွာအဝေးအပါအဝင် အခြားသတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံသိရှိရန် တောင်ကိုရီးယားစစ်ဘက်ကလည်း စုံစမ်းလေ့လာနေဆဲဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ၊ ဆင်ဟွာ)**



# တရုတ်ပထမဆုံး ကုန်ရထား ကီလိုမီတာ ၁၂၀၀၀ကျော် ဖြတ်ကျော်ခုတ်မောင်းပြီးနောက် ဗြိတိန်မှ ပြန်လည်ရောက်ရှိ

**ပေကျင်း မေ ၂၁**

ဗြိတိန်မှ ထွက်ခွာလာသည့် ပထမဆုံး တရုတ်ကုန်ရထားသည် တရုတ်နိုင်ငံ အရှေ့ပိုင်း ရီဟွာမြို့သို့ မေ ၂၁ ရက်က ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဗြိတိန်မှ တရုတ်သို့ ခုတ်မောင်းလာရာ စုစုပေါင်း ၁၉ ရက် ကြာမြင့်ကြောင်း တရုတ်မီးရထားကော်ပိုရေးရှင်းက ပြောကြားခဲ့သည်။

ကမ္ဘာ့တိုက်များကို ဖြတ်ကျော်ခုတ်မောင်းလာသည့် ကုန်ရထားသည် လူအသုံးအဆောင်များ၊ ဖျော်ရည်များနှင့် အအေးများ တင်ဆောင်လာပြီး လန်ဒန်မှ ဧပြီ ၁၀ ရက်နေ့တွင် စတင်ထွက်ခွာလာကြောင်း သိရသည်။

ကီလိုမီတာ ၁၂၀၀၀ ကျော် ဖြတ်ကျော်ခုတ်မောင်းခဲ့ပြီး တရုတ်နိုင်ငံသို့ မရောက်ခင် နိုင်ငံပေါင်း ခုနစ်နိုင်ငံ ဖြတ်ကျော်ခုတ်မောင်းခဲ့ကြောင်း သိရသည်။

တရုတ်-ဥရောပမီးရထား ဝန်ဆောင်မှုတွင် လန်ဒန်သည် ၁၅ ခုမြောက်မြို့ဖြစ်ကြောင်း သိရသည်။

ပထမဆုံး တရုတ်ကုန်တင်ရထားသည် လန်ဒန်သို့ ဇန်နဝါရီလကတည်းက ရောက်ရှိနေခဲ့ကြောင်း သိရသည်။

တရုတ်-ဗြိတိန် ကုန်တင်ရထား ဝန်ဆောင်မှုများသည် ကုန်းလမ်းပိုင်းတွင် ဘေးကင်းလုံခြုံစိတ်ချရပြီး နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်စေကာ တရုတ်ဘက်က အဆိုပြုထားသည့် မီးရထားလမ်းဝန်ဆောင်မှုများကို ဖြည့်ဆည်းရာရောက်ကြောင်း တရုတ်မီးရထား ကော်ပိုရေးရှင်းက ပြောခဲ့သည်။ တရုတ်သည် ဥရောပ ၂၈ နိုင်ငံသို့ မီးရထားဝန်ဆောင်မှုများပေးရန် ဖော်ပြထားပြီး ၂၀၁၁ခုနှစ်မတ်လမှစတင်ကာ ယခုချိန်ထိ ခရီးစဉ်ပေါင်း ၃၅၀၀ ကျော် ခုတ်မောင်းခဲ့ပြီဖြစ်ကြောင်း၊ လာမည့် ၂၀၂၀တွင် ခရီးစဉ်ပေါင်း ၅၀၀၀ အထိ တိုးတက်ခုတ်မောင်းနိုင်မည်ဟု ခန့်မှန်းကြောင်း တရုတ်မီးရထားကော်ပိုရေးရှင်းက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**




# သမ္မတလောင်းလီပန်က ဒူပွန့်အိုင်ဂျန်ကို ၎င်း၏ဝန်ကြီးချုပ်အဖြစ် ရွေးချယ်

**ပါရီ မေ ၂၀**

သမ္မတလောင်း ပြင်သစ်လက်ယာယိမ်းဝါဒီ မာရင်းလီပန်သည် ပထမအကျော့တွင် ရှုံးနိမ့်သွားသူ နီကိုလက်စ် ဒူပွန့်အိုင်ဂျန်ကို သူမ၏ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးအမြင်မျှတသူ ဗဟိုဝါဒီသမား အီမြူရယ် မက်ခရွန်ကို အနိုင်ရရှိအောင် ကူညီခဲ့သူဖြစ်ခြင်းကြောင့်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နီကိုလက်စ် ဒူပွန့်အိုင်ဂျန်သည် လက်ရှိစီးပွားရေးမူဝါဒကို ဆန့်ကျင်သည့် အမျိုးသားစိတ်ဓာတ်ရှိသူ တစ်ဦးဖြစ်ပြီး နေရှင်နယ် ဖရန့်စ်ပါတီမှ လီပန်နှင့် သူ့ကိုသဘောကျသည့်သူများနှင့် အမြင်ချင်းတူသူ တစ်ဦးဖြစ်သည်။ ထို့ပြင် နီကိုလက်စ် ဒူပွန့်အိုင်ဂျန်သည် ဥရောပသမဂ္ဂအဖွဲ့အစည်းများ၏ ဩဇာလွှမ်းမိုးမှုကို လျှော့နည်းစေချင်သူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

နီကိုလက်စ် ဒူပွန့်အိုင်ဂျန်သည် ဧပြီ ၂၃ ရက် ပထမအကျော့မဲပေးမှုတွင် ၄ ဒသမ ၇ ရာခိုင်နှုန်းသောမဲအရေအတွက်ရရှိခဲ့သည်။

၎င်းသည် လာမည့် မေ ၇ ရက်ဒုတိယအကျော့ မဲပေးမှုတွင် လီပန်ကို ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်ကို ချစ်သည့် ပြည်သူများရွေးချယ်ခဲ့သည့် စည်းလုံးညီညွတ်သည့် အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လီပန်က ပါရီ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

လီပန်အနေဖြင့် နောက်ထပ်ယှဉ်ပြိုင်မှုများတွင် ဆက်လက်ကြိုးစားရဦးမည်ဖြစ်သည်။

**(ရိုက်တာ)**

# တူရကီတွင် ဆောက်လုပ်စအဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်၊ လူသုံးဦးသေဆုံး

**အန်ကာရာ မေ ၂၀**

တူရကီမြောက်ပိုင်း ဆမ်ဆန်ပြည်နယ်တွင် မေ ၂၀ ရက်က ဘာသာရေးအဆောက်အအုံတစ်လုံး တည်ဆောက်နေစဉ် ပြိုကျမှုဖြစ်ပွားခဲ့ရာ ဆောက်လုပ်ရေးအလုပ်သမား သုံးဦး သေဆုံးခဲ့ပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းရုပ်သံလိုင်းတစ်ခုဖြစ်သော စီအင်န်အင်န်တူရကီ သတင်းတွင် ဖော်ပြခဲ့သည်။

အဆိုပါ အဆောက်အအုံပြိုကျမှုသည် ကွန်ကရစ်လောင်းနေစဉ် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘေးဒုက္ခနှင့် အရေးပေါ်စီမံခန့်ခွဲမှု ဝန်ကြီးဌာနမှ လူနာတင်ယာဉ်များ၊ မီးသတ်သမားများနှင့် ကယ်ဆယ်ရေးသမားများ သည် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

လိပ်ခုံးပုံအမိုးကို ကွန်ကရစ်လောင်းနေစဉ် အဆောက်အအုံပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြို့တော်ဝန် ဆမ်ဆန်အီဘရာဟင်ဆာဟင်က ပြောသည်။ ဒဏ်ရာရရှိသည့် အလုပ်သမားသုံးဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းနှင့် သေဆုံးသူများ၏ ရုပ်အလောင်းများကိုလည်း ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တူရကီနိုင်ငံတွင် ဝီကီပီးဒီးယား ဝက်ဘ်ဆိုက်အသုံးပြုခွင့် ပိတ်ပင်

**အန်ကာရာ မေ ၂၀**

တူရကီနိုင်ငံတွင် မေ ၂၀ ရက်က စွယ်စုံသုံးဝီကီပီးဒီးယား အသုံးပြုခွင့်ပိတ်ပင်ခဲ့ကြောင်း တူရကီအင်တာနက်စောင့်ကြည့်သူများက ပြောခဲ့သည်။

မေ ၂၀ ရက် နံနက်ပိုင်းကတည်းက တူရကီနိုင်ငံရှိအင်တာနက်သုံးစွဲသူများသည် ဗွီပီအင်န် (Virtual Private Network) အသုံးမပြုဘဲ ဝီကီပီးဒီးယားနှင့် သက်ဆိုင် သည့် မည်သည့် ဝက်ဘ်ဆိုက်စာမျက်နှာမှ အသုံးပြု၍မရကြောင်း သိရသည်။

ဝီကီပီးဒီးယားဝက်ဘ်ဆိုက်စာမျက်နှာအား အသုံးပြုခွင့်ပိတ်ပင်ထားကြောင်းနှင့် သို့သော်လည်း မည်သည့်အတွက်ကြောင့် ပိတ်ပင်ထားသလဲဆိုသည့် အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်းမရှိကြောင်း တူရကီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအာဏာပိုင်အဖွဲ့ (ဘီတီကေ)က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

တူရကီအနေဖြင့် အကြမ်းဖက်အဖွဲ့နှင့်ဆက်သွယ်မှုပြသည့် အချက်အလက်များကို ပြင်ဆင်ရန် ကြိုးစားမှုကို ဝီကီပီးဒီးယားက ငြင်းပယ်ခဲ့ပြီးနောက် ယင်းဝက်ဘ်ဆိုက် စာမျက်နှာသို့ ဝင်ရောက်ခွင့်မရတော့ခြင်းဖြစ်ကြောင်း ပုဂ္ဂလိကရုပ်သံထုတ်လွှင့်သည့်ဌာနတစ်ခုက ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# ချင်း-စစ်ကိုင်း နယ်နိမိတ်သတ်မှတ်ချက် တိကျရှင်းလင်းမှုမရှိသောကြောင့် ဒေသခံပြည်သူများအကြား မြေပိုင်ဆိုင်မှုအငြင်းပွားခြင်းများကြုံနေရ

ဟားခါး ဧပြီ ၂၉

**ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်နိမိတ်အား ယခင်အစိုးရအနေဖြင့် တိုင်းတာသတ်မှတ်ထားခဲ့သည်ဟု ဆိုသော်လည်း တိတိကျကျသတ်မှတ်ထားမှုမရှိခြင်းနှင့် စိုက်ထူခဲ့သော နယ်နိမိတ်မှတ်တိုင်များကို ထိန်းသိမ်းခြင်းမရှိခဲ့သောကြောင့် ဒေသခံပြည်သူများအကြား မြေယာအငြင်းပွားမှုပြဿနာများ ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း သိရသည်။**

ယခုအခါ နှစ်ဖက်နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် ယခင်ကတည်းက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်သော ဘိုးဘွားပိုင် လယ်ယာမြေ၊ ရွာမြေတို့အား နှစ်နာဆုံးရှုံးလျက်ရှိသည့်အပြင် လယ်ယာလုပ်ကိုင်ရန်စိုးရိမ်မှုများစွာနှင့် ရင်ဆိုင်နေကြရသည်ဟု ချင်းတောင်ဒေသ သဘာဝသယံဇာတစောင့်ကြည့်ရေးအဖွဲ့၏ လေ့လာမှုစစ်တမ်းအရ သိရသည်။

နယ်နိမိတ်မျဉ်းနှင့်စပ်လျဉ်း၍ ယခင်က ရှင်းရှင်းလင်းလင်းရှိခဲ့ဖူးသော်လည်း ယခုကဲ့သို့ ပျက်စီးခဲ့ရခြင်းသည် တောရိုင်း၊ လယ်ရိုင်းများကို လယ်မြေအဖြစ် ဖော်ထုတ်ရင်း ရွှေ့ပြောင်း၊ ဖျက်ဆီးခဲ့ကြခြင်းဖြစ်သည်ဟု အဆိုပါစစ်တမ်းတွင် ဖော်ပြသည်။

ချင်းပြည်နယ်အနေဖြင့် နယ်စပ်ဒေသရှိ ကျေးရွာပိုင်နက်အတွင်းရှိ လယ်ယာမြေများသည် ကလေးမြို့နယ်တွင် မှတ်ပုံတင်ထားသော မြေယာများနှင့် ချင်းပြည်နယ်ဘက်တွင် မှတ်ပုံတင်ထားသော မြေယာများ ရောနှောနေသည်ကို ကြုံတွေ့ရပြီး ယင်းကဲ့သို့ ဖြစ်ပျက်ခြင်းတိုင်းတွင် ကျေးရွာများအနေဖြင့် နယ်မြေဆုံးရှုံးခြင်းကို ကြုံတွေ့ရသည်ဟု ဒေသခံပြည်သူများက ပြောဆိုနေကြသည်။

ယခုကဲ့သို့ မြေအငြင်းပွားမှုနှင့် ပတ်သက်၍ ချင်းတောင်ဒေသ သဘာဝသယံဇာတ စောင့်ကြည့်ရေးအဖွဲ့မှ ဦးဆောင်အဖွဲ့ဝင် ဦးလျန်တွမ်က "ဥပမာ မြေစာရင်းက သူ့ရဲ့လုပ်ပိုင်ခွင့် ဧရိယာထဲမှာပါတယ်ဆိုပြီးတော့ လုပ်ပိုင်ခွင့်ပုံစံတွေကို ပေးထားတယ်။ တစ်ဖက်မှာ အစကတည်းက နေတဲ့လူတွေကလည်း ဟိုတုန်းကတည်းက ငါတို့နေရာ၊ ငါတို့ဟာဆိုပြီး သူတို့မှတ်ထားတယ်။ နောက်ပိုင်းကျတော့ ပိုင်ရှင်တွေပေါ်လာပြီး ပိုင်ရှင်နှစ်ဦးဖြစ်သွားတော့ အငြင်းပွားမှုတွေကတော့ ပေါ်လာမှာပဲ"ဟု ပြောသည်။

ယခုကဲ့သို့ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်ပြီး နှစ်ဖက်ကျေးရွာသားတို့အကြား ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည်မှာ နှစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

"ချင်းပြည်နယ်အစိုးရက နယ်နိမိတ်သတ်မှတ်လို့ မရသေးတဲ့နေရာတွေက မြေပိုင်ရှင်တွေနဲ့ လယ်သမားတွေကို စာတွေနဲ့ဆင့်ခေါ်တာတွေလုပ်ပြီးမှ အရေးယူဖို့ ကြိုးစားလာတယ်ဆိုတာလည်း သိရပါတယ်။ ပြီးခဲ့တဲ့ အစိုးရလက်ထက်ကတည်းက ဘယ်နေရာက ချင်းပြည်နယ်က ပိုင်တယ်၊ ဘယ်နေရာက စစ်ကိုင်းတိုင်းက ပိုင်တယ်၊ ဆုံးဖြတ်ချက်မချရသေးတဲ့ နယ်မြေက လယ်သမားတွေကို ပြည်နယ်အစိုးရအနေနဲ့ ထောင်ချခဲ့တာတွေရှိတယ်"ဟု အထက်ချင်းတွင်းဒေသ လူငယ်များကွန်ရက်၏ ဒါရိုက်တာ ဦးကျော်သက်ဝင်းက ဆက်လက်ပြောကြားသည်။

ထိုကဲ့သို့သော မြေယာပြဿနာများကြောင့် ဒေသခံတောင်သူအချို့ တရားစွဲဆိုခံရပြီး ထောင်ချခံရခြင်းများ၊ ခါးမဦးချလုပ်ကိုင်ခဲ့သည့် မြေယာများဆုံးရှုံးခဲ့ရခြင်းများရှိနေကြောင်းလည်း သိရသည်။

၁၉၃၃ခုနှစ် အောက်တိုဘာ ၁၉ ရက် နေ့စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်နယ်၊ တိုင်းဒေသကြီးနယ်နိမိတ်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ယင်းနယ်နိမိတ်သတ်မှတ်ချက်ကို ဥပဒေကျွာပြုပြီး သစ်တောကြိုးဝိုင်းအမှတ်အသားကိုသာ မှတ်ယူကျင့်သုံးခဲ့ခြင်းကြောင့် ယခုကဲ့သို့ပြဿနာများ ပေါ်ပေါက်နေရခြင်းဖြစ်သည်ဟု အထက်ချင်းတွင်းဒေသ လူငယ်များကွန်ရက်အဖွဲ့က သုံးသပ်ထားသည်။

ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်နိမိတ်နှင့် ပတ်သက်၍ ၁၉၃၈ ခုနှစ်၊ ၁၉၇၆ ခုနှစ်နှင့် ၁၉၈၄ ခုနှစ်တို့တွင် တိုင်းတာသတ်မှတ် ပြုလုပ်ခဲ့သော်လည်း ယခုအခါတွင် နယ်နိမိတ်မှတ်တိုင်များ မရှိတော့သည့်အတွက် နယ်နိမိတ်အငြင်းပွားရသည့်ကိစ္စရပ်များ ဖြစ်ပေါ်လာကြောင်း ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၏ပြောပြချက်အရ သိရသည်။

ချင်းဝိသေသတိုင်း အက်ဥပဒေအရ ချင်းပြည်နယ်သည် တောင်နှင့်မြောက် မိုင် ၃၀၀ ကျော်၊ အရှေ့နှင့် အနောက် အကျယ်ဆုံးနေရာတွင် မိုင် ၁၀၀ နှင့် အကျဉ်းဆုံးနေရာတွင် မိုင် ၃၀ ကျော်ရှိကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး မှတ်တမ်းများတွင် ဖော်ပြထားသော်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အစီရင်ခံစာ၏ ဖော်ပြချက်တွင်မူ ချင်းပြည်နယ်၏ ဧရိယာ အကျယ်အဝန်းသည် စတုရန်းကီလိုမီတာ ၃၆၀၁၈ ဒသမ ၉ (စတုရန်းမိုင် ၁၃၉၀၆ ဒသမ ၉) ရှိကြောင်း သိရသည်။

ယခုကဲ့သို့ နယ်နိမိတ်ကိစ္စကြောင့် ယာမြေ အငြင်းပွားလာခြင်းနှင့် ပတ်သက်၍ လက်ရှိတွင် နှစ်ဖက်ဒေသအကြား မြေပုံနှင့် မြေပြင်အခြေအနေမှာ ကွဲလွဲမှုများရှိနေသည်ကိုလည်း တွေ့ရသည်။

"မြေပုံက နှစ်မျိုးသုံးမျိုးရှိသလို နယ်နိမိတ်နေရာလည်း ဒေသခံတွေ သိထားတဲ့ နယ်နိမိတ်နဲ့ အစိုးရဘက်က သိထားတဲ့နယ်နိမိတ် မတူလို့ဖြစ်သွားတာပါ"ဟု ဦးလျန်တွမ်က ပြောသည်။

ယင်းကဲ့သို့ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်နိမိတ်သည် တိကျပြတ်သားရှင်းလင်းစွာမရှိသည့်အတွက် ဒေသခံ ပြည်သူတို့၏ ယာမြေနှင့် ရွာမြေပိုင်ဆိုင်ခြင်း အငြင်းပွားမှုပြဿနာများသည် ယခုအချိန်တွင် ကြီးမားစွာ မဖြစ်သေးသော်လည်း အချိန်မီမဖြေရှင်းပါက ပိုမိုဆိုးရွားလာစေနိုင်သည်။

"မကွေးတိုင်းဒေသကြီးနဲ့ ချင်းပြည်နယ်ကိစ္စမှာလည်း တော်တော်ပြဿနာဖြစ်နေတဲ့ဟာလည်းရှိတယ်။ ဒါပြီးရင် ချင်းနဲ့ စစ်ကိုင်းမှာဖြစ်နေတဲ့ဟာက တော်တော်လေး ကြီးထွားလာတဲ့အတွက်မို့လို့ အဓိကကတော့ တိုင်းရင်းသားအချင်းချင်းကြားထဲမှာ မလိုလားအပ်တဲ့ အငြင်းပွားမှုတွေကနေစပြီးမှ ဒေသတွင်းပြဿနာကြီးပွားလာနိုင်တဲ့အခြေအနေ ဖြစ်ပေါ်လာပြီဆိုတော့ ပြည်ထောင်စုအစိုးရကနေ အဓိကထားပြီးမှ တိုင်းထွာမှုကို လုပ်ရမယ်။ ဒါပြီးရင် နယ်နိမိတ်ကြားထဲမှာ ဖြစ်နေတဲ့ ရွာတွေနဲ့ တောင်သူတွေရဲ့ မြေပိုင်ဆိုင်မှုကို အဓိက ကျွန်တော်တို့ အသိအမှတ်ပြုဖို့ လိုနေပြီလို့မြင်တယ်" ဟု ဦးကျော်သက်ဝင်းက ပြောသည်။

ချင်း-စစ်ကိုင်း နယ်နိမိတ်ပြဿနာသည် ရာခိုင်နှုန်းအားဖြင့် ၃၅ ရာခိုင်နှုန်းခန့် ဖြေရှင်း၍မရသေးကြောင်း၊ ဒေသခံလယ်သမားများသည် နှစ်ပေါင်း ၇၀၊ ၈၀ ခန့်ကြာလာသည်အထိ ခါးမဦးချ လယ်လုပ်ခဲ့သော်လည်း ယခုအချိန်ထိ ပုံစံ(၇)မရသေးသည့် တောင်သူများရှိနေသည့်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ဖြေရှင်းပေးရန်လိုအပ်နေပြီဖြစ်ကြောင်းလည်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

နယ်နိမိတ် တိုင်းတာသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ချင်းပြည်နယ် တွန်းဇံမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထောင်ခေါမန်က ချင်းပြည်နယ်-စစ်ကိုင်းတိုင်း-မကွေးတိုင်းတို့၏ နယ်နိမိတ်မျဉ်းကြောင်းများကို တိုင်းတာရန် ကော်မရှင်အဖွဲ့တစ်ခု ဖွဲ့စည်းထားပြီဖြစ်ကြောင်း ပြောသည်။

"နယ်နိမိတ်မျဉ်းကိစ္စကို ချင်းပြည်နယ် လွှတ်တော်မှာလည်း ဆွေးနွေးခဲ့ပါပြီ။ ချင်းပြည်နယ်-မကွေး၊ ချင်းပြည်နယ်-စစ်ကိုင်းဆိုပြီး နှစ်မျိုးခွဲလိုက်တယ်။ သင်္ကြန်ပြီးရင် တိုင်းတာမှုစတင်ဖို့ စီစဉ်ထားပါတယ်"ဟု ဦးထောင်ခေါမန်က ပြောသည်။

နယ်နိမိတ်မတည်မငြိမ်မှုကြောင့် မြေအငြင်းပွားမှုသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့ ထိစပ်ရာဒေသရှိ ကျေးရွာများတွင် အများဆုံးဖြစ်ပွားနေသည်ကိုတွေ့ရသည်။

ယခုကဲ့သို့ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်နိမိတ်အား တိတိကျကျ ရှင်းရှင်းလင်းလင်း ပြန်လည်တိုင်းတာခြင်းမရှိပါက လက်ရှိ ရင်ဆိုင်ကြုံတွေ့နေသော မြေပိုင်ဆိုင်မှုပြဿနာများ ပိုမိုရှုပ်ထွေးနိုင်လာနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကိုလည်း အကောင်အထည်မဖော်နိုင်ဘဲဖြစ်နေမည်ကို နှစ်ဖက်ဒေသခံပြည်သူများ စိုးရိမ်နေကြကြောင်း သိရသည်။

CL **ထန်းငါ**

## အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)အဖွဲ့ ဘူးသီးတောင် အကျဉ်းထောင်သို့ တတိယအကြိမ် သွားရောက်လေ့လာ

**နေပြည်တော် ဧပြီ ၂၉**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)အဖွဲ့မှ Mr.Jacque Ducros De Lafarga De Romefort (Delegate in Charge ICRC Maung Daw)နှင့် အဖွဲ့ဝင် ၁၀ ဦးတို့သည် ဧပြီ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် အကျဉ်းဦးစီးဌာန ဘူးသီးတောင် အကျဉ်းထောင်သို့ တတိယအကြိမ် ထပ်မံရောက်ရှိကြသည်။

အဆိုပါအဖွဲ့သည် အကျဉ်းထောင် အတွင်းရှိ အကျဉ်းသား ၂၀၊ အကျဉ်းသူ ရှစ်ဦးနှင့် အချုပ်သား ၁၃ ဦးတို့အား ထပ်မံတွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် အဖွဲ့ခေါင်းဆောင် Mr.Jacque Ducros De Lafarga De Romefort (Delegate in Charge ICRC Maung Daw)ပါ ငါးဦးအဖွဲ့သည် အကျဉ်းထောင်၏ တာဝန်ခံရုံးခန်း၌ တာဝန်ခံအရာရှိ၊ ဒုတိယတာဝန်ခံအရာရှိ၊ ကျန်းမာရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံ၍ အကြံပြုဆွေးနွေးကြသည်။

အဖွဲ့ခေါင်းဆောင် Mr.MaKoto Abe ဦးဆောင်သော အဖွဲ့ဝင်ငါးဦးတို့သည် အကျဉ်းထောင်ရှိ အကျဉ်းသားတစ်ဦးအား တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြင်းလွတ်မြို့ အလယ်ပိုင်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြင်းလွတ်မြို့ အလယ်ပိုင်းရပ်ကွက်၌ ယမန်နေ့နံနက်ပိုင်းက နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းလွတ်မြို့ အလယ်ရပ်ကွက် ရွာဟောင်းရွာနေ မော်လဝီမာမတ်နိုရ်၏နေအိမ်၌ ယမန်နေ့နံနက် ၆ နာရီခွဲခန့်က ဆိုလာဘက်ထရီ မီးထွန်းရာမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် မော်လဝီမာမတ်နိုရ်အား အလယ်သံကျော် နယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးသက်လေပြင်းတိုက်ခတ်၍ ၂၃၀ ကေဗွီ ဘဲလင်း- သပြေဝ ဓာတ်အားလိုင်း တာဝါတိုင်များပျက်စီး

**နေပြည်တော် ဧပြီ ၂၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်သူလူထုနှင့် စက်ရုံအလုပ်ရုံများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝ ဓာတ်အားလိုင်းမှ တာဝါတိုင် လေးတိုင်သည် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ပျက်စီးပြိုလဲသွားကြောင်း သိရသည်။

သပြေဝ ဓာတ်အားလိုင်းမှ ပျက်စီးခဲ့သော တာဝါတိုင်အမှတ် ၉၆-၉၇-၉၈-၉၉ တို့အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစီး၍ ဝန်ထမ်းအင်အား ၁၄၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုသို့ပျက်စီးမှုကြောင့် ဓာတ်အားပြတ်တောက်မှုမရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရွှေလက်ဝါးသင်္ဘောဆယ်ယူမှု၌ သက်ဆိုင်ရာကဏ္ဍအသီးသီး၌ ပါဝင်ဆောင်ရွက်ကြမည့် တာဝန်ရှိသူများအား တွေ့ရစဉ်

## ရွှေလက်ဝါးသင်္ဘောဆယ်ယူမှု စတင်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၉**

ကြည့်မြင်တိုင်မြို့နယ်(ဆိပ်ကမ်းနယ်မြေအပိုင်) ဗားကရာဇောတံတားဆိပ်၌ ဧပြီ ၂၆ ရက် ညနေက နစ်မြုပ်သွားခဲ့သော ရန်ကုန်-စစ်တွေ ကုန်တင်ရွှေလက်ဝါးသင်္ဘော ပြန်လည်ဆယ်ယူခြင်းလုပ်ငန်းကို ဧပြီ ၂၉ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

သင်္ဘောဆယ်ယူခြင်း လုပ်ငန်း မစတင်မီ ဆယ်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်သော ညှိနှိုင်းအစည်းအဝေးကို ဗားကရာဆိပ် ဆိပ်ကမ်းအာဏာပိုင်ရုံး၌ ပြုလုပ်ခဲ့ကြသည်။

အစည်းအဝေးတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ ကြည့်မြင်တိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးခင်ဝင်း၊ ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လှိုင်မြစ် အရှေ့-အနောက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သမ္မန်ဂိတ်မှူးများ၊ သင်္ဘောပိုင်ရှင်နှင့် ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ညှိနှိုင်းအစည်းအဝေးအပြီး၌ တာဝန်ရှိသူများက သင်္ဘောနစ်မြုပ်သည့် နေရာသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို ထပ်မံညှိနှိုင်းပေးခဲ့ကြသည်။

သင်္ဘောကြီးမနစ်မြုပ်မီက အခြားသောကုန်ပစ္စည်းများနှင့်အတူ စားအုန်းဆီ၊ အင်ဂျင်ဝိုင်ထည့်ထားသော ဆီပီပါ အလုံး ၃၀၀ ကျော်နှင့် ဆီထည့်ထားသော ပလတ်စတစ်ပုံးကြီးများ တင်ဆောင်ထားခဲ့သည်ဟု သင်္ဘောတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ပိုင်ရှင်ဖြစ်သူက "ဒီကနေ့ မွန်းလွဲ ၁ နာရီနောက်ပိုင်းလောက်မှာ ဆယ်ယူခြင်းလုပ်ငန်းကို စတင်ပါမယ်။ အကျယ်အဝန်း ဧရိယာကိုလည်း သတ်မှတ်သွားမှာပါ။ တကယ်လို့ သတ်မှတ်အဝန်းအဝိုင်းက ကျော်ပြီး ရေစီးနဲ့ မျောပါသွားတဲ့ ဆီပီပါကြီးတစ်လုံးကို ငွေကျပ် ၃၀၀၀၀ နဲ့ပြန်ရွေးပါ့မယ်။ ပလတ်စတစ်ပုံး အဝါ တစ်လုံးကို ငွေကျပ် ၅၀၀၀ နဲ့ ပေးပြီး ပြန်ရွေးသွားပါ့မယ်"ဟု ပြောသည်။

ထို့အပြင် နစ်မြုပ်စဉ်က ဆီပီပါကြီး အလုံး ၃၀၀ ကျော်အနက် ယနေ့အထိ အလုံး ၅၀ ကျော်သာ ပြန်လည်ရရှိသေးသည့်အတွက် ပြန်လည်ပေးအပ်သူတိုင်းကို အထက်ပါသတ်မှတ်ငွေကြေးအတိုင်း ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ဘောဆယ်ယူမှုတွင် အချိန် နှစ်ပတ်ခန့် ကြာမြင့်နိုင်မည်ဖြစ်၍ ဆယ်ယူချိန်တွင် လုံခြုံရေးနှင့် ပတ်သက်၍ ရေပြင်၌ ဆိပ်ကမ်းရဲတပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ ကုန်းပေါ်၌ ကြည့်မြင်တိုင် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ညောင်တုန်းမြို့ မြစ်ကမ်းပါးပြိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ မိုးမရောက်မီ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**ညောင်တုန်း ဧပြီ ၂၉**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်တို့၏ ရေစီးကြောင်းများ ပြောင်းလဲလာခြင်း၊ ရေကြောင်းများထိုးစီးနေခြင်း၊ ရေနက်အိုးများဖြစ်တည်နေခြင်းများကြောင့် ညောင်တုန်းမြစ်ကမ်း (၂၁) လမ်း၌ လွန်ခဲ့သော ဖေဖော်ဝါရီလက ဆိုးဆိုးရွားရွားကွဲအက်နိမ့်ကျရာ အချိန်မီကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ကြိုးပမ်းတင်ပြချက်များနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီတို့၏ စီစဉ်ဆောင်ရွက်ပေးချက်များအရ ညောင်တုန်းမြို့မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးမရွာမီ၊ မြစ်ရေမတက်မီ အချိန်မီတည်ဆောက်ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အထူးစိုးရိမ်ရသော ညောင်တုန်းမြို့(၂၁) လမ်းမြစ်ကမ်းတွင် သံကူကွန်ကရစ်ဘိုးပိုင် ၇၂ လုံး တည်ဆောက်လျက်ရှိရာ ဧပြီ ၃၀ ရက်အထိ သံကူကွန်ကရစ်ဘိုးပိုင် ၆၈ လုံးတည်ဆောက်ပြီးဖြစ်သည့်အပြင် ပေ ၂၅၀ အရှည်ကျောက်စီမြေထိန်းနံရံများလည်း တည်ဆောက်လျက်ရှိသည်။ **(အောက်ပုံ)**

ထို့အပြင် တခြားစိုးရိမ်ရသော (၁၄) လမ်း မြစ်ကမ်း၊ (၂၄) လမ်းမှ (၂၇)လမ်းအထိ မြစ်ကမ်းတစ်လျှောက်တွင်လည်း သံကူကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံများ တည်ဆောက်လျက်ရှိသည်။

ညောင်တုန်းမြို့သည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင်တည်ရှိသော မြို့တစ်မြို့ဖြစ်ရာ ၁၉၈၅ ခုနှစ် မတိုင်မီနှစ်များက ရန်ကင်းစံရာဘက်ကမ်းတွင်သောင်ထွန်းပြီး ညောင်တုန်းဘက်အခြမ်း ကျွန်းထိပ်ပိုင်းတွင် ကမ်းပြိုမှုများကြောင့် ၁၉၈၆-၁၉၈၇ ခုနှစ်က ညောင်တုန်းမြို့ (၁၂)လမ်းတည့်တည့်တွင် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဖြတ်၍ ဆက်သွယ်စီးဆင်းနိုင်ရန် ရေခေါ်တူးမြောင်း ဖောက်လုပ်ခဲ့ရာမှ မြို့တည့်တည့်ရေကြောင်းထိုးမှုကြောင့် ညောင်တုန်းမြို့မှာ ၁၉၈၈ ခုနှစ်မှစတင်၍ မြစ်ကမ်းပြိုမှုဆိုးဆိုးရွားရွားဖြစ်ခဲ့ရသည်။ ညောင်တုန်းမြို့ဘက်အခြမ်းကျယ်ဝန်းသော သောင်ခုံကြီးပေါ်၌ အခိုင်အမာတည်ဆောက်ထားသော မြို့နယ်သမဝါယမအသင်းပိုင်ကြီးမားခိုင်ခံ့သော ဂိုဒေါင်ကြီးများ၊ ပြည်သူ့သစ်ဆိုင်အပါအဝင် အဆောက်အအုံကြီးများ၊ ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသော လွတ်လပ်ရေးကျောက်တိုင်များ ပြိုကျပျက်စီး ပျောက်ကွယ်သွားခဲ့ရသည့်အပြင် လူနေအိမ်ခြေ ၁၀၀၀ ခန့်ကိုလည်း ရွှေ့ပြောင်းပေးခဲ့ကြရသည်။

ညောင်တုန်းမြစ်ကမ်းတစ်လျှောက်တွင် ရေရှည်တည်တံ့ကာကွယ်နိုင်မည့် မြစ်ကမ်းနှင့် ရေကာတာမျိုးဖြစ်အောင် အခိုင်အမာတည်ဆောက်ကာကွယ်ပေးရန် မြို့လူထုကလိုလားနေကြကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**





# ရေစကြိုမြို့ အမှတ် (၁)ရပ်ကွက် ကမ်းပြိုကာကွယ်ရေး တည်ဆောက်မှုလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ရေစကြို ဧပြီ ၂၉

**ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ် (၁)ရပ်ကွက် ထင်းတန်းရပ်၌ နှစ်စဉ် ချင်းတွင်းမြစ်ရေမြင့်တက်ချိန်များ၌ မြစ်ကမ်းပါး ပြိုကျ၍ လူနေအိမ်များပြောင်းရွှေ့ရကာ မြို့မြေများ ဆုံးရှုံးသဖြင့် ကမ်းပြိုကာကွယ်ရေးအတွက် ကမ်းထိန်းရေကာတာ တည်ဆောက်လျက်ရှိရာ ဧပြီ၂၇ ရက်က ရာနှုန်းပြည့်တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။**

ကမ်းပြိုကာကွယ်ရေးကမ်းထိန်းရေကာတာလုပ်ငန်း တည်ဆောက်ပြီးစီးမှုကို လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဧပြီ၂၇ ရက်က လာရောက်ကြည့်ရှုကြကာ လုပ်ငန်းပြီးစီးမှု အတည်ပြုခဲ့ကြသည်။

အဆိုပါ အလျားပေ ၆၃၀ အရှည်ရှိ ကမ်းထိန်းရေကာတာကို သံခြင်းအခြေပြုကျောက်စီမြေထိန်းနံရံအဖြစ် တည်ဆောက်ထားပြီး ကျောက်ရိုးအပေါ် ကမ်းပါးယံတွင် လူအများလွယ်ကူသန့်ရှင်းစွာ သွားလာနိုင်ရန်နှင့် မြို့နေပြည်သူများ ချင်းတွင်းမြစ်ကမ်းအလှကို ကြည့်ရှုနိုင်ရန် အကျယ် ခြောက်ပေ၊ ကျောက်ထု တစ်ပေရှိ ကွန်ကရစ်လူသွားလမ်းကို သံပိုက်တန်း သုံးတန်းကာလျက် သံလက်ရန်းများပါ ထည့်သွင်းတည်ဆောက်ထားသည်။ **(အပေါ်ပုံ)**

အမှတ် (၁)ရပ်ကွက် ထင်းတန်းရပ်ကမ်းထိန်း ရေကာတာတည်ဆောက်ခြင်းကို ၂၀၁၆-၂၀၁၇ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မူလခွင့်ပြုရန်ပုံငွေကျပ် ၂၆၆ ဒသမ ၁၀ သန်းဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် တည်ဆောက်မှု၏ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုလို ကမ်းထိန်းရေကာတာတည်ဆောက်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။ ကျွန်မတို့အိမ်ဝိုင်းလေး ကမ်းပြိုတဲ့ထဲမပါတော့ဘူးပေါ့။ အရင်နှစ်တွေကဆို ရေတက်လာတာနဲ့ အိမ်မှာမနေရဲဘူး။ ဘုန်းကြီးကျောင်းတွေမှာ သွားနေရတာ တစ်ခါတလေ ညဘက်ကြီးရေတက်လာရင် ဘာပစ္စည်းမှ မသယ်နိုင်ဘဲ ကလေးတွေခေါ်ပြီး အမြန်ပြေးရတာ၊ ကိုယ့်အိမ်က ကမ်းပါးယံထိပ်မှာဆိုတော့ စိုးရိမ်ရပါတယ်။ ဒီနှစ် ရေတက်ရင်တော့ အဲဒီလောက် စိတ်မပူရတော့ပါဘူး။ ရေကာတာမှာ ရေကျော်မှပဲ ပြောင်းရတော့မှာပါ။ နှစ်တိုင်းလိုတော့ ရုတ်တရက် ကိုယ့်အိမ်နဲ့ကိုယ့်မိသားစု ကမ်းပြိုတဲ့ထဲပါသွားမှာ မကြောက်ရတော့ပါဘူး" ဟု ကမ်းထိန်းရေကာတာနံဘေး၌ နေထိုင်သူတစ်ဦးက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၁၁၂၀၊ သွင်းကုန်အစီး ၆၁၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၈၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅၉၆ သန်းခန့်ရှိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂၇ ရက်က မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်ကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် PSI Full receiver (100)U စလောင်းဇုန်း (60)U နှင့် စလောင်းထောက်တိုင် (200)U စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၈ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**




**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် PSI Full receiver ၊ စလောင်းဇုန်းနှင့် စလောင်းထောက်တိုင်များ**

# ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲဖွင့်ထားသည့် Horizon International School များကို ကိုယ်ပိုင်ကျောင်းနည်းဥပဒေအရ အမှုဖွင့်အရေးယူ

**မန္တလေး ဧပြီ ၂၉**

မြန်မာနိုင်ငံအတွင်းရှိ နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့၌ ဖွင့်လှစ်ထားရှိသည့် Horizon International School များကို ဧပြီ ၂၈ ရက်တွင် ကိုယ်ပိုင်ကျောင်းနည်းဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း အခြေခံပညာဦးစီးဌာန (နေပြည်တော်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက ပြောကြားသည်။

"ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနဲ့ နည်းဥပဒေအရ ကိုက်ညီမှုမရှိဘဲ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားတဲ့အတွက် အမှုဖွင့်အရေးယူဆောင်ရွက်တာဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့တွေအလိုက် ရဲစခန်းတွေမှာ အမှုဖွင့်အရေးယူထားတာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

မန္တလေးမြို့တွင်ဖွင့်လှစ်ထားရှိသည့် Horizon International School များအတွက် ချမ်းအေးသာစံမြို့နယ်ပညာရေးမှူး ဦးစန်းယုက ဧပြီ ၂၈ ရက်တွင် ယင်းမြို့နယ်ရှိ အမှတ်( ၃ )ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

"ပညာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်မရှိဘဲ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားလို့ တိုင်းဒေသကြီးပညာရေးမှူးရုံးက တာဝန်ပေးချက်အရ အမှုဖွင့်ခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။


ပညာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေတားမြစ်ချက် အမှတ်စဉ် (၂၈)တွင် မည်သူမျှကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ် မရှိဘဲ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခြင်းမပြုရဆိုသည့် တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်မှုပြစ်ဒဏ် ၃၃ အရ ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်အပြင် သုံးသိန်းထက်မပိုသောငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း ဖော်ပြပါရှိသည်။ မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ထားရှိသည့် Horizon International School များမှာ ရန်ကုန်မြို့တွင် လေးကျောင်း၊ မန္တလေးမြို့တွင် နှစ်ကျောင်းနှင့် နေပြည်တော်တွင် တစ်ကျောင်း စုစုပေါင်း ခုနစ်ကျောင်းရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂၉-** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# မန္တလေး-လားရှိုး-မူဆယ်လမ်းပိုင်း၌ ကုန်တင်ယာဉ်တိမ်းမှောက်၊ တစ်ဦးသေ၊ ကိုးဦးဒဏ်ရာရ



**သီပေါ ဧပြီ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာအုပ်စု ကုံးမုံကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ်သွားပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၄၉/၂-၃)အကြား၌ ဧပြီ ၂၉ ရက် နံနက် ၄ နာရီခွဲက မန္တလေးမှမူဆယ်သို့ သရက်သီးများတင်ဆောင်ပြီး ယာဉ်မောင်းကိုမင်းမောင်းနှင်သော ခြောက်ဘီးကုန်တင်ယာဉ်သည် ကုန်းဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် သို့ တိမ်းမှောက်သွားသည်။

အဆိုပါ မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသော သိန်းနီမြို့နယ် နေသူများဖြစ်သည့် ဒေါ်မာမာ (၄၃နှစ်)မှာ သေဆုံးသွားပြီး ညီညီအောင် (၃၂နှစ်)၊ ရဲအောင် (၃၂နှစ်)၊ ကျော်ကျော်နိုင်(၁၉နှစ်)၊ အောင်ရဲကို (၂၄နှစ်)၊သန့်ကိုဦး(၁၀နှစ်)၊ ကျော်ဝဏ္ဏ(၁၇နှစ်)၊စိုင်းဟွန်း(၁၀နှစ်) နှင့်စိန်မင်း(၂၃နှစ်)တို့မှာ ထိခိုက်ဒဏ်ရာများရရှိသဖြင့် ပြည်သူ့ဆေးရုံ၌ တက်ရောက် ကုသနေရသည်။

အခင်းဖြစ်ပွားရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများ၊ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သီပေါ)တပ်စိတ်ယာဉ် ထိန်းတာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့တို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းကိုမင်းအား သီပေါရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မိုင်းပွန်၌ ငွေသိန်းပေါင်း ၁၄၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**လွိုင်လင် ဧပြီ ၂၉**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ ပွန်ချောင်းတံတားအနီး၌ ဧပြီ ၂၈ ရက် ညနေပိုင်းက ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၄၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသည်။

ဧပြီ ၂၈ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ ရဲအုပ်စိန်လှိုင် ဦးစီးသောပူးပေါင်းအဖွဲ့သည် လွိုင်လင်နှင့် တောင်ကြီးမြို့တို့ဘက်မှလာသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်နေစဉ် ညနေ ၅ နာရီ မိနစ်၅၀ ခန့်က လွိုင်လင်မြို့ဘက်မှ တောင်ကြီးမြို့ဘက်သို့ ယာဉ်မောင်း ကျော်ခိုင်ဦး မောင်းနှင်သော ၂၈ယ/ ----- Dream 125 ဆိုင်ကယ်အား ရှာဖွေရန်ရပ်တန့်စဉ် ဆိုင်ကယ်မှာ ရပ်တန့်ခြင်း မရှိဘဲ တပ်ဖွဲ့ဝင်များအား ဝင်တိုက်ကာ တောင်ကြီးဘက်သို့ အရှိန်ပြင်းစွာမောင်းနှင် ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့က ပစ်ခတ်ဖမ်းဆီးခဲ့ရာ ကျော်ခိုင်ဦးနှင့်အတူ ဆိုင်ကယ်အတွင်း ဝှက်၍သယ်ဆောင်လာသည့် ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၁၄၀ ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ဖမ်းဆီးရမိသဖြင့် မိုင်းပွန်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# စက်လှေကျောက်ကြိုးနှင့်ငြိ၍ အလုပ်သမားတစ်ဦး ရေထဲပြုတ်ကျပျောက်ဆုံး

**မြိတ် ဧပြီ ၂၉**

မြိတ်မြို့ ပရည်ကျွန်းကျေးရွာမှ စက်လှေတစ်စင်းသည် ဧပြီ ၂၉ ရက် နံက် ၁၀ နာရီခန့်က မြိတ်မြို့နောက်လည်ရပ်ကွက်၏ အမှတ်(၁)ဆိပ်ခံတံတား၌ ကုန်တင်ကုန်ချပြုလုပ်ပြီး ဒီရေအတက်ကြမ်းသည့်အတွက် စက်လှေကို ပြန်လည်နေရာချရန် ကမ်းမှခွာ၍ အရေးပေါ် ကျောက်ကြိုးချစဉ် စက်လှေလုပ်သားတစ်ဦး ကျောက်ကြိုးနှင့် ရေထဲမြုပ် သွားကာ ပျောက်ဆုံးသွားကြောင်း သိရသည်။

ယင်းနေ့ နံနက်က ဒီရေတက်ချိန်ဖြစ်ပြီး ဒီရေကြမ်းလာသည့်အတွက် နောက်လည် ရပ်ကွက် အမှတ်(၁) ဆိပ်ခံတံတားတွင် ကုန်တင်ကုန်ချပြုလုပ်နေသော အဆိုပါစက်လှေ၏မိသား စုဝင်တစ်ဦးဖြစ်သူ အမျိုးသားမှာ စက်လှေအားဆိပ်ခံဇောတံတားမှ ထွက်ခွာနေစဉ် အရေးပေါ် ကျောက်ကြိုးချရာ ခြေထောက်နှင့် ကျောက်ကြိုးငြိ၍ မြစ်အတွင်းပြုတ်ကျကာ ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

**(၁၆၄)**

# အလုပ်ရှင်နှင့်အလုပ်သမား စကားများရန်ဖြစ်ရာမှ ဓားဖြင့်ထိုးမှုကြောင့် အလုပ်ရှင်သေဆုံး

**မြဝတီ ဧပြီ ၂၉**

မြဝတီမြို့တွင်အလုပ်ရှင်နှင့် တစ်ယောက်တစ်ခွန်းစကားများစဉ် အလုပ်သမားဖြစ်သူက ဓားဖြင့်ထိုးထွက်ပြေးသွားမှုတွင် ပြစ်မှုကျူးလွန်သူကို မြဝတီမြို့မရဲစခန်း နယ်ထိန်းတပ်ဖွဲ့ဝင်များက နာရီဝက်အတွင်း ပိတ်ဆို့ဖမ်းဆီးရမိခဲ့သည်။

**ဆေးရုံပို့ဆောင်စဉ် သေဆုံး**

ဧပြီ ၂၉ရက် နံနက် ၈နာရီခန့်ကအိမ်အမှတ်(၈/၆၃)မဟူရာလမ်း အမှတ်(၂)ရပ်ကွက် မြဝတီမြို့၌ ဓားထိုးမှုဖြစ်ပွား ကြောင်းသတင်းအရ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်စိုးဦးစီးအဖွဲ့သွားရောက်စုံစမ်းခဲ့ရာ ဒဏ်ရာရရှိသူမှာ ဇော်မင်းထွန်း(ခ)ရှောင်တိ (၃၇နှစ်) ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်းသိရပြီး ဒဏ်ရာများအား စစ်ဆေးရာ နောက်ကျောတွင် ဒဏ်ရာများရရှိခဲ့သဖြင့် မြဝတီခရိုင်ဆေးရုံကြီးသို့ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။

**ဖော်ထုတ်ဖမ်းဆီး**

ဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရာ ဇော်မင်းထွန်း(ခ)ရှောင်တိမှာ ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဖြစ်ပြီးၾငင်း၏အလုပ်သမားဖြစ်သူ သီဟဇော်က ဓားဖြင့် ထိုးသွားခြင်းဖြစ်ကြောင်းသိရပြီး ပြစ်မှုကျူးလွန်သူမှာ အခင်းဖြစ်နေရာမှ ထွက်ပြေး တိမ်းရှောင်သွားသဖြင့် ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် အဖွဲ့များခွဲကာ ပိတ်ဆို့ဖမ်းဆီးရာမှ အခင်းဖြစ်ပြီး မိနစ် ၂၀ အကြာ ည ၈နာရီမိနစ် ၂၀ တွင်ပြစ်မှုကျူးလွန်သူ သီဟဇော် (၁၉နှစ်)ကို မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ညဈေးတွင် ဖမ်းဆီးရမိခဲ့သည်။

သီဟဇော်အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရိုးသွား ၁၄ လက်မခန့်ရှိ စတီးဓားဦးချွန်တစ်ချောင်း (အရိုးကျွတ်နေ)ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး မြဝတီမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ညအိပ်ရပ်နားသည့်ယာဉ်များ မကြာခဏခြိမ်းခြောက်လုယက်ခံရ

**ရေတာရှည် ဧပြီ ၂၉**

ရန်ကုန်-မန္တလေးကားလမ်း တစ်လျှောက် နေ့စဉ် ဖြတ်သန်းမောင်းနှင်သွားလာလျက်ရှိသော ကုန်တင်ယာဉ်များအား ညဘက်ရပ်နားစဉ် မကြာခဏ ခြိမ်းခြောက်၍ ငွေတောင်းခံခြင်းနှင့် လုယက်မှုများကြုံတွေ့နေရသည့်အတွက် သတိပြုကြရန်လိုအပ်ကြောင်း ယာဉ်မောင်းအများစုက ပြောကြားသည်။

တပ်ကုန်း၊ ပျဉ်းမနား၊ ရေနီ၊ မြို့လှ၊ ဆွာတိုးဂိတ်ဝန်းကျင်နှင့် တောင်ငူမြို့များတွင် မကြာခဏ ဖြစ်ပွားလျက်ရှိပြီး လွန်ခဲ့သောရက်ပိုင်းက ဆွာတိုးဂိတ်အနီး ညအိပ်ရပ်နားထားသော ဆီဘောက်ဆာယာဉ်အား ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးက ဓားဖြင့်ခြိမ်းခြောက်ကာငွေတောင်းယူသွားကြောင်း သတင်းကို ဆွာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် ကျော်ညိုလင်းအားမေးမြန်းရာ “ကျွန်တော်တို့လည်း ကြားတယ်၊ ဒါကြောင့် ညဥ့်ဦးပိုင်း ညဥ့်နက်ပိုင်းတွေ လှည့်ကင်းတွေ ဆောင်ရွက်ပြီး စောင့်ကြည့်နေပါတယ်။ အရင်ရက်ကလည်း မနက်ပိုင်း ၃ နာရီထိုးခါနီးပြီ ဆွာတိုးဂိတ်ဘက်ကနေ ပြန်လှည့်လာတာ ဆွာမြို့အဝင်ဆိုင်းဘုတ်နားမှာ လူသုံးဦးဆိုင်ကယ်နဲ့ထိုင်နေတာ တွေ့လိုက်ရတယ်။ ကျွန်တော်တို့အဖွဲ့ကို မြင်တာနဲ့ တောင်ဘက်ကို မောင်းပြေးတာ။ သူတို့ကျန်နေခဲ့တဲ့ အထုပ်ကို ကြည့်လိုက်တော့ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ကားသော့တစ်ချောင်းနဲ့ ဆန်နမူနာအထုပ်လေးတွေ့တယ်။ အဲ့ဒီကောင်တွေနောက်ကိုပြန်လိုက်တော့ မတွေ့ရတော့ဘူး။ ဒါနဲ့ ရွှေလင်းယုန်(၂)ဆိုင်ရှေ့မှာ ကားမောင်းတဲ့သူနှစ်ယောက်တွေ့လို့ ဘာဖြစ်တာလဲလို့ မေးတော့ အိပ်နေတုန်း ခေါင်းအုံးထားတဲ့အိတ်ကို လုပြေးသွားလို့ ငွေရှစ်သောင်းကျော်၊ ကားသော့နဲ့ ယာဉ်မောင်းလိုင်စင်ပါသွားတယ်လို့ပြောတယ်။ အစောကတွေ့တဲ့ ကားသော့နဲ့ ယာဉ်မောင်းလိုင်စင်ကို ပြတော့ သူတို့ဟာဖြစ်နေတယ်။ ငွေတစ်ပြားမှမရှိတော့လို့ ငွေတစ်သောင်းပေးပြီး ကူညီလိုက်ရသေးတယ်” ဟု ၎င်းက ပြောကြားသည်။

ညအိပ်ရပ်နားမည့် ကုန်တင်ယာဉ်များအနေဖြင့် မိမိတို့ ယာဉ်ရပ်နား၍ညအိပ်တော့မည်ဆိုလျှင် အထူးဂရုပြုကြရန်လိုအပ်ကြောင်း ယာဉ်မောင်းအချင်းချင်း သတိပေးပြောကြားမှုများရှိနေသည်။

**ကိုလွင်(ဆွာ)**


## ပန်းတစ်ပွင့်တောင်ဗုဒ္ဓသာသနာပြုကောလိပ် ၂၀၁၇-၁၈ ကျောင်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုကောလိပ်တွင်တက်ရောက်လိုသည့် သင်တန်းသား/ သူများ ၁၅ဝါထက် မကျော်လွန်သော ရဟန်းတော်များ၊ သီလရှင်များ ပထမကြီးတန်း(သို့မဟုတ်) အလားတူ စာမေးပွဲများ အောင်မြင်ပြီးသူဖြစ်ရမည်။ စာသင်နှစ် တစ်နှစ်ပြီးဆုံးပါက M.E.E.T(Monastic Education Elementary Teachership) လက်မှတ်၊ စာသင်နှစ် (၂)နှစ် ပြီးဆုံးပါက M.E.S.T(Monastic Education Secondary Teachership) လက်မှတ်တို့ကို ဆက်ကပ်ပါမည်။ ဗုဒ္ဓသာသနာသမိုင်း၊ သာသနာပြုသော့ချက်နှင့်အနုစ်သာရများ၊ ကံကြီးကံငယ်ဆောင်ရာ၌ သိထားရမည့် ကမ္မာကမ္မပညာ အစရှိသည်များ၊ ကျောင်းထိုင်ဘုန်းကြီးရေးရာများ၊ သမထဝိပဿနာ ကမ္မဋ္ဌာန်းဆိုင်ရာများ၊ အင်္ဂလိပ်၊ သင်္ချာ၊ ပထဝီ၊ သိပ္ပံ၊ သမိုင်းစသောလောကီ ပညာများကို ဒေါက်တာဘဒ္ဒန္တပညာသာရ (ပန်းတစ်ပွင့်တောင်ဆရာတော်)နှင့် Ph.Dဘွဲ့ရဆရာတော်များ၊ ပါမောက္ခများမှ သင်ကြားပေးပါမည်။

လျှောက်လွှာများကို ၄-၄-၂၀၁၇ရက်မှစ၍ စတင်ထုတ်ယူနိုင်ပြီး ၂၀၁၇ခုနှစ် မေ ၁၄ရက် နောက်ဆုံးထားပြီးတင်သွင်းနိုင်ပါသည်။

**လျှောက်လွှာများထုတ်ယူရန်နှင့် တင်သွင်းရန်ဌာနများ-**

၁။ ပန်းတစ်ပွင့်တောင်ဗုဒ္ဓသာသနာပြုကောလိပ်(တိုက်ကြီးမြို့နယ်)၊
ဖုန်း-၀၉-၅၁၂၉၂၈၉၊ ၀၉-၂၅၁၀၁၇၂၁၂

၂။ ပန်းတစ်ပွင့်တောင်ဗုဒ္ဓသာသနာပြုတောရရိပ်သာ တိုက်ခွဲ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံ၊ ရန်ကုန်၊
ဖုန်း-၀၉-၇၉၈၄၄၀၄၄၆

၃။ သစ္စာဝေဒဂူအောင်ဓမ္မရိပ်သာ စာသင်တိုက် ၄၆ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်၊
ဖုန်း-၀၉-၂၀၅၀၄၀၁

၄။ စိန်ပန်းကျောင်းတိုက်၊ မြနန္ဒာအိမ်ရာ၊ အုတ်ကျင်းဘူတာရုံအနီး၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၉၅၈၂၄


# နောင်ချိုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၉**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၈ ရက်က မူဆယ်-မန္တလေးပြည်ထောင်စု လမ်းမကြီးပေါ် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၈၀/၄)တွင် မျိုးမင်းဆက် မောင်းနှင်ပြီး မမေဦးကြည်လင်နှင့် ကျော်စွာမင်းတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ၃၆ ဂရမ်၊ စိတ်ကြွရူးသွပ် ဆေးပြား ၁၃၆၅ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် မျိုးမင်းဆက် (၄၁နှစ်)၊ ကျော်စွာမင်း (၃၆နှစ်)နှင့် မမေဦးကြည်လင်(၂၄နှစ်) တို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြိတ်မြို့နယ်၌ မိုးကြိုးထိမှန်၍ လူတစ်ဦးသေဆုံး

**မြိတ် ဧပြီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကဟန်းကျေးရွာအုပ်စု တောင်ဖီလာကျေးရွာ လယ်ကွင်းပြင်၌ ဧပြီ ၂၈ ရက် ညနေ ၅ နာရီခွဲခန့်က မိုးကြိုးထိမှန်၍ လူတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသခံတစ်ဦး၏ပြောပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့နယ် ကဟန်းကျေးရွာအုပ်စု တောင်ဖီလာကျေးရွာနေ ဦးမောင်လွင် (ခ) မောင်တို (၅၅နှစ်)သည် ဧပြီ ၂၈ ရက် ညနေ ၅ နာရီခွဲခန့်က လယ်ထဲ၌ ငါးများရှာဖွေပြီးနေအိမ်သို့ပြန်လာစဉ် ဦးမြင့်လွင်၏လယ်ကွင်းအရောက်တွင် မိုးကြိုးထိမှန်ခဲ့ပြီး ဒဏ်ရာများရရှိကာ အဆိုပါနေရာ၌ပင် သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြိတ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

ခ ရီး သွား ဆောင်း ပါး

# ညောင်ရွှေမှာ ရွာတဲ့မိုး

**မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်**

နီညိုရောင် အဆောက်အအုံဟောင်းကို အဝေးမှလှမ်းမြင်ရသည်။ စုလစ်မွမ်းချွန်တို့က ထိုးထိုးထောင်ထောင်။ မြေပြင်တွင် ခြေတံရှည်ပုံစံတည်ဆောက်ထားသော အဆောက်အအုံက သက်တမ်းရင့်မှုကို အတိုင်းသားလှစ်ဟထားသည်။ ရာသီဥတုဒဏ်ကို နှစ်ရှည်လများကြံ့ကြံ့ခံကာ ရပ်တည်ဖြတ်သန်းခဲ့သည်မို့လားမသိ၊ အရောင်အသွေးက ညိုမှိုင်းနေသည်။ အနီးသို့ရောက်ရှိလာလေလေ၊ ဗိသုကာလက်ရာတို့က စိတ်ဝင်စားစရာကောင်းလေလေဖြစ်သည်။ "အဲဒါရွှေရန်ပြေ အတုမရှိ ရွှေကျောင်းတော်ပေါ့" ဟု မိတ်ဆွေဖြစ်သူ စိုင်းစံမိုးက ပြောပြသည်။ ညောင်ရွှေမြို့ရှိ စိတ်ဝင်စားစရာ၊ လေ့လာစရာ အဆောက်အအုံတစ်ခုပင်။

ညောင်ရွှေမြို့ကို ကျွန်တော်အကြိမ်ကြိမ် ရောက်ခဲ့ဖူးသည်။ သို့သော် ဖြတ်သွားဖြတ်လာမျိုးသာ ဖြစ်သည်။ အင်းလေးကို အဓိကဦးတည်သွားခဲ့ရာ ညောင်ရွှေမြို့၌ နာရီပိုင်းပင်မဆိုင်းဘဲ စက်လှေဆိပ်ဆင်းပြီး အင်းလေးသို့ ခရီးဆက်ခဲ့ခြင်းက များသည်။ ညောင်ရွှေမြို့သို့ လွန်ခဲ့သည့် ၁၉၉၅ခုနှစ်က ပထမဆုံးအကြိမ်အဖြစ် ရောက်ခဲ့ရာတွင်လည်း အင်းလေးသို့ တန်းဆင်းခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က တာဝန်နှင့် မဟုတ်၊ အလည်အပတ်ခရီးစဉ်အဖြစ် သွားခဲ့ခြင်းဖြစ်ရာ ကျွန်တော်၊ ကိုစိုးခိုင်၊ ကိုလှထွန်း၊ ကိုအောင်တင့်တို့ ညောင်ရွှေမှတစ်ဆင့် အင်းလေးသို့ သွားရောက်ခဲ့မှုများကို ပြန်သတိရနေမိသည်။ အင်းလေးအတွင်းရှိ ဟဲယာရွာမ၌တည်းကာ အနီးဝန်းကျင် နေရာများကို အလည်အပတ်သွားခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတာဝန်များဖြင့် အင်းလေးသို့ လာရောက်တိုင်း ညောင်ရွှေမြို့ကို ဖြတ်သွား ဖြတ်လာမျိုးသာ ဖြစ်ခဲ့သည်။ ညောင်ရွှေမြို့အတွင်းသို့ မလေ့လာဖြစ်ခဲ့။ ကပ်ကျော်မြို့ကဲ့သို့ ဖြစ်နေခဲ့ရာ ယခုတစ်ခေါက်ညောင်ရွှေမြို့တွင် အချိန်ပေးကာ ဝင်ရောက်လေ့လာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်မိတ်ဆွေညောင်ရွှေမြို့သား စိုင်းစံမိုးက ကားဖြင့်လိုက်ပို့ပေးသဖြင့် အဆင်ပြေသွားသည်။

ညောင်ရွှေမြို့၌ အထင်ကရရှိသည့် အဆောက်အအုံများအနက် ရွှေရန်ပြေကျောင်းတော်လည်း အပါအဝင်ဖြစ်ရာ ကျွန်တော်တို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ရွှေရန်ပြေအတုမရှိ ရွှေကျောင်းတော်သည် ရွှေညောင်မှ ညောင်ရွှေသွားရာလမ်းတွင် တည်ရှိပြီး တီလောစခန်းကြီးကျေးရွာအုပ်စု ရွာတော်ရွာ၌ တည်ရှိသည်။ ကျွန်တော်တို့ အုတ်လှေကားအတိုင်း ရွှေရန်ပြေအတုမရှိ ရွှေကျောင်းတော် ဘုန်းတော်ကြီးကျောင်းပေါ်သို့ တက်ရောက်ခဲ့ကြသည်။

ရှေးဟောင်းလက်ရာ ဗိသုကာပညာရပ်များ၏ ရိုးရှင်းပြီး ခေတ်မီသော တည်ဆောက်ရေး အတွေးအခေါ်အယူအဆများမှာ ချီးကျူးစရာပင် ဖြစ်သည်။ ကျောင်းပြတင်းပေါက် နှစ်ပေါက်ကို ဘဲဥထောင်ထားသည့် ပုံသဏ္ဌာန်ဖောက်လုပ်ထားပြီး အရွယ်အစားကြီးမားစွာ ပြုလုပ်ထားသော အပေါ်ပခုံး၊ အောက်ပိုင်းလေးထောင့်ကျကျ ပုံသဏ္ဌာန်တံခါးပေါက်များကိုလည်း တွေ့ရသည်။ လေဝင်လေထွက်ကောင်းပြီး အပူအအေးမျှတအောင် ဆောင်ရွက်စီမံထားသည်မှာ ရှေးခေတ်တည်ဆောက်ရေးဆိုင်ရာ ဗိသုကာပညာရှင်များ၏ လက်ရာက ယနေ့ခေတ်အထိ အကျိုးသက်ရောက်မှု၊ အတုယူရမှုများရှိနေဆဲပင် ဖြစ်သည်။

ရွှေရန်ပြေရွှေကျောင်းတော် ဘုန်းတော်ကြီးကျောင်းကို ညောင်ရွှေစော်ဘွားစဝ်အုံနှင့် မဟာဒေဝီတို့ဦးဆောင်ပြီး နယ်သူနယ်သားများ စုပေါင်းဆောက်လုပ်ခဲ့ကြခြင်း ဖြစ်သည်။ ၁၈၈၉ ခုနှစ် ဇွန်လ ၁၇ ရက်နေ့က စတင်တည်ဆောက်ခဲ့သော ရွှေရန်ပြေရွှေကျောင်းတော်သည် အလျား ၈၅ ပေ၊ အနံ ၅၅ ပေရှိပြီး တိုင်လုံးပေါင်း ၁၆၇ လုံးတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ရာ သက်တမ်းနှစ် ၁၃၀ နီးပါးရှိနေပြီ ဖြစ်သည်။

ကျွန်တော်တို့ ရွှေရန်ပြေရွှေကျောင်းတော်ပေါ် တက်ရောက်ကာ အချိန်အတန်ကြာမျှ လေ့လာခဲ့ပြီးနောက် ပြန်လည်ထွက်ခွာလာခဲ့သည်။ ဆက်လက်ပြီး ညောင်ရွှေမြို့တွင် တန်ခိုးကြီးစေတီတစ်ဆူဖြစ်သော ရတနာမာန်အောင် ဆုတောင်းပြည့်ဘုရားဘက်သို့ ထွက်ခွာလာခဲ့ကြသည်။ ညောင်ရွှေမြို့က သွားလာသူများနှင့် စည်ကားနေပြီး အချို့နေရာများတွင် နိုင်ငံခြားသား ဧည့်သည်အချို့ကိုလည်း တွေ့ရသည်။

ရတနာမာန်အောင် ဆုတောင်းပြည့်ဘုရားသို့ ကျွန်တော်တို့ ရောက်ရှိခဲ့ကြသည်။ ရတနာမာန်အောင် ဆုတောင်းပြည့်ဘုရားမှာ စေတီပေါင်း ၄၄၀၀၀ တည်ခဲ့သော သီရိဓမ္မာသောကမင်း၏ စေတီတစ်ဆူဖြစ်သည်။ ရွှေရောင်တောက်ပနေသော ရတနာမာန်အောင် ဆုတောင်းပြည့်ဘုရားရင်ပြင်သို့ ရောက်ရှိခဲ့ရာ ရင်ပြင်တွင် ဘုရားဖူး အနည်းငယ်သာ တွေ့ရသည်။ ရတနာမာန်အောင် ဆုတောင်းပြည့်စေတီတော်အား ဦးချပြီးနောက် ရင်ပြင်တော်ကို လက်ယာရစ်ပတ်ကာ ဖူးမြော်လေ့လာမိသည်။ ၁၈၆၆ ခုနှစ်က တည်ဆောက်ခဲ့သော စေတီတစ်ဆူဖြစ်ရာ ၁၂၇၄ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့ရာ စော်ဘွားစောမောင် လက်ထက်၌ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



ရွှေရန်ပြေ အတုမရှိ ရွှေကျောင်းတော်

ယခုအခါ ရွှေရောင်တောက်ပနေသော စေတီကသပ္ပာယ်စရာကောင်းသည်။ ဘုရားပေါ်တွင် ကြာမှောက်၊ ကြာလှန်အောက်မှစတင်ပြီး အဆင့်တိုင်း၌ ဗုဒ္ဓရုပ်ပွားတော်များရှိနေသည်။ ဗုဒ္ဓရုပ်ပွားတော်များမှာ မတ်ရပ်၊ ထိုင်လျက်ပုံသဏ္ဌာန်ကွဲပြားမှု ရှိနေသော်လည်း စေတီတော်၏ ကြည်ညိုသပ္ပာယ်ဖွယ်ရာအဆင်းကို ထိခိုက်ခြင်း အလျဉ်းမရှိချေ။ နေရောင်ကြောင့် စေတီတော်သည် ရွှေရောင်ဝင်းပလျက်ရှိသည်။ စေတီတော်ရင်ပြင်ပေါ်၌ ကမ္ဘာလှည့်ခရီးသွားအချို့ စေတီတော်အား မှတ်တမ်းတင် ဓာတ်ပုံရိုက်နေကြသည်ကို တွေ့ရသည်။

ရတနာမာန်အောင်ပြေဘုရားပေါ်တွင် အတန်ကြာဖူးမြော်ပြီးနောက် ပြန်လည်ထွက်ခွာလာခဲ့သည်။ ညောင်ရွှေမြို့တွင် ရုံးကြီးလမ်း၊ လမ်းမတော်လမ်း၊ ပြတိုက်လမ်း စသည်တို့ရှိရာ ရုံးကြီးလမ်းက အဓိကလမ်းမကြီးအဖြစ် တည်ရှိနေသည်။ ရုံးကြီးလမ်းတစ်လျှောက် ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ အင်တာနက် ကဖေး၊ ဒေသအစားအစာရောင်းချသည့် ဆိုင်များ၊ ဒေသလက်မှုပစ္စည်းများနှင့် အင်းလေးထွက်ကုန်များအား ရောင်းချနေသည့်ဆိုင်များကို တွေ့မြင်ရသည်။

ညောင်ရွှေမြို့မင်္ဂလာဈေးသည်လည်း ရုံးကြီးလမ်းအနီးတွင် တည်ရှိပြီး ဒေသထွက်ကုန်များ၊ အထည်အလိပ်နှင့် အဝတ်အထည်၊ လက်ဖက်ခြောက်၊ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချနေသည်ကို လှမ်းမြင်ရသည်။ မင်္ဂလာဈေးအတွင်းသို့ လိုက်လံလေ့လာခြင်း မလုပ်တော့ဘဲ ကားပေါ်မှသာ လေ့လာကြည့်ရှုနေမိသည်။ ဒေသခံများ၊ ခရီးသွားဧည့်သည်များ၊ ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိနေသည်ကို သတိပြုမိသည်။

ကျွန်တော်တို့ ရှမ်းစော်ဘွားပြတိုက်သို့ သွားရောက်ခဲ့ကြသည်။ ညောင်ရွှေမြို့ နန္ဒဝန်ရပ်ကွက်၌ တည်ရှိသော ရှမ်းစော်ဘွားပြတိုက်သို့ရောက်ရှိချိန်တွင် လာရောက်သူ တစ်ဦး၊ နှစ်ဦးကို တွေ့ရသည်။ ပြတိုက်အတွင်း ရှမ်းပြည်နယ်မှ စော်ဘွားများ၊ ရှမ်းစော်ဘွားတို့၏ အသုံးအဆောင်ပစ္စည်းများ၊ သမိုင်းမှတ်တမ်းများ၊ ရိုးရာဓလေ့ပစ္စည်းများ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ စနစ်တကျ သိမ်းဆည်းထားသဖြင့် ခိုင်မာသောဓာတ်ပုံနှင့် အချက်အလက်များ အဖိုးတန်စွာတည်ရှိနေခြင်းပင် ဖြစ်သည်။

ပြတိုက်အတွင်း ရှမ်းစော်ဘွားများ အသုံးပြုခဲ့သော အဆောင်အယောင်များကိုကြည့်ရင်း ညောင်ရွှေမြို့အကြောင်း အတွေးဝင်သွားသည်။ ညောင်ရွှေမြို့ကို ပုဂံခေတ်ဦးကာလ ကောသမ္ဗီအမည်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယင်းမြို့ဟောင်းကို လက်ရှိအချိန်၌ ညောင်ရွှေမြို့မြောက်ဘက် ဗောဓိသတ်ဘုရားအနီး၌ တည်ရှိကြောင်း သိရသည်။ နောက်ပိုင်းကောသမ္ဗီမြို့ ပျက်သုဉ်းခဲ့ပြီးနောက် မိုင်းသောက်နှင့် သလဲဦးအကြားဒေသတွင် ရမ္မာဝတီမြို့အမည်ဖြင့် ထပ်မံမြို့တည်ခဲ့သည်။ ထိုအရှေ့ဘက်သို့ အနည်းတိုးကာ ပန်းဖယ်မြို့၊ ထိုမှ ခရစ်နှစ် ၁၃၅၉ ခုနှစ်တွင် လက်ရှိ ညောင်ရွှေမြို့နေရာ၌ မြို့တည်ခဲ့ခြင်းဖြစ်သည်။

ညောင်ရွှေ၏ အဓိပ္ပာယ်မှာ ရှမ်းဘာသာဖြင့် (ရောင်ဝှေ) မှ ဆင်းသက်လာခြင်းဖြစ်ပြီး တောင်နှစ်လုံးအကြားမှ မြို့ဟု အဓိပ္ပာယ်ရလေသည်။ ညောင်ရွှေမြို့ကို စော်ဘွားပေါင်း ၃၀ ခန့်အုပ်ချုပ်ခဲ့ပြီး ပထမဆုံးစော်ဘွားမှာ ဆီဆိုင်ဖမှ နောက်ဆုံးစော်ဘွားစဝ်မောင်အထိ ညောင်ရွှေမြို့ကိုအုပ်ချုပ်ခဲ့သူ စော်ဘွား ၃၀ ခန့်ရှိနေခြင်းဖြစ်သည်။

ကျွန်တော်တို့ကားမှာ ရုံးကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်တွင် ရပ်လိုက်သည်။ ကားပေါ်မှဆင်းပြီး စက်လှေဆိပ်သို့ လမ်းလျှောက်ထွက်လာခဲ့ရာ ခရီးသည်အများအပြားစုပုံနေသည်ကိုတွေ့၍ မေးမိသည်။ စက်လှေဆိပ်၌ ကလေးသူငယ်များ၊ ပြည်တွင်း ပြည်ပခရီးသွားများကို တွေ့မြင်ရသည်။ အင်းလေးကန်သွား စက်လှေခရီးစဉ်က အဓိကထွက်ပေါက်ဖြစ်သည့်အပြင် စက်လှေဆိပ်လည်း ဖြစ်နေသဖြင့် စည်ကားသည်။

စက်လှေဆိပ်တွင် ကပ်ချည်ထားသော ကြိုးများကို ခိုင်မခိုင် စစ်ဆေးမှုများ ပြုလုပ်နေသလို၊ လှေပေါ်ရှိ ထိုင်ခုံများကို လိုက်လံစစ်ဆေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။ ခရီးသည်တစ်အုပ် စက်လှေပေါ်သို့ အလုအယက်တက်နေရာ ရေထဲမပြုတ်ကျစေရန် သတိပေးနေသည်ကိုလည်း တွေ့ရသည်။ စက်လှေအစင်းရေများစွာရှိနေရာ လှေငှားပါက အလွယ်တကူ ငှားရမ်းသွားလာနိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။


ညောင်ရွှေမြို့နှင့် အင်းလေးကို အမြဲတမ်းသွားလာနိုင်ရန် တူးမြောင်းဖောက်လုပ်ထားခြင်းဖြစ်ရာ သွားလာရေးအဆင်ပြေရန် စီစဉ်ထားခြင်းဖြစ်သည်။ စက်လှေပေါ်တွင် ထိုင်ခုံလေးများ တင်ထားသည်ကို တွေ့ရသဖြင့် မေးကြည့်ရာ ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုပေးထားခြင်းဖြစ်သည်။


ညောင်ရွှေမြို့ စက်လှေဆိပ်ကို ကြည့်ရှုလေ့လာနေစဉ် ရုတ်တရက်မိုးရွာချလေသည်။ မိုးနှင့်လေနှင့်ဖြစ်၍ စက်လှေအတော်များများ မပြေးဆွဲနိုင်ကြ။ ခရီးသွားများကလည်း မိုးရွာလေတိုက်ချိန် အင်းလေကန်သို့ သွားသည်မှာ အဆင်မပြေသဖြင့် မသွားကြ၊ စက်လှေများက မိုးရွာနေသဖြင့် ကမ်းစပ်၌ ကပ်နေကြသည်။

ညောင်ရွှေမြို့ ရောက်ချိန်တွင် စက်လှေဆိပ်၌ ခရီးသွားဧည့်သည် နည်းပါးနေသည်။ ရာသီဥတုကြောင့် ဖြစ်မည်။ အင်းလေးကန်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ မှုန်ဝါးဝါးဖြစ်နေသည်။ ချောင်းအတွင်း ခုတ်မောင်းနေသော စက်လှေများက ဆူညံစွာ။ မိုးကတိတ်လိုက်၊ ရွာလိုက်ဖြစ်နေသည်။ ကျွန်တော်တို့ စက်လှေဆိပ်က ပြန်လာသည်အထိ မိုးကရွာနေဆဲ။ အချိန် အခါမဟုတ် ရွာသွန်းသည့် မိုးကတော်တော်နှင့် မစဲ။





ညောင်ရွှေမြို့ စက်လှေဆိပ်ကို တွေ့ရစဉ်














# မြန်မာသဒ္ဒါသင်ကြားရေး(၃)



**မောင်ခင်မင်(ဓနုဖြူ)**

> **ဘာသာစကားတစ်ခုကို လေ့လာရာမှာ တခြားဘာသာစကားတွေရဲ့ ဩဇာလွှမ်းမိုးမှုမခံဘဲ လေ့လာမှသာ အဲဒီဘာသာစကားရဲ့ သွင်ပြင်လက္ခဏာတွေကို အရှိအတိုင်း၊ အမှန်အတိုင်းမြင်မှာပေါ့။ ကဲ...အဲဒီပြဿနာကို နောက်တော့ ဆက်ဆွေးနွေးတာပေါ့။ လက်တင်က အင်္ဂလိပ်ဘာသာထက် ရှေးကျတယ်လေ။ ဩဇာလည်းရှိတယ်။ ဒီတော့ အင်္ဂလိပ်သဒ္ဒါတွေ ပြုစုတဲ့အခါမှာလည်း ဂရိလက်တင်သဒ္ဒါပုံစံထဲကို အင်္ဂလိပ်ဘာသာကိုဝင်အောင်ထည့်ပြီး ပြုစုကြပြန်တယ်**

"ကိုလိုနီခေတ်ကျမှ မြန်မာသဒ္ဒါကျမ်းတွေပေါ်လာတာ ဘာကြောင့်ပါလဲဆရာ"

"သြော်...ပညာရေးစနစ်ကြောင့်ပေါ့ကွယ်။ အရင်တုန်းကတော့ မြန်မာနိုင်ငံမှာ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ် ထွန်းကားတော့ ဘုန်းတော်ကြီးတွေက ပိဋကတ်စာပေတွေ သင်ပေးတာပေါ့။ အဲဒီထဲမှာ ပါဠိသဒ္ဒါလည်းပါတာပေါ့။ ပါဠိသဒ္ဒါကျမ်းတွေ အစဉ်အဆက်သင်ကြားလေ့လာကြတယ်လေ။ ကိုလိုနီခေတ်ရောက်တော့ အတန်းကျောင်းပညာရေးစနစ် ပေါ်လာတယ်။ ဗြိတိသျှပညာရေးစနစ်အရ သင်ရတဲ့ဘာသာတွေထဲမှာ သဒ္ဒါလည်းပါတယ်လေ။ အဲဒီတော့ ကျောင်းမှာသင်ဖို့ ကျောင်းသုံးမြန်မာသဒ္ဒါတွေ ပြုစုကြတာပေါ့။"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော်သဒ္ဒါစာအုပ်တွေစုပြီး လေ့လာတုန်းက ကျောင်းသုံးသဒ္ဒါတွေတော်တော်များများ စုမိပါတယ်"

"အဲ...ဒီနေရာမှာ တစ်ခုသတိထားမိတာက အဲဒီကျောင်းသုံးသဒ္ဒါအများစုဟာ ဝါစင်္ဂရှစ်ပါးကို အခြေခံတဲ့ သဒ္ဒါတွေဖြစ်နေတာပဲ"

"ဆရာ ကျွန်မသတိထားမိတာတစ်ခုပြောပါရစေ"

"ပြောလေ"

"ကျွန်မတို့ ကျောင်းသူဘဝတုန်းက အင်္ဂလိပ်သဒ္ဒါသင်ရတော့ eight parts of speech ဆိုပြီး သင်ရပါတယ်။ မြန်မာသဒ္ဒါတွေမှာလည်း ဝါစင်္ဂရှစ်ပါးဆိုပြီး တွေ့ရပါတယ်။ ဒီတော့ ကျွန်မသိချင်တာက ဝါစင်္ဂရှစ်ပါးဟာ အင်္ဂလိပ်မှာလည်းရှိတယ်။ မြန်မာမှာလည်းရှိတယ်ဆိုတော့ ဘာသာစကားတိုင်းမှာ ဝါစင်္ဂရှစ်ပါးရှိတာလား။ ဒါမှမဟုတ် အင်္ဂလိပ်စကားနဲ့မြန်မာစကားက ဝါစင်္ဂရှစ်ပါးရှိပုံချင်း တူနေတာလားလို့ တွေးမိလို့ပေါ့"

"အေး...အဲဒီလိုတွေးစရာပဲပေါ့။ ဝါစင်္ဂရှစ်ပါးဆိုတာ သိပ်အသုံးတွင်ကျယ်ခဲ့တာကိုး။ ဝါစင်္ဂရှစ်ပါးရဲ့ အရင်းအမြစ်ကို ဘာသာဗေဒပညာရှင်တွေက လေ့လာစူးစမ်းကြတော့ ဘာတွေ့သလဲဆိုရင် ဝါစင်္ဂရှစ်ပါးဟာ ဂရိသဒ္ဒါကစခဲ့တယ်ဆိုတာ တွေ့ရတယ်။"

"ဟို...ဂရိတို့၊ ရောမတို့လားဆရာ"

"ဟုတ်တယ်။ တိတိကျကျပြောရရင် ဘီစီ ၁၀၀ လောက်တုန်းက ပေါ်ပေါက်လာတဲ့ ဂရိသဒ္ဒါဆရာ Dionesyus Thrax ဒိုင်အိုနီးဆီးယပ်ထရက်က ဂရိဘာသာစကားရဲ့ သဒ္ဒါကိုပြုစုရာမှာ ဝါစင်္ဂရှစ်ပါးခွဲပြီးပြုစုတယ်။ အဲဒါဝါစင်္ဂရှစ်ပါးရဲ့ အစပဲ"

"သြော်...ဟုတ်ကဲ့ပါ"

"အဲဒီ ဂရိသဒ္ဒါဟာ နှစ်ပေါင်းများစွာ ကျောင်းသုံးဖြစ်ပြီး အနောက်တိုင်းသဒ္ဒါလောကကို အများကြီးဩဇာလွှမ်းမိုးခဲ့တယ်"

"ဟုတ်ကဲ့ပါ"

"မင်းတို့လည်း ကမ္ဘာ့သမိုင်းသိတာပဲ။ ဂရိခေတ်ကုန်တော့ ရောမခေတ်ရောက်တယ်မဟုတ်လား။ ရောမတွေက လက်တင်ဘာသာကို အသုံးပြုတယ်။ ဂရိတွေရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ရောမတွေက ဆက်ခံတယ်။ အဲဒီခေတ်မှာ ဂရိသဒ္ဒါကို စံပြုပြီး လက်တင်သဒ္ဒါတွေပြုစုကြပြန်ရော။ ခုနပြောတဲ့ ဂရိသဒ္ဒါကိုလည်းလက်တင်ဘာသာပြန်တယ်။ ဘာသာပြန်တဲ့ သဒ္ဒါဆရာက လက်တင်မှာမရှိတဲ့ 'ပစ္စည်း' ကို ဖြုတ်ပြီး လက်တင်မှာရှိတဲ့ 'အာမေဍိတ်' ကိုထည့်လိုက်တယ်။"

"သြော်။ ကျွန်တော်တို့ မြန်မာသဒ္ဒါမှာတော့ ပစ္စည်းရော အာမေဍိတ်ရောပါတယ်နော်"

"အေး...အဲဒါခဏထားပါဦး။ တကယ်တော့ ဂရိနဲ့ လက်တင်က ဖွဲ့စည်းပုံချင်း မတူတာတွေရှိတယ်။ ဒါပေမယ့် အဲဒီတုန်းက ဂရိဘာသာကဩဇာလွှမ်းမိုးနေတော့ လက်တင်ဘာသာကို ဂရိပုံစံထဲထည့်ပြီး လေ့လာမိတာပေါ့ကွယ်"

"အင်း...မြန်မာစကားကို အင်္ဂလိပ်သဒ္ဒါပုံစံနဲ့လေ့လာတာမျိုးပေါ့နော်ဆရာ"

"အေး၊ ဘာသာစကားတစ်ခုကို လေ့လာရာမှာ တခြားဘာသာစကားတွေရဲ့ ဩဇာလွှမ်းမိုးမှုမခံဘဲ လေ့လာမှသာ အဲဒီဘာသာစကားရဲ့ သွင်ပြင်လက္ခဏာတွေကိုအရှိအတိုင်း၊ အမှန်အတိုင်းမြင်မှာပေါ့။ ကဲ...အဲဒီပြဿနာကို နောက်တော့ ဆက်ဆွေးနွေးတာပေါ့။ လက်တင်က အင်္ဂလိပ်ဘာသာထက် ရှေးကျတယ်လေ။ ဩဇာလည်းရှိတယ်။ ဒီတော့ အင်္ဂလိပ်သဒ္ဒါတွေပြုစုတဲ့အခါမှာလည်း ဂရိလက်တင်သဒ္ဒါပုံစံထဲကို အင်္ဂလိပ်ဘာသာကိုဝင်အောင်ထည့်ပြီး ပြုစုကြပြန်တယ်။ ဒီတော့ အင်္ဂလိပ်သဒ္ဒါတွေဟာလည်း ဝါစင်္ဂရှစ်ပါးပုံစံဖြစ်လာတာပေါ့"

"ဟုတ်ကဲ့"

"နောက်တစ်ခုက ဂရိသဒ္ဒါရဲ့ဝါစင်္ဂရှစ်ပါးထဲက 'ပစ္စည်း' ကို ဖြုတ်ပြီး လက်တင်သဒ္ဒါက 'အာမေဍိတ်' ထည့်တယ်လို့ ခုနပြောခဲ့တယ်နော်။ အလယ်ခေတ်ကစပြီး အင်္ဂလိပ်သဒ္ဒါတွေမှာ 'ပစ္စည်းရော'၊ 'အာမေဍိတ်' ရောထည့်ပြီး ဝါစင်္ဂကိုးပါးဖြစ်သွားတယ်။"

"ဟင်...အခုကျောင်းတွေမှာ သင်ရတဲ့ မြန်မာသဒ္ဒါလည်း ဝါစင်္ဂကိုးပါးပဲနော်"

"ဟုတ်တယ်။ အဲဒီမှာ 'ပစ္စည်းဆိုတာ ၍၊ ၌၊ ၏ တို့၊ တယ်၊ မယ်၊ တော့' တို့လို ဟာမျိုးတွေပေါ့။ ပစ္စည်းက စကားလုံးအပြည့် မဟုတ်ဘူးလေ။ ဒါကြောင့် တချို့ပညာရှင်တွေကတော့ ပစ္စည်းကို ဝါစင်္ဂတစ်ခုအဖြစ် မသတ်မှတ်ချင်ကြဘူး။ ဒါကြောင့် ဝါစင်္ဂရှစ်ပါးလို့ပဲ သတ်မှတ်ကြတယ်။"

"သြော်... ဒီလိုကိုး၊ နားလည်ပါပြီဆရာ"

"စိတ်ဝင်စားဖို့ကောင်းတာက မြန်မာသဒ္ဒါစပြီး ပြုစုတဲ့ ပညာရှင်တွေဟာ မြန်မာတွေ မဟုတ်ဘဲ အနောက်နိုင်ငံသား ပညာရှင်တွေဖြစ်နေတာပဲကွဲ့"

"ဟင်... ဟုတ်လားဆရာ၊ဘယ်လိုကြောင့်..."

"ဒီလိုလေ။ အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ရောက်ပြီးတဲ့နောက်မှာ အနောက်နိုင်ငံသားတွေဟာ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ မြန်မာနိုင်ငံကိုရောက်လာကြတယ်။ ရည်ရွယ်ချက်တစ်ခုက ခရစ်ယာန်သာသနာပြုတွေ မြန်မာနိုင်ငံမှာ သာသနာပြု ဖို့ ရောက်လာတာပဲ။ မင်းတို့၊ ဆရာတို့သိတဲ့ ဆရာယုဒသန်ခေါ်တဲ့ ဒေါက်တာဂျပ်ဆင် အပါအဝင်ပေါ့။ သာသနာပြုနိုင်ဖို့အတွက် ဒေသခံတွေရဲ့ စကားကိုတတ်ဖို့ အရေးကြီးတယ်မဟုတ်လား။ ဒါကြောင့် ဒီပုဂ္ဂိုလ်တွေဟာ မြန်မာစကားကို တတ်အောင်သင်ပြီး မြန်မာသဒ္ဒါတွေ၊ အဘိဓာန်တွေ ပြုစုတာပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုက မြန်မာနိုင်ငံကို အုပ်ချုပ်ရေးတာဝန်နဲ့ ရောက်လာတဲ့ အင်္ဂလိပ်အရာရှိ တွေ၊ ပြီးတော့ ကုန်သည်တွေ၊ သူတို့ကလည်း လုပ်ငန်းအဆင်ပြေဖို့အတွက် မြန်မာစကားကို လေ့လာပြီး မြန်မာသဒ္ဒါတွေ ပြုစုကြတယ်"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုကတော့ ခုနပြောတဲ့ အတန်းကျောင်းပညာစနစ်ပေါ်လာလို့ ကျောင်းတွေမှာသင်ဖို့ မြန်မာသဒ္ဒါတွေ ပြုစုကြတာပဲ။ ဒီတော့ အဲဒီတုန်းက မြန်မာသဒ္ဒါရေးတဲ့သူတွေ ကြည့်ရင် ခရစ်ယာန်သာသနာပြုတွေ ကုန်သည်တွေ၊ ပညာရေးဝန်ထမ်းတွေ ဖြစ်နေတာ သဘာဝကျတာပေါ့ကွယ်"

"မှန်ပါတယ် ဆရာ"

"ကဲ... အဲဒီပညာရှင်တွေဟာ မြန်မာသဒ္ဒါပြုစုဖို့ ဘယ်လိုကိုယ်ခံတွေရှိကြသလဲလို့ စဉ်းစားကြည့်ရင် အားလုံးဟာ အင်္ဂလိပ်သဒ္ဒါ ကျွမ်းကျင်တဲ့သူတွေချည်းပဲလေ။ သူတို့ ငယ်ငယ်ကတည်းက ကျောင်းမှာအင်္ဂလိပ်သဒ္ဒါကို ကောင်းကောင်း သင်ခဲ့ကြရတာပေါ့။ ဒါဖြင့် အဲဒီအင်္ဂလိပ်သဒ္ဒါကကော ဘယ်လိုသဒ္ဒါလဲ မင်းတို့ပဲ ပြောကြစမ်းပါ"

"ဟုတ်ကဲ့။ သူတို့သင်ခဲ့တဲ့ အင်္ဂလိပ်သဒ္ဒါဟာ ခုနဆရာပြောခဲ့သလို ဂရိပုံစံ၊ လက်တင်ပုံစံနဲ့ပြုစုထားတဲ့ အင်္ဂလိပ်သဒ္ဒါတွေ ဖြစ်မှာပေါ့ဆရာ"

"ဟုတ်တယ်။ အဲဒီသဒ္ဒါက သူတို့ကို အခိုင်အမာဩဇာလွှမ်းမိုးနေတော့ မြန်မာစကားကို လေ့လာပြီး မြန်မာသဒ္ဒါပြုစုတဲ့ အခါမှာလည်း အဲဒီဂရိလက်တင်ဩဇာလွှမ်းတဲ့ အင်္ဂလိပ်သဒ္ဒါရှုထောင့်ကနေပြီး မြန်မာစကားကိုလေ့လာမိမှာသဘာဝပဲလေ။ အင်္ဂလိပ်သဒ္ဒါပုံစံကို မြန်မာစကားထည့်ကြည့်ပြီး မြန်မာသဒ္ဒါတွေ ပြုစုကြတာပေါ့"

"သြော်"

"နောက်တော့ မြန်မာပညာရှင်တွေလည်း မြန်မာသဒ္ဒါစာအုပ်တွေ ပြုစုကြတယ်။ ရှေ့ကသွားတဲ့အနောက်တိုင်းပညာရှင်တွေရဲ့ သဒ္ဒါစာအုပ်တွေကို မှီငြမ်းပြီးပြုစုတာတွေ အများကြီးပေါ့။ ဒီတော့ အနောက်တိုင်းပညာရှင်တွေပြုစုတဲ့ မြန်မာသဒ္ဒါတွေကို မြန်မာပညာရှင်တွေပြုစုတဲ့ မြန်မာသဒ္ဒါတွေရော ပေါ်လာတာပေါ့။ ကျောင်းတွေမှာလည်းသင်တာပေါ့။ ဒါပေမယ့် စဉ်းစားကြည့်လေ။ အဲဒီသဒ္ဒါအားလုံးလိုလိုဟာ ဝါစင်္ဂရှစ်ပါးသဒ္ဒါတွေဖြစ်နေတာပေါ့ကွယ်"

"ဒီလိုဆိုရင် ဝါစင်္ဂရှစ်ပါးအယူအဆဟာ ဂရိလက်တင်ကနေပြီး အင်္ဂလိပ်၊ အင်္ဂလိပ်ကနေပြီး မြန်မာဆီရောက်လာတာပေါ့နော်ဆရာ"

"ဟုတ်တယ်လေ။ အဲဒီကို မင်းတို့မြင်သာအောင်ကွင်းဆက်နဲ့ ပြောပြတာပါ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ကိုလိုနီခေတ်ကစပြီး မြန်မာသဒ္ဒါသင်ရတဲ့ ကျောင်းသားတွေအနေနဲ့ ဘယ်လိုသဘောပေါက်မယ်ထင်သလဲ။ အင်္ဂလိပ်သဒ္ဒါသင်တော့လည်း eight parts of speech သင်ရတယ်။ ဆရာတို့ငယ်ငယ်ကအထိ သင်ရတဲ့ အင်္ဂလိပ်သဒ္ဒါစာအုပ်တွေထဲမှာ J.C.Nesfield နက်စဖီးရေးတဲ့ English Grammar ဟာတော်တော်ထင်ရှားတယ်။ အဲဒီမှာလည်း eight parts of speech ပဲ။ နောက်-မြန်မာသဒ္ဒါသင်ရတော့လည်း ဝါစင်္ဂရှစ်ပါးပဲဆိုတော့။ ဝါစင်္ဂရှစ်ပါးဆိုတာ အင်္ဂလိပ်မှာရော၊ မြန်မာမှာရောရှိတဲ့ အစိတ်အပိုင်းတွေပဲလို့ ထင်လာတာပေါ့။ ဒါ့အပြင်ဘယ်ဘာသာစကားဖြစ်ဖြစ် ဝါစင်္ဂရှစ်ပါးချည်းရှိတယ်လို့ ထင်မြင်တဲ့အထိဖြစ်လာတာပေါ့ကွယ်"

"ဟုတ်ကဲ့ဆရာ။ အဲဒီလိုဖြစ်လာတာလည်း သဘာဝကျပါတယ်"

"ဆရာ၊ ဒါဆိုရင် ဝါစင်္ဂရှစ်ပါးဆိုတာ ပါဠိသဒ္ဒါကယူတာ မဟုတ်ဘူးပေါ့နော်။ ကျွန်မက ဝါစင်္ဂဆိုတဲ့ပါဠိစကားကိုကြည့်ပြီး ပါဠိဆီက ယူတဲ့အယူအဆလို့ထင်နေတာ"

"ပါဠိသဒ္ဒါမှာ ဝါစင်္ဂရှစ်ပါးမရှိပါဘူးကွယ်။ ရှေးက ပေါ်တဲ့ပါဠိပုံစံနဲ့ရေးတဲ့ မြန်မာသဒ္ဒါတွေမှာလည်း ဝါစင်္ဂရှစ်ပါး မပါပါဘူး။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်သဒ္ဒါပုံစံနဲ့ရေးတဲ့ သဒ္ဒါတွေကျမှ ဝါစင်္ဂရှစ်ပါးပေါ်လာတာပါ။ ဝါစင်္ဂရှစ်ပါးဩဇာက ခုအထိ ရှိတန်သလောက် ရှိနေတုန်းပဲလေ"

"ဟုတ်ကဲ့ပါ"

"ဒါက မြန်မာသဒ္ဒါသင်ကြားရေးအကြောင်းပြောဖို့ရှေ့က လမ်းခင်းထားတာပါ။ ဆက်ပြောကြသေးတာပေါ့"

# တစ်နာရီပြေးခြင်းက ၇ နာရီအသက်ပိုရှည်နိုင်

**ကလျာမိုးမြင့်**




အသက်ရှင်နေထိုင်မှု သက်တမ်းကို ပိုမိုရှည်ကြာစေမယ့် အထိရောက်ဆုံးနဲ့ အရိုးရှင်းဆုံး လေ့ကျင့်ခန်းတစ်ခုက ပြေးခြင်းဖြစ်တယ်လို့ ကာယလေ့ကျင့်မှုနဲ့အချိန်မတိုင်မီသေဆုံးမှုကို လေ့လာခဲ့တဲ့ သုတေသနရလဒ်အသစ်တွေက အကြံပြုထားပါတယ်။

တွေ့ရှိခဲ့တဲ့ရလဒ်တွေအရ ပြေးလွှားလှုပ်ရှားမှုလုံးဝမရှိတဲ့သူတွေနဲ့ နှိုင်းယှဉ်ရင် ပြေးလွှားလှုပ်ရှားနေသူတွေဟာ အသက်သုံးနှစ်ပိုရှည်တယ်လို့ ဖော်ပြထားပါတယ်။ ပြေးတဲ့သူဟာ အဝလွန်နေသူဖြစ်စေ၊ ဆေးလိပ်နဲ့ အရက်သေစာ သောက်သုံးသူဖြစ်စေ ခပ်နှေးနှေးပြေးတာ ဖြစ်စေလုံးဝမပြေးတဲ့သူထက်တော့ အသက်ပိုရှည်နိုင်တယ်လို့ ဆိုထားပါတယ်။

အသက်ရှင်နေထိုင်နိုင်မှုပမာဏကို ပိုမိုရှည်ကြာအောင်ဆွဲဆန့်တဲ့နေရာမှာ ပြေးခြင်းလို ထိရောက်တဲ့ကာယလှုပ်ရှားမှုပုံစံမျိုးကို သုတေသနပညာရှင်တွေက မတွေ့ရှိ သေးဘူးလို့ ဆိုပါတယ်။ဒီတွေ့ရှိမှုဟာ ဒေါလပ်စ်မှာ သုံးနှစ်ကြာပြုလုပ်ခဲ့တဲ့လေ့လာမှုရဲ့ နောက်ဆက်တွဲတွေ့ရှိချက်ဖြစ်ပါတယ်။

နေ့စဉ်ပုံမှန် ငါးမိနစ်လောက်သာ ဖြစ်စေ ပြေးလိုက်ခြင်းက အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်မှုနဲ့ဆက်စပ်နေတယ်လို့ဖော်ပြထားပါတယ်။ မိုင်နှုန်းမြင့်အပြေးသမားတွေက သူတို့ဟာပြေးခြင်းကိုလိုအပ်သည်ထက်များစွာ ပိုမိုလုပ်ဆောင်ခဲ့မိသလား ဆိုတာကိုတွေးမိပြီး ရေတွက်လို့တောင်မရနိုင်တော့တဲ့ မိုင်ပေါင်း၊ နာရီပေါင်းများစွာ ပြေးခဲ့မိတာကြောင့် ပြေးခြင်းဟာ အလုပ်မဖြစ်တဲ့ အပြင်အရွယ်မတိုင်မီ သေဆုံးမှုကို ဖြစ်စေနိုင်မလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေဖြစ်လာတယ်လို့ဆိုပါတယ်။

ဒါ့အပြင် ပြေးခြင်းဟာလူတွေရဲ့ အသက်ရှည်မှုကို အမှန်တကယ်ဖြည့်စွက်ပေးနိုင်ရဲ့လားလို့ မေးခွန်းထုတ်တဲ့ လူအနည်းအကျဉ်းရှိနေတဲ့ အတွက် သုတေသီတွေဟာ နောက်ထပ်စမ်းသပ်လေ့လာမှုအမြောက်အမြားကို ထပ်မံပြုလုပ်ခဲ့ပြီးတဲ့နောက်မှာ အချက်အလက်တွေထုတ်ယူ နိုင်ခဲ့ပါတယ်။

အချက်အလက်တွေက ဖော်ပြထားတာကတော့ သာမန်အပြေးသမားဖြစ်စေ၊ မြန်မြန်ပြေးတဲ့ အပြေးသမားဖြစ်စေ ပြေးခြင်းဟာအရွယ်မတိုင်မီသေဆုံးမှု ကို ၄၀ ရာခိုင်နှုန်းလောက်နီးပါး လျှော့ချပေးနိုင်တယ်ဆိုတာပါပဲ။

ဒီနေရာမှာ ပြေးတဲ့သူဟာ ဆေးလိပ်နဲ့အရက်ကိုဖြတ်ဖို့ကြိုးစားနေသူဖြစ်စေ၊ အဝလွန်ခြင်းနဲ့ သွေးတိုးရောဂါလိုမျိုး ကျန်းမာရေးအရချို့ယွင်းချက်တစ်ခုခုရှိနေသူဖြစ်စေ ပြေးခြင်းကြောင့်ရရှိမယ့် ကောင်းကျိုးကို ဧကန်ရရှိခံစားနိုင်မှာဖြစ်တယ်လို့ အချက်အလက်တွေက ဖော်ပြနိုင်ခဲ့ပါတယ်။

အပြေးသမားမဟုတ်သော်လည်း အားကစားနည်းတစ်မျိုးမျိုးကို လိုက်စားတဲ့ သူတွေမှာ အချိန်မတိုင်မီသေဆုံးခဲ့မှုဟာ ၁၆ ရာခိုင်နှုန်းလောက်သာရှိခဲ့ပြီး နှလုံးရောဂါကြောင့် သေဆုံးခဲ့မှု ၂၅ ရာခိုင်နှုန်းလောက်သာရှိခဲ့တယ်လို့ သိရပါတယ်။ တစ်နာရီပြေးခြင်းဟာ အသက်ကို ခုနစ်နာရီလောက်ပိုရှည်စေတယ်လို့ သုတေသီတွေက အကြံပြုထားကြပါတယ်။

**(နယူးယောက်တိုင်းမ်)**

# ငယ်ဘဝလေးတမ်းတမိတယ်

**အေးချမ်း**

“လူလေး ထတော့ထတော့ လှည်းတွေသွားကုန်ပြီ နောက်ကျနေလိမ့်မယ်”

ငယ်ငယ်ကျောင်းသားဘဝတုန်းက အဒေါ်က မနက်စောစောကြက်သွန်ခင်းသွားဖို့ နှိုးတာလေး နားထဲမှာကြားနေတုန်းပါ။ ခုလိုကြက်သွန်တူးတဲ့သင်္ကြန်ကာလဆို အဒေါ်တို့က ကြက်သွန်ခင်းသွားပြီး မုန့်ပဲသရေစာနဲ့ ကြက်သွန်နဲ့လဲတယ်။ များသောအားဖြင့်တော့ မုန့်ကျွဲသည်းခေါ်တာပေါ့။ အဲဒီမုန့်ကျွဲသည်းနဲ့ ကြက်သွန်သွားသွားလဲတာ။

ကျွန်တော် လူမှန်းသိတတ်စအရွယ်မှာတော့ အဒေါ်နဲ့အဘွားတွေက မွေးစားထားပြီးပြီ။ အဖေအမေကသားသမီးခုနစ်ယောက်ရှိတယ်။ ရေနံကအောက်ခြေဝန်ထမ်းလေ။ ချောက်မြို့ ပုဂံချောင်မှာနေတယ်။ အဖေကရေနံလစာနဲ့မလောက်တော့ စက်ချုပ်တယ်။ အဲဒီတုန်းက လမ်းမတော်မှာရှိတဲ့ အုန်းမောင်နဲ့ညီများ စာအုပ်ဆိုင် နောက်ခန်းမှာပဲ စက်ချုပ်တယ်၊ လက်ရာကောင်းတယ်၊ သေသပ်တယ်၊ ဒါပေမယ့်ကြာတယ်၊ ဒါကြောင့် ကျွန်တော်အဖေကို ခင်မင်သူတွေက ဘွဲ့ပေးထားတယ်။ စက်ကြာတဲ့။ ဒါပေမယ့် လက်ရာကောင်းတော့ အပ်ကြတယ်။

ကျွန်တော်လူမှန်းသိတော့ အဘွားတွေနဲ့ အဒေါ်ဆီမှာရောက်နေပြီ။ မိသားစုလေးယောက်ပေါ့။ အဒေါ်က အပ်ချုပ်ကြီး၊ စက်ချုပ်တယ်။ တစ်ခါတလေ ရွာတွေ သွားသွားပြီး စားစရာသောက်စရာနဲ့ ကောက်ပဲသီးနှံတွေလဲတာ လုပ်တယ်။ ဒေါ်လေးလို့ခေါ်တဲ့ အဘွားငယ်က စုဆောင်းထားတာရှိတော့ နည်းနည်းထောက်ပံ့တယ်။ ကျွန်တော်တို့ရွာက ပိုက်ဆံရှိတဲ့ သူတွေက ယောချောင်းမှာ ကြက်သွန်လုပ်ကြတယ်။ ဆောင်းတွင်းမှာ စိုက်ပြီး သင်္ကြန်လောက်ဆို တူးကြတာပေါ့။ကျွန်တော်တို့ရွာနဲ့ အဲဒီကြက်သွန်လုပ်တဲ့နေရာ ယောချောင်းက နှစ်မိုင်လောက်ဝေးတယ်။ ကြားမှာ အရင်ကတော့ ဖိုးခေါင်ချင်းဆိုတဲ့ ယာတောကြီးကို ဖြတ်သွားရတယ်။ အဲဒါပြီးရင် ယောချောင်းဘေးက ရွာအိုဆိုတဲ့ ရွာလေးကို ရောက်တယ်။ အိမ်က ၁၀ အိမ်လောက်ပဲရှိတာပါ။ ကျွန်တော်တို့ အလယ်တန်းကျောင်းသား လောက်ကျတော့ အဲဒီဖိုးခေါင်ချင်းယာတောကြီးမှာ နိုင်ငံတော်က အရေးကြီးစက်ရုံစီမံကိန်းတစ်ခုရောက်လာတယ်။ ရွာအိုရွာကိုလည်း ဟိုအရှေ့ဘက်က စစ်ပင်ဆိုတဲ့ရွာနားကို ရွှေ့ပေးတယ်။ ရွာအိုက ရွာသူရွာသားတွေကို နိုင်ငံတော်က အိမ်လေးတွေ ဆောက်ပေးပါတယ်။

ယောချောင်းမှာ အနီးအနားရွာတွေက ကြက်သွန်လာစိုက်ကြတယ်။ လမ်းရွာ၊ ရွာအို၊ ဝါဇီ၊ ချောင်းမကြီး၊ တူရွင်းမျော စတဲ့ရွာတွေပေါ့။ အောက်ပိုင်းကျတော့ မင်းမသေ၊ စစ်ပင်၊ ကြွေပုဂံ၊ ပေါင်းငူစွန်း၊ ဆိပ်ဖြူတို့က စိုက်ကြတယ်။ ဟိုအထက်ဘက်ကျ မြင်းစခေါ၊ မဲစလီကွေ့၊ ပင်းတလဲ၊ ချိုက်၊ ကံတွင်း၊ ဆိုက်ခမ်း၊ ရွာမ၊ ဒေါင်းသာ၊ ဆင်နီတောင်စတဲ့ရွာတွေက စိုက်တယ်။ ကျန်တဲ့ အချိန်ဆိုရင်လည်း ယောချောင်းသောင်ပြင်မှာ ရာသီသီးနှံ၊ မုန်လာ၊ မုန်ညင်း၊ ဆလတ်၊ ဂေါ်ဖီ၊ ကန်စွန်း၊ ပြောင်းဖူး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ပဲအမျိုးမျိုးနဲ့ ပန်းအမျိုးမျိုး စတာတွေစိုက်ကြတယ်။ ရာသီသီးနှံတွေကို အနားမှာရှိတဲ့ စက်ရုံနယ်မြေ၊ ချောက်၊ ဆိပ်ဖြူတို့ကို သွားရောင်းကြတာပါ။

ကြက်သွန်တူးတဲ့အချိန်ဆို အခင်းတွေမှာ လူငှားတွေနဲ့ တူးကြတာ၊ တစ်လက်စတည်း အခင်းထဲမှာတင် အမြိတ်ဖြတ်ကြတာ။ လူတွေတစ်လှေတစ်မနဲ့ ယောချောင်းတစ်လျှောက်ပွဲခင်းကျနေတာပဲ။ တချို့အခင်းက အသံချဲ့စက်တောင်ဖွင့်လိုက်သေး။ အခင်းရှင်တွေက မုန့်ပဲသရေစာကျွေး၊ ထမင်းကျွေးပေါ့။ အဲဒါကို ကျွန်တော်တို့က မုန့်ပဲသရေစာနဲ့ ကြက်သွန်သွားလဲတာ။ စောစောက ပြောသလိုပေါ့၊ ကျွန်တော်တို့ကတော့ မုန့်ကျွဲသည်းတို့၊ ကောက်ညှင်းပေါင်းတို့၊ ထန်းလျက်တို့၊ ပဲလှော်တို့၊ ကုလားပဲတောင့်နဲ့ သွားသွားလဲတာ၊ တူးနေတဲ့ ကာလနှစ်ပတ်သုံးပတ်လောက်ပါပဲ။ အရင်ကတည်းကရှိခဲ့တဲ့ အလဲအထပ်နဲ့ ဈေးရောင်းတာပါပဲ။

ညညဆို အဒေါ်နဲ့ကျွန်တော်က မုန့်ကျွဲသည်းကျိုရတယ်။ မုန့်ကျွဲသည်းဆိုတာ ဆန်စေးရယ်၊ ဆန်ကြမ်းရယ်ကို အမှုန့်လုပ်ပြီး အချိုးအဆနဲ့ရောကျိုတာပါ။ ချခါနီးတော့ ထန်းလျက်ထည့်တာပေါ့။ ဒါပေမယ့် လက်ရာကောင်းမကောင်းက ပညာပါတယ်။ အချိုးအဆ ရောစပ်တာကအစ၊ မွှေရတာအလယ်၊ သွန်တာနဲ့လှီးတာ အဆုံးပေါ့။ ကျွန်တော်က ဒိုင်ခံမွှေရတယ်၊ အမွှေမနာရင် ချိုးကပ်တယ်။ တူးနံ့ရမယ်။ ဒါကြောင့် မနားမနေ မွှေရတာ၊ ပြီးရင်ဆီသုတ်ဖျန်းထားတဲ့လင်ပန်းထဲကိုသွန်ပြီး အအေးခံရတာပေါ့။

အဲဒါပြီးရင် ခြစ်ထားတဲ့အုန်းကိုဆီနဲ့ကြော်ရတယ်။ အုန်းကြော်ပေါ့။ အဲဒါကို အေးသွားတဲ့ မုန့်ကျွဲသည်းပေါ်ကို ဖြူးရတယ်။ မွှေးပြီးအရသာလည်း ကောင်းတယ်လေ။ လင်ပန်းထဲလောင်းထားတဲ့ မုန့်တွေအေးရင် အဒေါ်နဲ့ ကျွန်တော်က ဆန္ဒင်းမကင်းပုံလေးတွေ လှီးရတယ်။ ဒီအတိုင်းမရဘူး။ လက်ကိုဆီလေးသုတ်သုတ်ပြီး ကိုင်ရတာ။ အဲဒီလို မဟုတ်ရင် လက်ကိုကပ်တယ်လေ။ မုန့်မလှဘူးပေါ့။ လှီးပြီး မနက်သွားရောင်းရင် သယ်မယ့်ဒန်အိုးကြီးထဲမှာ ထပ်ထား၊ တစ်ထပ်ချင်းတော့ ကျွန်တော်တို့ကလေးတွေ ဝိုင်းတွယ်ကြတာပေါ့ဗျာ။ များများစားစားတော့ မရပါဘူး။ ရတဲ့ကြက်သွန်လေး တစ်တိတစ်တိနဲ့ရောင်းရင်း အိမ်စရိတ်ဖာခဲ့ရတာလေ။

အဲဒါတင်မကဘူး။ တစ်နှစ်တစ်ခါနှစ်ခါလောက်တော့ ကျွန်းထဲအထိသွားသွားပြီး အဲဒီလိုအလဲအလှယ်နဲ့ ရောင်းတယ်။ ကျွန်းထဲဆိုတာက ဧရာဝတီမြစ်ထဲက ရေနံချောင်းအရှေ့ဘက်ကျွန်းဖြစ်တဲ့ ထောင့်ကြီးကျွန်းကိုပြောတာ။ အဲဒီတုန်းက ကျွန်းချောင်းတို့၊ ရေနံချောင်းတို့ကနေ ချောက်ကိုဈေးဝယ်တဲ့ မော်တော်အသွားအပြန် နေ့တိုင်း နှစ်စီးလောက်ရှိတယ်။ မနက်ကျွန်းချောင်းဘက်ကထွက်၊ ချောက်ကို ရှစ်နာရီကိုးနာရီလောက်ရောက်၊ ဈေးဝယ်ကြ၊ ချောက်ကနေ တစ်နာရီလောက်ပြန်ထွက်တာပေါ့။ အဲဒီမော်တော်နဲ့ လိုက်ပြီး ထောင့်ကြီးကျွန်းထဲကို သွားသွားလဲတာ။

အဲဒီလိုနဲ့ ကြီးပျင်းလာတဲ့ ကျွန်တော့်အတွက်တော့



ကြက်သွန်စိုက်ပျိုးရန် ကျင်းခတ်နေစဉ် ဓာတ်ပုံ - မေမိုးသဲ

အုန်းကြော်လေးတွေ ဖြူးပေး၊ အလဲအလှယ်ရောင်းဖို့လုပ်တာပေမယ့် စေတနာနဲ့ လုပ်တာပါပဲ။ ကိုယ်လည်း အကျိုးအမြတ်ရ၊ စားတဲ့သူလည်း အရသာရှိတာပေါ့။

လဲတဲ့စနစ်က ရိုးရိုးလေးပေမယ့် စိတ်ဝင်စားစရာ ကောင်းတယ်။ ကိုယ့်မှာပါတဲ့ ပစ္စည်းဈေးနဲ့ ကြက်သွန်ဈေးနှိုင်းဆပြီး သုံးလေးတစ်လေး၊ ငါးလေးတစ်လေးစသည်ဖြင့် လဲရတာ။ ဆိုလိုတာက မုန့်ကျွဲသည်းတစ်ပိဿာ ကြက်သွန်သုံးပိဿာဆိုရင် သုံးလေးတစ်လေးပေါ့။ အခင်းရှင်တွေကလည်း တူးတဲ့လူတွေအတွက် မုန့်ပဲသရေစာ သီးသန့်မလုပ်လာကြဘူး။ အလုပ်ကရှုပ်နေကြတော့ အချိန်ကလည်း မရှိကြဘူးလေ။ ဒီတော့ ကြက်သွန်နဲ့လဲပြီး ကျွေးကြတာပါပဲ။ တစ်ခင်းပြီးတစ်ခင်းလဲသွား၊ စာရင်းမှတ်သွားပြီး အပြန်ကျတော့ ရမယ့် ကြက်သွန်ပြန်သိမ်းလာတာပါ။

များသောအားဖြင့် တခြားရွာက ကြက်သွန်ခင်းကလဲလို့ရတဲ့ ကြက်သွန်ဆိုရင်တော့ ပြန်သယ်လာပေါ့။ ကိုယ့်ရွာက အခင်းဆိုရင်တော့ ရွာရောက်မှလာယူမယ်ဟေ့ပေါ့။ အဆင်ပြေလို့ တစ်ခါတလေ တခြားရွာအခင်းထဲကရတဲ့ ကြက်သွန်ကိုပါ နင်တို့လှည်းလေးနဲ့တင် ခဲ့ပါဟယ်ပေါ့။ ကူညီကြတာပါပဲ။ ခုခေတ်လိုဆို ဘယ်ရမလဲ၊ ရှုပ်တယ်ဗျာ ခင်ဗျားတို့ပစ္စည်း ခင်ဗျားတို့ဘာသာ သယ်သွားပါလားလို့ ပြောချင်ပြောကြမှာ။ ပေါင်းသင်းဆက်ဆံရေးနဲ့ စေတနာတွေက ကွာလာကြပြီလေ။

ဒီလိုနဲ့အပြန်ကျ သယ်လို့ရတဲ့ကြက်သွန် သယ်လာ၊ ကိုးနာရီ ဆယ်နာရီဆို ပြန်ရောက်ပြီ။ သင်္ကြန်ကာလဆိုတော့ ကျောင်းကလည်း ပိတ်ထားတယ်လေ။ နေ့လယ်ကျ နောက်တစ်နေ့အတွက် ညကျရင် ထပ်ကျိုဖို့ မုန့်ထောင်း၊ အိုးဆေးပေါ့။ အဲဒီတုန်းက ခုလိုအမှုန့်ကြိတ်စက်တွေ မရှိသေးဘူး။ မုန့်ကျွဲသည်းအိုးကပ်က တော်တော်စားလို့ကောင်းတယ်။ လင်ပန်းထဲသွန်တဲ့ အကောင်းကိုတော့ လဲပြီး အိုးမှာကပ်တဲ့ အိုးကပ်က မန်ကျည်းရွက်ပေါ်ရင် မန်ကျည်းရွက်ခူးရောင်း၊ ငယ်ငယ်ကတည်းက အိမ်ကတမာပင်အောက်မှာ ကိုယ့်ဘာသာကာရံမိုးပြီး စာအုပ်အငှားဆိုင်လေးဖွင့်တာမျိုးလုပ်ရင်းနဲ့ တစ်ဖက်တစ်လမ်းက အိမ်ကို အထောက်အပံ့ဖြစ်တာမျိုး လုပ်မှန်းမသိ လုပ်ခဲ့မိတာ။ ကျွန်တော်တို့အိမ်က ဆုတောင်းပြည့်ဘုရားအဝင်ပေါက်နားမှာ။ ဘုရားဝိုင်းက အကျယ်ကြီးပဲ။ သက်တမ်းရင့်မန်ကျည်းပင်ကြီးတွေ၊ ညောင်ပင်ကြီးတွေ အများကြီးပဲ။ သိပ်သာယာအေးချမ်းတာ၊ မန်ကျည်းရွက်ပေါ်ချိန်မှာတော့ ကျွန်တော်တို့ကလေးတွေ မန်ကျည်းရွက်တက်ခူး။ မနက်ဈေးလေးမှာ တစ်ပုံဆယ်ပြား၊ သုံးပုံတစ်မတ်နဲ့ ရောင်းကြတာလေ။ ပျော်စရာလည်းကောင်း၊ ကျောင်းစရိတ်လည်း ရပေါ့ဗျ။

အိမ်ဝေယျာဝစ္စအနေနဲ့ ထင်းခွေ၊ ရေခပ်က ကျွန်တော့်တာဝန်ပါ။ ရေသွားခပ်ရတာက စောစောကပြောတဲ့ ဆုတောင်းပြည့်ဘုရားထဲက ရေဘုံပိုင်မှာ သွားခပ်ရတာ။ ကိုက် ၂၀၀ လောက်ဝေးမယ်၊ တစ်ရက် ၁၀ ထမ်း၊ ၁၅ ထမ်းဟာ အနည်းဆုံးပဲ၊ ရေစက်ပျက်လို့ကတော့ မိုင်ဝက်လောက်ဝေးတဲ့ ဧရာဝတီမြစ်ကမ်းကို သဲသောင်ပြင်ဖြတ်ပြီး ထမ်းရတာ၊ အဲဒါကျခွေ့တာသုံးကြပေါ့၊ တစ်ရက်နှစ်ထမ်းသုံးထမ်းပဲတတ်နိုင်တယ်။ တံလျှပ်ထနေတဲ့ သဲသောင်ပြင်ဖြတ်ပြီး ရေတစ်ထမ်းရဖို့လွယ်တာမှ မဟုတ်တာ။

ဒီကြားထဲ အချိန်ရရင် စာအုပ်အငှားဆိုင်က ဖွင့်လိုက်သေးတယ်။ ကျွန်တော်တို့အိမ်က စာအုပ်စုတယ်။ ဦးကြီးတို့ အဖေတို့ လက်ထက်က စုခဲ့တဲ့စာအုပ်တွေက သေတ္တာနှစ်လုံးလောက်ရှိတယ်။ ရွှေသို့၊ သွေးသောက်၊ ရှုမဝ၊ သင့်ဘဝ၊ တိုင်းရင်းမေ စတာတွေကအစ ဝတ္ထုတွေပါရှိတယ်။ အဲဒါတွေ အဖုံးဖုံး၊ နောက်ကျတော့ ချောက်က ကာတွန်းစာအုပ်၊ ဝတ္ထုစာအုပ်တွေဝယ်၊ တချို့လည်း အဟောင်းတွေဝယ်၊ ဘိလပ်မြေအိတ်ခွံနဲ့ ဘိလပ်မြေအိတ်ကြိုးနဲ့ အဖုံးဖုံးပေါ့။ တဲထဲလာဖတ်ရင် ငါးပြား၊ အိမ်ငှားရင် တစ်ရက် ၁၀ ပြားစသည်ဖြင့်ပေါ့လေ။ မုန့်ဖိုး၊ ကျောင်းစာအုပ်ဖိုး အထောက်အပံ့ဖြစ်တာပေါ့။

ဒါတွေက ငါအိမ်ကိုတော့ကူမှဖြစ်မယ်၊ တစ်ဖက်တစ်လမ်းက ထောက်ပံ့မယ်ဆိုတဲ့ အတွေးနဲ့လုပ်ခဲ့တာ မဟုတ်ဘူး၊ အဒေါ်နဲ့ ဈေးရောင်းဈေးဝယ်သွားရင်း၊ အချိန်ရရင်ရသလို အကျိုးရှိတဲ့အလုပ်ကို ကိုယ့်အတွက်လည်း ဗဟုသုတရ၊ ပတ်ဝန်းကျင်က ကိုယ့်လိုအရွယ်တွေလည်း ဗဟုသုတမျှဝေချင်လို့ လုပ်ခဲ့တာပဲ။ မူလတန်းကျောင်းသား၊ အလယ်တန်းကျောင်းသားအဆင့်ပဲရှိသေးတာ။ ဒါပေမယ့် ကိုယ့်အားကိုယ်ကိုးချင်စိတ်၊ မိဘတွေကို ကူညီချင်စိတ်၊ နေရာတကာ လူကြီးမိဘတွေကို ဒုက္ခမပေးချင်တဲ့စိတ်က အတွေ့အကြုံအရ မသိမသာရှိခဲ့တာထင်ပါတယ်။ လူကြီးတွေက သင်ပေးတာမဟုတ်ဘူး။ ကိုယ့်စိတ်ကူးနဲ့ကိုယ် လုပ်ခဲ့တာတွေပါ။

လေးငါးတန်းကတည်းက ကိုယ့်အဝတ်ကိုယ်လျှော်၊ ကိုယ့်ဘာသာမီးပူတိုက်နေပြီ။ ခုလို လွယ်လွယ်ကူကူ ဆပ်ပြာမှုန့်ခေတ်မဟုတ်သေးဘူး။ အနွေးထည်တို့၊ စောင်တို့လျှော်မယ်ဆိုရင် ရေနွေးထဲကို ဆင်ချေးတုံးဆပ်ပြာ ပါးပါးလှီးမွှေပြီး အမြှုပ်ထအောင်လုပ်၊ ရေနွေးစိမ်ပြီး လျှော်ရတဲ့ခေတ်၊ မှတ်မိသေးတယ်။ အဝတ်လျှော်ရင် ရွှေဒင်္ဂါးဆပ်ပြာအဝိုင်းနဲ့။ ကိုယ်တိုက်ဆပ်ပြာက ကာဘော်လစ်အကောင်းဆုံး၊ မီးပူတိုက်တော့ သံမီးပူ၊ ကြေးမီးပူတို့ကို မီးသွေးထည့်ပြီး တိုက်ရတာ။ ကိုယ့်အတွက် ကိုယ့်ဘာသာကိုယ်လုပ်ရတာပျော်တယ်။ အခုအသက် ၆၀ ကျော်တဲ့အထိ ကိုယ့်အဝတ်ကိုယ်လျှော်ပြီး ဝတ်နေပါတယ်။ ဒါကလည်း ငယ်ဘဝကတည်းက အလေ့အကျင့်ရနေလို့ပါ။ အထက်တန်းကျောင်းသားရောက်တော့ ချောက်ကိုနေ့စဉ် ဧရာဝတီမြစ်ကိုကူးပြီး သွားတက်ရတာ။ ထမင်းဘူးလေးနဲ့ပေါ့။ အဲဒီတုန်းက မုန့်ဖိုးက အိမ်ကရှိရင်ရှိသလို တစ်မတ်၊ ငါးမူးပေးတယ်။ ချောက်ရောက်လို့ ဆိပ်ကမ်းက တက်ရင် အမှတ်(၂) ရေနံရိပ်သာ သက်သာဆိုင်မှာ လက်ဖက်ရည်တစ်ခွက် ပြားနှစ်ဆယ်နဲ့သောက် ကျောင်းတက်။ နေ့လယ်ကျပြန်လာ၊ မော်တော်ဆိပ်ရောက်ရင် ထမင်းဘူးလေးဖွင့်စားပေါ့။

ယခုလို ဘဝဒဿနတွေ ပြန်ပြောင်းပြောပြနေတာက သတိရလို့မဟုတ်ပါဘူး။ ယနေ့ခေတ် ညီငယ်၊ ညီမငယ်တွေကို မျှဝေစေချင်လို့ပါ။ လူငယ်တွေ ငယ်ငယ်ကတည်းက ဘဝအတွေ့အကြုံရစေချင်တာ။ နေရာတကာ မိဘဆွေမျိုး၊ အကြီးအကဲ၊ ဆရာသမားတွေနဲ့ သူတစ်ပါးကို အားမကိုးစေချင်ဘူး။ ဘယ်လောက်ပဲ ပြည့်စုံကုံလုံကြွယ်ဝပါစေ တစ်ခုမဟုတ်၊ တစ်ခုအဆင်မပြေမှုဆိုတာ ရှိလာနိုင်ပါတယ်။ အခက်အခဲပြဿနာဆိုတာ ကြုံတွေ့လာနိုင်ပါတယ်။ ဒီလို အခက်အခဲတွေတွေ့လာရင် ဖြေရှင်းနိုင်မယ့် မိမိမှာရှိနေတဲ့ လုံ့လ၊ ဝီရိယ၊ ဇွဲ၊ သတ္တိနဲ့ ရင့်ကျက်တည်ငြိမ်တဲ့ အတွေးအခေါ်ကို မွေးကြစေချင်ပါတယ်၊ ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားချင်တဲ့စိတ် မွေးစေချင်ပါတယ်။

နောက်တစ်ခုက မိသားစုစားဝတ်နေရေးနဲ့ အိမ်ထောင်စုအရေးမှာ မသိသလိုနေချင်တဲ့စိတ်မရှိဘဲ ပါဝင်ဆောင်ရွက်ကြစေချင်ပါတယ်။ ငယ်ငယ်ကတည်းက ဒီစိတ်ရှိမှ ကြီးလာရင်လည်း ကိုယ့်မိသားစု၊ ကိုယ့်အိမ်ထောင်ကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်နိုင်မယ့် ဦးစီးဦးဆောင်ကောင်းတစ်ယောက်ဖြစ်မှာပါ။ ရပ်ရေးရွာရေး၊ လူမှုရေးတွေမှာလည်း ပါဝင်ဆောင်ရွက်စေချင်ပါတယ်။ ကလေးပဲဆိုပြီး ဖြစ်သလိုမနေစေချင်ကြပါဘူး။ နှံ့စပ်စေချင်ပါတယ်။ အရေးပါတဲ့အခန်းကဏ္ဍကို ရောက်စေချင်ပါတယ်။ လောကအကြောင်း နားလည်အောင် ကြိုးစားကြစေချင်တယ်။

စာတော်တဲ့ ကျောင်းသားကျောင်းသူတွေ သာမကဘဲ ပညာပြည့်စုံတဲ့ လူငယ်တွေ ဖြစ်စေချင်တယ်၊ ကျောင်းက သင်တဲ့ အတတ်ပညာနဲ့တင် ကျေနပ်မနေဘဲ လူ့ဘောင်ဘဝ၊ လူ့လောကထဲကအတွေ့အကြုံတွေနဲ့ ပညာဗဟုသုတတွေ ရအောင်ရှာစေချင်တယ်။ ဘဝအတွက် အသိပညာနဲ့ အတွေ့အကြုံဗဟုသုတဟာ သိပ်အရေးကြီးပါတယ်။ ဒါတွေကသာ ဘဝကို အဆင်ပြေချောမွေ့စေပြီး အောင်မြင်တိုးတက်စေတာပါ။ ဘဝမှာ ရင်ဆိုင်တွေ့ကြုံရမည့်စိန်ခေါ်မှုများကို မှန်မှန်ကန်ကန်လျှောက်လှမ်းစေဖို့ တည့်မတ်ပေးချင်တဲ့ စေတနာတွေပါပဲ။ အမှားအမှန်ခွဲခြားသုံးသပ်နိုင်မယ့် အရည်အချင်းတွေကို ရှိစေချင်တယ်။ အရွယ်နဲ့အမျှထိုက်သင့်တဲ့ အတွေးအခေါ် အယူအဆတွေ ရှိလာအောင် ကြိုးစားကြစေချင်တယ်။

ဒါကတော့ ကျွန်တော့်ရဲ့ငယ်ဘဝလေးကို တမ်းတမှန်းဆရင်းနဲ့ ဒီနေ့လူငယ်လေးတွေ ဘက်စုံထူးချွန်နိုင်ကြပါစေလို့ ဆန္ဒပြုမျှဝေခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

## ဒေါ်ဖုကျေးရွာသို့ သောက်သုံးရေ လှူဒါန်း

ဒီမော့ဆို ဧပြီ ၂၉

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ်အတွင်းအချို့သော ကျေးရွာများ၌ ရေရှားပါးသောအခက်အခဲများကြုံတွေ့နေရသဖြင့် ရေများရရှိရေးအတွက် ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာဦးစီးဌာနတို့က စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့်အပြင် စေတနာရှင်အလှူရှင်များကလည်း ရေရှားပါးသောကျေးရွာများသို့ သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ရေရှားပါးသော ကျေးရွာများသို့ ပြည်နယ်အစိုးရ၏ ကူညီဆောင်ရွက်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဧပြီ ၂၇ ရက်က ဒီမော့ဆိုမြို့နယ်ဒေါ်ဖုကျေးရွာသို့ ရေဂါလန် ၁၂၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ဒေသခံတို့၏ အိပ်မက် ကဗျာ၊ ကဗျာဝကမ်းခြေ၏ လားရာ

**သတင်းဆောင်းပါး-ခင်ရတနာ**

**ဓာတ်ပုံ-မေဦးမိုး**



ကဗျာဝကမ်းခြေ၏ ရှုခင်းအလှသဘာဝကိုတွေ့ရစဉ်

ညနေခင်း ဝင်လုဝင်ခင်နေလုံးနီနီ၏ အလှတရားကို ဆားငန်နံ့သင်းသည့် လေပြည်က အားဖြည့်ပေးနေသည်။ ပူပြင်းလှသည့် နွေနေ့ရက်များသည် လှိုင်းပုတ်သံများအောက်တွင် ချုပ်ငြိမ်းသွားသလို ထင်ရသည်။ ကမ်းခြေတစ်ဖက်တစ်ချက်တွင် သဘာဝအတိုင်း ပေါက်ရောက်နေသည့် သစ်တောစုစုနှင့် ကျောက်တောင်ကျောက်ကမ်းပါးများကိုမြင်ရပြီး ရေတက်ချိန်များတွင် ကြည်လင်နေသော ပြာလဲ့လဲ့ရေပြင်နှင့် အလွန်ပသာဒ ရှိလှသည်။ သင်္ကြန်ကာလနှင့် အခါကြီးရက်ကြီးများတွင်သာ လူစည်ကားသော်လည်း ပုံမှန်အချိန်မို့ လူကခပ်ပါးပါးသာရှိသည်။ တိုက်ခတ်လာသော လေများအတွင်း လူအချို့၏ ပျော်ရွှင်စွာ ဟစ်အော်ကစားနေသည့် ကမ်းစပ်ကအသံများပါ လွင့်မျောပါလျက်ရှိသည်။ ကောင်ကြီးဟု အများကခေါ်တတ်ပြီး ပျော်ပျော်နေတတ်သည့် အသက် ၂၅နှစ်အရွယ် လူငယ်လေးကတော့ လှပသော ကမ်းခြေ၏ ညနေဆည်းဆာအလှတရားကို မခံစားနိုင်သေး။ ညနေစောင်းတွင် ရုတ်တရက် ရောက်ရှိလာသော ခရီးသွားလူတစ်စုအတွက် အရသာရှိသည့် ညနေစာတစ်နပ်ကို ဖန်တီးနိုင်ရန် အားထုတ်နေသည်။

"ကျွန်တော်က အရင်က ဆိုင်ကယ်ကယ်ရီဆွဲတယ်။ ရေးမြို့သားပါပဲ။ ကဗျာဝကမ်းခြေ စ လူသိများလာတာ သုံးနှစ်ကျော်ပြီ။ ကျွန်တော်နဲ့ အငယ်ကောင်နဲ့ နှစ်ယောက်ပေါင်းပြီး ဒီမှာစီးပွားရေးလေးလုပ်ဖို့ ရည်ရွယ်ထားခဲ့တယ်။ အခုခြောက်လရှိသွားပြီ။ တော်တော်လေးအဆင်ပြေတယ်ဗျ။ လုပ်ငန်းသစ်လေးတွေ ထပ်တိုးဖို့လည်း ရည်စူးထားသေးတယ်။ အစပိုင်းမှာ အရင်းအနှီးနည်းနည်းနဲ့ ဒရင်းဘက်ငှားတယ်။ ခုံလေးတွေ ငှားတယ်။ အဲဒီကနေ စုဆောင်းပြီး အစားအသောက်ရောင်းနိုင်ခဲ့တယ်။ အစားအစာဆိုင်လေး အဆင်ပြေလာတော့ ဆိုင်ကယ်ငှားတာ၊ ဇောက္ကွင်းငှားတာတွေ တိုးချဲ့တယ်။ ရေချိုးရေချိုးဖို့ နေရာလေးတွေလုပ်နိုင်လာတယ်။ ခရီးသည်တွေ ဒီထက်များများဝင်လာဖို့တော့ လိုတာပေါ့။ အပျော်ဆုံးကတော့ မင်းသားမင်းသမီးတွေ ရုပ်ရှင်လာရိုက်ကြတယ်ဗျ။ သူတို့တွေ ပျော်တာမြင်တော့ ကျွန်တော်တို့ ဒေသခံတွေလည်း ပျော်တယ်။ လူတွေများများ သိကြစေချင်တယ်" ဟု အကြီးကောင်က ပြောပြသည်။

ကဗျာဝကမ်းခြေသည် မွန်ပြည်နယ် ရေးမြို့နှင့် ၁၉မိုင်ဝန်းကျင်သာကွာဝေးပြီး သဘာဝအလှအပများ အတော်များများ မပျက်မစီးကျန်ရှိနေသေးသည့် ကမ်းခြေတစ်ခုဖြစ်သည်။ ဒီရေကျချိန်များတွင် ဖြူလွသည့် သဲသောင်များမှာ မျက်စိတစ်ဆုံးရှည်လျားပြီး ကမ်းရိုးတန်းအရှည် ရှစ်မိုင်နီးပါးအထိရှိကာ ကျောက်ဆောင် ကျောက်တန်းများ၊ ကျွန်းစုငယ်များဖြင့် အလွန်သာယာလှပသည့် ဒေသတစ်ခုလည်း ဖြစ်သည်။

ဒေသခံအများစုမှာ ရေလုပ်ငန်းနှင့် ကွမ်းသီးစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ကဗျာဝကမ်းခြေအဖြစ်လူသိများ ထင်ရှားလာသည့်နောက်ပိုင်းတွင် ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းတွင် ပြောင်းလဲမှုတချို့ရှိလာခဲ့ပြီဖြစ်သည်။ ကဗျာဝပတ်ဝန်းကျင်ရှိ ကျေးရွာများမှ လူငယ်အများစုမှာ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ခဲ့ကြသူများဖြစ်ကြပြီး ကဗျာဝကမ်းခြေထင်ရှားလာချိန်တွင် မိမိတို့ဇာတိဒေသ၌ ပြန်လည်အလုပ်လုပ်ကိုင်ခွင့်ရရှိရန် မျှော်လင့်နေကြကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက ရင်းနှီးမြှုပ်နှံကာ ပင်လယ်ကမ်းခြေ အပန်းဖြေလုပ်ငန်းကို လုပ်ကိုင်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး အဆိုပါ လုပ်ငန်းမှ ဟိုတယ်နှင့် ကမ်းခြေလုပ်ငန်းကို လုပ်ကိုင်ရန် ရည်ရွယ်ထားသည့်အချိန်မှစတင်ကာ ကဗျာဝရှိ အိမ်ခြံမြေဈေးနှုန်းများမှာ ခုန်တက်ခဲ့ကြောင်း သိရသည်။ "ရွာထဲက မြေနေရာတွေကို လာဝယ်ကြသူတွေ အများကြီးရှိပါတယ်။ အထူးသဖြင့် ကမ်းခြေနဲ့နီးတဲ့နေရာတွေ၊ လမ်းတစ်လျှောက်မြေတွေ အဝယ်လိုက်တယ်။ မြေယာပြဿနာတွေရှိတယ်။ ဈေးကလည်း သုံးနှစ်ဝန်းကျင်အတွင်းမှာ ဆယ်ဂဏန်းမပြည့်ရာကနေ ဆယ်ဂဏန်း ရာဂဏန်းကို ခုန်တက်သွားခဲ့တယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ရန်ကုန်မြို့မှ ကဗျာဝကမ်းခြေအထိ တိုက်ရိုက်သွားနိုင်ရန်အတွက် လိုင်းကားများ မရှိသော်လည်း ယခုနောက်ပိုင်းတွင် ရန်ကုန်မြို့ခရီးသွားကုမ္ပဏီအများစုမှ နေ့ချင်းပြန်ခရီးစဉ်များ စီစဉ်မှု များပြားလာကြောင်းသိရသည်။ ကဗျာဝကမ်းခြေတွင် ညအိပ်တည်းခိုသည့် ခရီးသည်များနည်းပါးပြီး နေ့ချင်းပြန် သို့မဟုတ် ရေးမြို့ရှိ တည်းခိုစရာများတွင် ပြန်လည်တည်းခိုသူများပြားကြောင်း သိရသည်။

"ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေးနိုင်မယ့် နေရာတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ရှေ့ကသာဓကတွေဖြစ်တဲ့ ချောင်းသာနဲ့ ငွေဆောင်တို့လိုမျိုး ကမ်းခြေကို သိမ်းပိုက်လိုက်ကြသလို မဖြစ်ဖို့အရေးကြီးပါတယ်။ ချောင်းသာမှာဆိုရင် ပင်လယ်ကမ်းခြေတစ်လျှောက် ဟိုတယ်တွေဖွင့်တဲ့အတွက် ကမ်းခြေကို အပန်းဖြေလာရောက်သူတွေအတွက် အနှောင့်အယှက်ဖြစ်ရသလို ဒေသခံတွေအတွက် အကျိုးကျေးဇူးက အများကြီးမရနိုင်ခဲ့ဘူး။ ကဗျာဝကတော့ အခုမှ ဖွံ့ဖြိုးလာတဲ့ နေရာဖြစ်တဲ့အတွက် နိုင်ငံတော်ကရော၊ ဒေသခံ အာဏာပိုင်တွေကနေ စနစ်တကျနဲ့ ဖော်ဆောင်ပေးပြီး ဖွံ့ဖြိုးမှုကို ထိန်းညှိပေးသင့်တယ်"ဟု ရေးမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်က ပြောကြားသည်။

ကဗျာဝကမ်းခြေအစပ်တွင် ပင်လယ်စာများသုံးဆောင်နိုင်သည့် စားသောက်ဆိုင်ငယ် ငါးဆိုင်နှင့် ကမ်းခြေအပေါ်တွင် နားနေတည်းခိုနိုင်သည့် စားသောက်ဆိုင်ငယ်များကိုလည်း တွေ့ရှိရသည်။ ဆည်းဆာကဗျာ၊ အိပ်မက်ကဗျာ၊ ကောင်းကင်ကဗျာအစရှိသည့် ဆိုင်ငယ်လေးများတွင် သန့်ရှင်းလတ်ဆတ်သည့် ပင်လယ်စာများကို ရရှိပြီး ရေအခက်အခဲအနည်းငယ်ကို ပြေလည်စေရန်နှင့် ယခုထက်ပိုမိုကာ လူဝင်ကြစေရန် မျှော်လင့်ချက်များ တနင့်တပိုးရှိနေကြသည့် ဒေသခံများကို မြင်တွေ့ရသည်။

"ကျွန်တော်တို့က အခုထက်ပိုပြီး လူဝင်လာစေချင်တယ်။ အခု နိုင်ငံခြားသားခရီးသွားတွေ ဝင်ရောက်မှုမရှိတဲ့အတွက် ပြည်တွင်းခရီးသွားကို အားကိုးနေရတာပါ။ ဒေသကိုလည်း တည်ငြိမ်အေးချမ်းစေချင်တယ်။ တည်ငြိမ်အေးချမ်းမှ ကျွန်တော်တို့အလုပ်အကိုင်တွေ ပိုအဆင်ပြေလာမှာ။ သင်္ကြန်တွင်းမှာတော့ ဧည့်သည်တွေ အများကြီးဝင်တယ်။ အများစုက ပြည်နယ်ထဲကလူတွေပါ။ ဖြစ်နိုင်ရင် ငွေဆောင်တို့၊ချောင်းသာတို့လို ကျွန်တော်တို့ကမ်းခြေ စည်ကားတာမြင်ချင်တယ်။ ဒါပေမယ့် အလုပ်အကိုင်ဖြစ်ဖို့တော့ လိုတာပေါ့။ လက်ရှိမှာတော့ ဈေးရောင်းရတာ ကန့်သတ်ချက်တွေ အများကြီး မရှိပါဘူး" ဟု ဒေသခံဖြစ်သူအကြီးကောင်က ပြောပြသည်။

ကဗျာဝကမ်းခြေ ကဗျာဝကျေးရွာသို့သွားသည့်လမ်းမှာ ခေါဇာမြို့နယ်သို့ သွားသည့်လမ်းမှ ခွဲထွက်သွားရခြင်းဖြစ်ပြီး ရှေးယခင်က ခေါဇာမြို့နယ်သည် အမည်းရောင်နယ်မြေဟု သတ်မှတ်ခံထားရသည့် ဒေသဖြစ်သည်။ သို့သော် ၂၀၁၂ခုနှစ်တွင် ဒေသခံတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် မွန်ပြည်သစ်ပါတီ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက် နှစ်နှစ်အကြာတွင် သာယာလှပသည့် ကဗျာဝကမ်းခြေသို့ သွားလာသူများပြားလာခဲ့ခြင်းဖြစ်သည်။ သို့သော် ကဗျာဝကမ်းခြေတစ်ဝိုက်နှင့် နီးစပ်ရာကျွန်းများပေါ်တွင် လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် မဖြစ်တော့သော်လည်း အုပ်စုဖွဲ့နေထိုင်မှုများလည်း ရှိတတ်ကြောင်း ဒေသခံအချို့ထံမှ သိရသည်။

*စာမျက်နှာ ၂၁ သို့*

**ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေးနိုင်မယ့် နေရာတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ရှေ့ကသာဓကတွေဖြစ်တဲ့ ချောင်းသာနဲ့ ငွေဆောင်တို့လိုမျိုးကမ်းခြေကို သိမ်းပိုက်လိုက်ကြသလို မဖြစ်ဖို့ အရေးကြီးပါတယ်။ ချောင်းသာမှာဆိုရင် ပင်လယ်ကမ်းခြေတစ်လျှောက် ဟိုတယ်တွေဖွင့်တဲ့အတွက် ကမ်းခြေကို အပန်းဖြေ လာရောက်သူတွေအတွက် အနှောင့်အယှက်ဖြစ်ရသလို ဒေသခံတွေအတွက် အကျိုးကျေးဇူးက အများကြီးမရနိုင်**



ကဗျာဝကမ်းခြေတွင် အပန်းဖြေရေကစားနေကြစဉ်

# လက်နက်ပုန်းများ မထိန်းချုပ်နိုင်ပါက ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း သမင်ကောင်ရေပြန်လည်ကျဆင်းနိုင်

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ယခုနှစ် မတ်လက သမင်စာရင်းကောက်ယူမှုအရ သမင်ကောင်ရေ တိုးပွားလာကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ သမင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ယခင်ကာလများက နှစ်စဉ်နှစ်တိုင်း နွေရာသီပထမပတ်အတွင်း သမင်စာရင်း ကောက်ယူလေ့ရှိသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ မတ်လတွင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း မတ် ၂၈ ရက်မှ ၃၀ ရက် အထိ ဝန်ထမ်းဦးရေ ၂၀၊ ဝါသနာရှင် ခုနစ်ဦးတို့ဖြင့် သမင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၀၁၇ ခုနှစ်၌ သမင်စာရင်းကောက်ယူရာတွင် သမင်ကောင်ရေ ၇၂၈ ကောင်ရှိရာ ၂၀၁၆ ခုနှစ်ရှိ ကောင်ရေ ၄၈၀ ထက် ၂၄၈ ကောင် တိုးပွားလာခဲ့ကြောင်း သမင်စာရင်းကောက်ယူမှုမှတ်တမ်းများအရ သိရသည်။

“သကြံန်မိုးရွာသွန်းခဲ့တဲ့အတွက် သမင်တွေမြူးပြီး အထွက်များတယ်။ ပြီးခဲ့တဲ့နှစ်နဲ့စာရင် သမင်တွေရှိမှုများတယ်။ မုဆိုးတွေကလည်း ညဘက်လသာချိန် အခွင့်ကောင်းယူပြီး သေနတ်ပစ်ခတ်မှုအချို့ ကြုံတွေ့ရပါတယ်။ ကျွန်တော်တို့မှာ လက်နက်ခဲယမ်းနဲ့ ကွင်းဝန်ထမ်းနည်းပါးတာလည်း တစ်ချက်အပါအဝင်ဖြစ်ပါတယ်။ ဒီပစ်ခတ်မှုအချို့ ချုပ်ငြိမ်းဖို့ဆိုရင် တရားမဝင်ကိုင်ဆောင်တဲ့ တူမီးသေနတ်တွေ မရှိဖို့ကလည်း အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ သမင်စာရင်းကောက်ယူမှုအရ သမင်ကောင်ရေတိုးလာပေမယ့် ဒီလက်နက်ပုန်းတွေကို မထိန်းချုပ်နိုင်ဘူးဆိုရင် သမင်ကောင်ရေပြန်လည် ကျဆင်းသွားနိုင်ပါတယ်” ဟု ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမင်းဆွေကပြောသည်။

သမင်စာရင်းကောက်ယူသည့်ကာလသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလဖြစ်သောကြောင့် မြက်နုပေါက်ရောက်ခြင်း မရှိသေးခြင်း၊ သစ်ရွက်နုများ မထွက်သေးခြင်း၊ အစာနှင့် ရေရှားပါးခြင်းတို့ကြောင့် သမင်များသည် ဘေးမဲ့တောနယ်နိမိတ် ပြင်ပနွေသီးနှံစိုက်ခင်းများရှိရာသို့ ပြောင်းရွှေ့ကျက်စားမှုများ ရှိနိုင်ကြောင်းနှင့်သကြံန်မိုး၊ မိုးဦးမုတ်သုံမိုးများ ရွာသွန်းပြီး မြက်နုများ၊ သစ်ရွက်နုများ ထွက်ရှိလာပါက သမင်တို့သည် ၎င်းတို့၏ မှီခိုရာမူရင်းဒေသ၌သာ ပြန်လည်ကျက်စားလာနိုင်ကြောင်း သမင်စာရင်းကောက်အဖွဲ့ထံမှ သိရသည်။

သမင်ကောင်ရေတိုးပွားလာနိုင်ရေး သမင်များအတွက် မိုးရာသီတွင် သင့်တော်သောနေရာများ၌ ဆားကျင်းများ ပြုလုပ်ပေးခြင်းနှင့် ကွက်လပ်နေရာများတွင် စပါး၊ ပြောင်း စသည်တို့ကို ကြဲပက်စိုက်ပျိုးပေးခြင်း၊ ခြောက် သွေ့ရာသီတွင် ချောင်းနှင့်ကန်များ ခြောက်ခန်းလေ့ရှိသဖြင့် သမင်ကောင်ရေအများအပြားကျက်စားသည့်နေရာများ၌တစ်ဖက်ပိတ်ဆည်များ ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်နိုင်ပါက သမင်ကောင်ရေတိုးပွားရန် အထောက်အကူပြုမည် ဖြစ်သည်။ သမင်များသည် အင်တိုင်းတောနိမ့်၊ ရွက်ပြတ်ရောနှောတောနှင့် ရေလွှမ်းအင်တိုင်းတို့တွင် ပျံ့နှံ့ကျက်စားမှုရှိသည်ကို တွေ့ရပြီး အင်တိုင်းတောနိမ့်ကို ပိုမိုနှစ်သက်ကျက်စားကြောင်း သိရသည်။ လူအနှောင့်အယှက်နည်းပါးစေရန် သမင်မုဆိုးများ၏ ကျော့ကွင်း၊ ထောင်ကွင်းများနှင့်လက်နက်ပုန်းကိုင်ဆောင်မှုများကို လည်းကောင်း၊ အသေးစား သစ်တောထွက်ပစ္စည်းများဖြစ်သည့် မှို၊ အင်ဥ၊ သက်ငယ်၊ အင်တွဲ၊ ပွဲညက်၊ သစ်ခွ၊ မာလာဥ၊ တောထန်းဥ၊ ခပေါင်းစေ့နှင့်သစ်စေ့တိုကို ဘေးမဲ့တောအတွင်း ဖြတ်သန်းသွားလာကျူးကျော်ခုတ်ထွင်မှုများကို လည်းကောင်း တင်းကျပ်စွာအရေးယူပိတ်ပင်ရန် လိုအပ်ကြောင်း သိရသည်။




ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း သမင်စာရင်းကောက်ယူနေစဉ်

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဧရိယာ ၁၀၀ ဒသမ ၄၁ စတုရန်းမိုင်ကျယ်ဝန်းပြီး ကန့်ဘလူ၊ ကောလင်းနှင့် ကျွန်းလှမြို့နယ်များအတွင်း၌ စိုက်ပျိုးမြေနှင့် တောပျက်များအလယ်တွင် တစ်ခုတည်းသော သစ်တောဖုံးလွှမ်းမှုကျန်ရှိသည့်နေရာဖြစ်သည်။ ယင်းဧရိယာအတွင်းမှ သစ်တောသယံဇာတများကို ကာကွယ်ထိန်းသိမ်းရာတွင် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ ဝန်ထမ်းများသာမက ပတ်ဝန်းကျင် မြို့နယ်သုံးခုရှိ သစ်တောဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းပါဝင် ကူညီထိန်းသိမ်းရန်လိုအပ်ကြောင်း သိရသည်။ ဒေသခံတို့အား အခြားအလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေဖော်ထုတ် ဖန်တီးပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သင့်ပြီး သစ်တောဥပဒေ၊ နည်းဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကိုလည်း ဒေသခံများသိရှိစေရန် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာကြစေရန် စည်းရုံးဆောင်ရွက်သင့်သည်။

သမင်ကောင်ရေကျဆင်းခြင်းသည် ၎င်းတို့၏ မှီခိုတောများ ဖျက်ဆီးခံရမှုနှင့် လူများကျူးကျော်ဝင်ထွက်မှု များပြားလာခြင်းတို့ဖြစ်ပြီး ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်း စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ကင်းစခန်းတိုင်းတွင် နေ့စားလေပေးတောစောင့်များ ခန့်ထားဆောင်ရွက်သင့်ကြောင်း သိရသည်။ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကမ္ဘာ့ရှားပါးစာရင်းဝင်မြန်မာ့ရွှေသမင် (Rucervuseldii Thamin)များ မှီခိုနေထိုင်သည့် အင်တိုင်းတောဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ထားခြင်း ဖြစ်သည်။ သမင်ကောင်ရေတိုးပွားလာမှု၊ ဆုတ်ယုတ်မှုအပေါ်မူတည်၍ ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်မှုရှိ၊ မရှိသုံးသပ်နိုင်ပြီး စာရင်းကောက်ယူခြင်းလုပ်ငန်းမှရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ ဘေးမဲ့တောစီမံအုပ်ချုပ်ခြင်းလုပ်ငန်းများကို ပြုပြင်ပြောင်းလဲသွားရမည် ဖြစ်သည်။

သမင်ကောင်ရေ ခန့်မှန်းစာရင်းကောက်ယူခြင်း လုပ်ငန်းသည် ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွက် နှစ်စဉ်အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းကြီး တစ်ခုလည်းဖြစ်သည်။ ဘေးမဲ့တောအတွင်း လူ့ပတ်ဝန်းကျင်ပယောဂများကြောင့် မှီခိုတောများ ပျက်စီးယိုယွင်းမှုရှိ/ မရှိကို နှစ်စဉ်အချိန်နှင့် တစ်ပြေးညီ မှတ်တမ်းတင်နိုင်ရန်၊ သမင်တို့၏ မှီခိုတောရွေးချယ်ကျက်စားမှု၊ သမင်တို့၏ အုပ်စုဖွဲ့နေထိုင်မှု ၊ သမင်တို့၏ အသက်အပိုင်းအခြားနှင့် လိင်အမျိုးအစား စသည်တို့ကို မှတ်တမ်းတင်နိုင်ရန်နှင့် ဝန်ထမ်းများအား သမင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွေ့အကြုံနှင့် ၎င်းတို့၏စွမ်းဆောင်ရည်မြင့်မားလာစေရေး လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း သမင်များကျက်စားနေစဉ်

*စာမျက်နှာ ၂၀ မှအဆက်*

ကဗျာဝကမ်းခြေတွင် ဟိုတယ်တည်ဆောက်ရေးစီမံကိန်းများ လုပ်ဆောင်ရန်ရှိသော်လည်း လက်ရှိတွင် တည်းခိုရေးအတွက် အခက်အခဲရှိသဖြင့် ဒေသခံများ၏ နေအိမ်များနှင့် စားသောက်ဆိုင်တို့တွဲလျက် တည်းခိုခန်းများတွင်သာ ညအိပ်တည်းခိုခွင့်ရရှိသေးသည်။ အများနှင့်သက်ဆိုင်သည့် ကမ်းခြေတစ်ခုဖြစ်လာပြီး ဒေသခံများ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရန်၊ ခရီးသွားလုပ်ငန်းမြှင့်တင်ကာ နိုင်ငံ့ဝင်ငွေတိုးပွားစေရန်နှင့် ပြည်သူများ သက်သောင့်သက်သာစွာဖြင့် ခရီးသွားလာနိုင်ရန်၊ ပုဂ္ဂလိကဟိုတယ်များနှင့် ပြည့်နှက်ကာ အများနှင့်မသက်ဆိုင်သည့် ကမ်းခြေဖြစ်မလာစေရန်တို့အတွက် ကဗျာဝကမ်းခြေရှာအထိ ခရီးသွားကားများ ပိုမိုဝင်ရောက်နိုင်စေရေး၊ လျှပ်စစ်မီးရရှိရေး၊ ဒေသခံပြည်သူများနှင့် လုပ်ငန်းရှင်များအကျိုးတူပူးပေါင်းကာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပေါ်ထွန်းလာရေး၊ ကမ်းခြေတွင် စည်းကမ်းထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက် မှုမရှိစေရေးတို့ကို ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်သည်ကို မြင်တွေ့ရသည်။

“စီမံကိန်းတွေရောက်လာရင် ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမှာပါ။ ကျွန်တော်တို့တွေက ဖွံ့ဖြိုးလာစေချင်တယ်။ အရင်ထက်စာရင် အခုအများကြီး အဆင်ပြေလာကြတယ်။ မြေဈေးကောင်းရတော့ ချမ်းသာလာကြတာပေါ့”ဟု ကမ်းခြေတွင် ဈေးရောင်းသူ မသန်းသန်းမြင့်က စိတ်ကူးအိပ်မက်အချို့ကို ပုံဖော်ရင်းပြောကြားသော်လည်း ဖွံ့ဖြိုးတိုးတက်မှုများ၏ နောက်ကွယ်မှ ပတ်ဝန်းကျင်မြေထုနှင့် ရေထုစသည့် သဘာဝသယံဇာတများ ညစ်ညမ်းလာနိုင်မှု၊ စီမံကိန်းများပြီးစီးပါက ဒေသခံများအတွက် အလုပ်အကိုင်ရရှိရန် မလွယ်ကူမှု၊ ဂေဟစနစ်နှင့် ကုန်းနေ၊ ရေနေ သတ္တဝါများ မလုံခြုံမှု၊ ဒေသခံများအတွက် မြေနေရာပိုင်ဆိုင်မှု၊ မြို့ပြအငွေ့အသက်များကြောင့် ဒေသခံများ၏ လူနေမှုစရိုက်သဘာဝများ ပျက်စီးလာမှုစသည့် စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၏ နောက်ကွယ်မှ အခြင်းအရာများကိုတော့ စဉ်းစားနေမည် မဟုတ်ဟု ခန့်မှန်းရသည်။

ခါးကိုကျွမ်းကျင်စွာကိုင်တွယ်ရင်း နောက်ဆုံးအနားသတ်အုန်းသီးထိပ်ကို ပိုင်းဖြတ်လိုက်ချိန်တွင်



နေလုံးကြီးကလည်း ပင်လယ်ပြင်သို့ အပြည့်အဝ သက်ဆင်းရန် တာစူနေပြီဖြစ်သည်။ “တစ်လုံးကို ငွေကျပ် ၁၀၀၀ ဆိုတာ များတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကလည်း ကြိုရှာရတာ။ ဧည့်သည်က ပုံမှန်မရှိတဲ့ ကမ်းခြေမို့ လူကျလာရင် ရောင်းစရာ မရှိတတ်တော့ဘူးလေ” ဟု အငယ်ကောင်ကဆိုပြီး အုန်းသီးနုနုကို ဝယ်ယူသူလက်သို့ လှမ်းထည့်ပေးသည်။

အကြီးကောင် အငယ်ကောင်တို့ညီအစ်ကိုကဲ့သို့ပင် ကမ်းခြေတစ်လျှောက်ရှိ ဈေးဆိုင်ကလေးများအပါအဝင် ကဗျာဝဒေသခံများသည် နေ့စဉ်လာရောက်မည့် ခရီးသွားဧည့်သည်ကို စောင့်မျှော်ရင်း ကဗျာဝကမ်းခြေ၏ အလှကို ရိုးစင်းစွာ အားဖြည့်ပေးလျက်ရှိသည်။ သဘာဝအလှတရားများ ပြည့်နှက်နေသည့် အပျိုစင် ကမ်းခြေ၊ ခရီးသွားများပိုင်ဆိုင်သည့် ကမ်းခြေ၊ အများနှင့် သက်ဆိုင်သည့် ကမ်းခြေ၊ အေးချမ်းသာယာသည့် ကမ်းခြေအဖြစ် မဝေးလှသည့် အနာဂတ်တွင် မြင်တွေ့ရရန် မျှော်လင့်မိပါသည်။

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြက်ခြေနီများ၏ အခန်းကဏ္ဍ

## မယု(စက်မှု)

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၏ မျက်နှာစာပေါ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ကြိုးပမ်းပုံဖော်လျက်ရှိရာတွင် လူသားတိုင်း၏ အသက်ရှင် ရပ်တည်ရေးသည် အဓိကလိုအင်တစ်ရပ် ဖြစ်လာပါသည်။ ယနေ့ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၏ အကျိုးဆက်များနှင့်အတူ သဘာဝဘေးအန္တရာယ် ကျရောက်မှုများ ပိုမိုများပြား ပြင်းထန်လာခြင်း၊ ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသည့် စစ်ပွဲများ၊ နိုင်ငံရေး ပဋိပက္ခများ၊ နျူကလီးယားရန်စွယ်များ၊ အကြမ်းဖက်မှုများ၊ မတော်တဆဖြစ်မှုများ ပိုမိုများပြားစွာ ကြုံတွေ့လာရပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို နှောင့်နှေးစေမည့် ဆင်းရဲမွဲတေမှု၊ ငတ်မွတ်ခေါင်းပါးမှု သံသရာနှင့်အတူ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် များစွာနိမ့်ကျလျက် ရှိပေသည်။ သို့ဖြစ်၍ အဆိုပါ ဘေးဒုက္ခအပေါင်းနှင့် ဆက်နွယ်နေသည့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်အတွက် ကူညီပေးနိုင်မည့် အရှင်သခင်(သို့မဟုတ်) နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ဖြောင့်တန်းပေးနိုင်မည့် ပုဂ္ဂိုလ်များကို ပြည်သူတို့၏ မျက်စိထဲ မြင်ယောင်ခံစားကြည့်လျှင် ကရုဏာရှင် ကြက်ခြေနီမောင်မယ်များကို မြင်တွေ့ရမည်ဖြစ်ပါသည်။

**ကြက်ခြေနီဆိုသည်မှာ** ပြဟ္မစိုရ်တရားလေးပါး ပြည့်နှက်နေသည့် ပြည်သူ့အကျိုးပြု စေတနာ့မောင်မယ်များပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာပေါ်ရှိ ကြက်ခြေနီများသည် **"လူတိုင်းအတွက် အမြဲကူညီ၊ နေရာတိုင်းမှာ ကြက်ခြေနီ"** ဟူသည့် ဆောင်ပုဒ်အတိုင်း နေရာတိုင်း၊ အချိန်တိုင်း၊ လူသားတိုင်းအတွက် လူမျိုးမရွေး၊ ဘာသာမရွေး ခွဲခြားမှုမရှိသည့် အခြေခံမှုများကို လက်ကိုင်ထားကာ လူမှုကရုဏာလုပ်ငန်းများအတွက် တက်တက်ကြွကြွပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ လူသားများ ကြုံခဲ့ရသည့် ကမ္ဘာစစ်ကြီး နှစ်ခုစလုံးတွင် ကြက်ခြေနီများသည် မိမိအသက်ကို ပဓာနမထားဘဲ မွန်မြတ်သည့် စိတ်ဓာတ်ဖြင့် ဒဏ်ရာရသူများကို ကူညီကယ်တင်ပေးခဲ့သည့် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်ကို ကြက်ခြေနီ အဖွဲ့ဝင်များ၏ သမိုင်းမှတ်တမ်းတွင် အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့ကြက်ခြေနီနေ့ ပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍ တင်ပြရလျှင် **ကြက်ခြေနီ ဖခင်ကြီး ဆွစ်ဇာလန် နိုင်ငံသား ဟင်နရီဒူးနန့်**သည် အီတလီနိုင်ငံ ဆိုလ်ဖာရီနို စစ်မြေပြင်တွင် ပြင်သစ်-အီတလီ စစ်တပ်များနှင့် ဩစတြီးယား စစ်တပ်တို့ အကြား ဖြစ်ပွားသည့် စစ်ပွဲ၏ အနိဋ္ဌာရုံ မြင်ကွင်းများဖြစ်သည့် စစ်သည်များ၏ ငိုကြွေးသံများ၊ နာကျင်အော်ဟစ်သံများကို မျက်မြင်ကိုယ်တွေ့ခံစားခဲ့ရပြီး အဆိုပါစစ်ပွဲ၌ ဒဏ်ရာရ စစ်သည်များကို ရန်သူမိတ်ဆွေ မခွဲခြားဘဲ ရွာနီးစပ်များမှ လူများ၏ အကူအညီကို ရယူကာ တတ်စွမ်းသမျှ ကူညီပြုစုစောင့်ရှောက်ခဲ့ရာမှ အစပျိုးခဲ့ပါသည်။ အဆိုပါ စစ်ပွဲ၏ အဖြစ်အပျက် မြင်ကွင်းများကို အခြေခံကာ **"ဆိုလ်ဖာရီနို အောက်မေ့ဖွယ်"** A Memory of Solferino စာအုပ်ကို ရေးသားပြုစုခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးမှ သိရှိအောင် ဆော်သြခဲ့ပါသည်။ ၁၈၆၃ ခုနှစ်တွင် **အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)** ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ၁၈၆၄ ခုနှစ်တွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကိုယ်စားလှယ်များဖြင့် ဂျီနီဗာကွန်ဗင်းရှင်းကို ကျင်းပနိုင်ခဲ့ပြီး စစ်မြေပြင် ဒဏ်ရာရသူများအား နေရာဒေသ၊ နိုင်ငံမခွဲခြားဘဲ စောင့်ရှောက်ရန်နှင့် ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများသည် ကြားနေပုဂ္ဂိုလ်များအနေဖြင့် စီမံထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ **၁၉၀၁ ခုနှစ်တွင် ဟင်နရီဒူးနန့်သည် ငြိမ်းချမ်းရေး နိုဘယ်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် ငြိမ်းချမ်းရေး နိုဘယ်ဆုကို ၁၉၁၇ ခုနှစ်၊ ၁၉၄၄ ခုနှစ်နှင့် ၁၉၆၃ ခုနှစ်တို့တွင် (၃) ကြိမ်တိုင် ချီးမြှင့်ခြင်းခံခဲ့ရပြီး** အဖွဲ့အစည်းတစ်ခုဖြစ်ကာ ရုံးချုပ်မှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ တည်ရှိပါသည်။ သို့ဖြစ်၍ ကိုယ်ကျိုးစွန့် အနစ်နာခံကူညီခဲ့ပြီး လူမှုကရုဏာလုပ်ငန်းကို အစပျိုးခဲ့သူ၊ တစ်နည်းအားဖြင့် ကြက်ခြေနီစိတ်ဓာတ်ကို လူသားတို့၏ နှလုံးအိမ်တွင် သန္ဓေတည်အောင် တည်ဆောက်ပေးခဲ့သူ ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် ဟင်နရီဒူးနန့်၏ မွေးနေ့ဖြစ်သည့် မေလ ၈ ရက်နေ့ကို **ကမ္ဘာ့ကြက်ခြေနီနေ့** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ကြက်ခြေနီအသင်းများနှင့် ကြက်ခြေနီလုပ်ငန်းများကို နောင်လာမည့် မျိုးဆက်များတိုင် အသိအမှတ်ပြု အမှတ်တရရှိစေရန် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ဦးဆောင်၍ ၁၉၄၈ ခုနှစ်မှစ၍ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားများကို အထိမ်းအမှတ် ဆောင်ပုဒ်များချမှတ်ပြီး နိုင်ငံတိုင်းတွင် နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးမှ ကြီးမှူးပြီး ရေးဦးပြုစုခြင်း ပြိုင်ပွဲများကျင်းပခြင်း၊ ပန်းချီ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲများကျင်းပပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လူမှု ကရုဏာလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည့် ထူးချွန် ကြက်ခြေနီများကို မှတ်တမ်းတင် ချီးကျူးဂုဏ်ပြုရန်၊ အနာဂတ် ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် လူငယ်များ၏ ဦးဆောင်မှုအခန်းကဏ္ဍပိုမိုမြင့်မားလာစေရန်အတွက် ထူးချွန်ကြက်ခြေနီမောင်မယ်တို့ကို ရွေးချယ်ပြီး ထူးချွန်စခန်းများ ဖွင့်လှစ်၍ တွေ့ဆုံပွဲများ ကျင်းပပေးနိုင်ခဲ့သည်မှာ ယနေ့အထိတိုင်ဖြစ်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကို ၁၉၂၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ ကြက်ခြေနီ အသင်းခွဲအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။


ဓာတ်ပုံ-သန့်ဇင်(မူဆယ်)

၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းအဖြစ် တရားဝင် ရပ်တည်နိုင်ခဲ့ပြီး ၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (I.C.R.C) အသင်းဝင် ဖြစ်ခဲ့ပါသည်။ ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီများ အဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းအက်ဥပဒေကို ၁၉၆၄၊ ၁၉၇၁ နှင့် ၁၉၈၈ ခုနှစ်များတွင် ထပ်မံပြင်ဆင်ခဲ့ပါသည်။ **မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ ရည်ရွယ်ချက်မှာ ဆင်းရဲဒုက္ခနည်းပါး သက်သာစေရန်ဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်ကို ကျန်းမာရေး မြှင့်တင်ခြင်း၊ ရောဂါဘေးတားဆီးခြင်းနှင့် ဘေးဒုက္ခကျရောက်သူများကို ကူညီခြင်းစသည့် ဦးတည်ချက်(၃)ချက်ဖြင့် ကြက်ခြေနီ၏ အခြေခံသဘောတရားများဖြစ်သည့် လူသားချင်းစာနာခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် တစ်ကမ္ဘာလုံး တန်းတူရည်တူဆောင်ရွက်ခြင်းစသည့် စံနှုန်း (၇)ချက်**ကို လက်ကိုင်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များသို့ အရောက်လှမ်းရာတွင် ကြက်ခြေနီများ၏ စွမ်းပကား၊ စွမ်းဆောင်ရည်များသည် ယနေ့ကမ္ဘာကြီးနှင့် အနာဂတ် ကမ္ဘာကြီးအတွက် မရှိမဖြစ် လိုအပ်လှပါသည်။ အဆိုပါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအနက် ကြက်ခြေနီများမှ အဓိက ပံ့ပိုးပေးနိုင်မည့် ရည်မှန်းချက်များကို စာရေးသူအနေဖြင့် ရှုမြင် သုံးသပ်ရလျှင်-

ပန်းတိုင်(၃) ရည်မှန်းချက်(၃)တွင် ၂၀၃၀ ပြည့်နှစ်တွင် AIDS ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ကူးစက်ရောဂါများ၊ အသည်းရောင်ရောဂါများ၊ ရေကြောင့်ကူးစက် ပျံ့နှံ့တတ်သော ရောဂါများနှင့် အခြားကူးစက်ရောဂါ အမျိုးမျိုး ပြန့်ပွားမှုကို အဆုံးသတ်ရေး၊

ပန်းတိုင် (၃) ရည်မှန်းချက် (၆)တွင် ကမ္ဘာတစ်ဝန်းတွင် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုအရေအတွက်အား ထက်ဝက်လျော့ကျရေး၊

ပန်းတိုင် (၅)၊ ရည်မှန်းချက်(၂)တွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို လူကုန်ကူးခြင်း၊ လိင်အသုံးချခြင်းနှင့် အကြမ်းဖက်မှုမှ ကာကွယ်ရေး၊

ပန်းတိုင် (၁၀) ရည်မှန်းချက် (၇)တွင် စနစ်တကျပြင်ဆင်ထားပြီး ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သည့်ရွှေ့ပြောင်းမှုဆိုင်ရာ မူဝါဒများ အကောင်အထည်ဖော်ခြင်း အပါအဝင် လူများ၏ ရွှေ့ပြောင်းမှုနှင့် တစ်နေရာမှတစ်နေရာသို့ လှည့်လည် နေထိုင်ခြင်းတို့ကို စနစ်တကျ ဘေးကင်းစွာဖြစ်စေရန်၊

ပန်းတိုင် (၁၁)တွင် ၂၀၃၀ ပြည့်နှစ်တွင် သေဆုံးမှုအရေအတွက်နှင့် ထိလွယ်ရှလွယ်သော အခြေအနေတွင်ရှိသည့် သူများနှင့် ဆင်းရဲသူများကို ကာကွယ်မည့် ရည်ရွယ်ချက်ဖြင့် ရေနှင့် ဆက်စပ်သည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်သည့် စီးပွားရေးဆုံးရှုံးမှုများကို အတော်အတန်လျော့ချခြင်းနှင့် ဆိုးကျိုးခံစားရသည့်သူအရေအတွက်ကို သိသိသာသာလျော့ကျရေး၊

ပန်းတိုင်(၁၃)၊ ရည်မှန်းချက်(၃)တွင် ရာသီဥတုပြောင်းလဲမှုကို လျော့ကျစေခြင်း၊ ပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေမှုရှိခြင်း၊ ဆိုးကျိုးသက်ရောက်မှုများ လျော့ကျစေခြင်း၊ ကြိုတင်သတိပေးခြင်းဆိုင်ရာတို့တွင် အရည်အသွေး၊ သိနားလည်မှု စွမ်းရည်နှင့် ပညာပေးမှု မြှင့်တင်ရေးအပိုင်းတို့တွင် ကရုဏာရှင် ကြက်ခြေနီတို့၏ စွမ်းပကားတို့ဖြင့် အရောက်လှမ်းနိုင်မည် ဖြစ်သည်။

သာဓကအားဖြင့် ၂၀၀၈ ခုနှစ်တွင် ကြုံတွေ့ခံစားခဲ့ရသည့် နာဂစ်မုန်တိုင်း၏ နမူနာကိုယူကာ ကြက်ခြေနီမောင်မယ်များက ဘေးဒုက္ခစီမံခန့်ခွဲရေးနှင့် ကြိုတင်ပြင်ဆင်ရေးအပိုင်းတို့ကို အထူးအလေးထား ဆောင်ရွက်ပေးသွားရမည် ဖြစ်သည်။ အထူးသဖြင့် ယခုနှစ်ပိုင်းအတွင်း ဖြစ်ပွားခဲ့သည် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ကျန်းမာရေး ရှုထောင့်ပါ ပိုမိုနားလည်တတ်ကျွမ်းသည့် ကြက်ခြေနီများ၏ စွမ်းပကားသည် အခြားစေတနာ့ဝန်ထမ်းများထက် ပိုမိုထိရောက်ပြီး ပိုမိုလိုအပ်ကြောင်း တွေ့မြင်ရမည် ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်နှင့် ပဋိပက္ခဖြစ်ပွားချိန်များတွင် ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် အခြေခံမူ(၇)ချက်ကို လက်ကိုင်ထားပြီး ဘေးဒဏ်သင့်သူများ၏ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာအားပေးမှု၊ အမိုးအကာရရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုနှင့် ပြန်လည်ဆက်သွယ်ပေးရေး၊ သွေးလှူရှင်များ စုဆောင်းပေးခြင်း၊ အရေးပေါ် သွေးလှူဒါန်းခြင်း အစရှိသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ကိုယ်ကျိုးမဖက် တက်ကြွစွာဆောင်ရွက်လျက်ရှိသည်မှာ အားလုံးမျက်မြင်ပင် ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် လူထုအခြေပြုလုပ်ငန်းများအတွက် မဟာဗျူဟာ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ထိခိုက်ခံစားလွယ် အုပ်စုများဖြစ်သည့် အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ကဏ္ဍကို တိုးမြှင့်လုပ်ဆောင်သွားရန် အစီအစဉ်များကို အဓိကဦးစားပေး ပုံဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေအသစ် ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ **အဆိုပါ ဥပဒေ ပုဒ်မ ၄ အရ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း၏ နာယကဖြစ်သည်။** ယင်းဥပဒေအသစ်တွင် အသင်းကြီးသည် လွတ်လပ်စွာ စေတနာအလျောက် ကူညီဆောင်ရွက်ပေးသော အသင်းတစ်ရပ်ဖြစ်၍ လူသားချင်းစာနာထောက်ထားမှု နယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားဖြစ်ကြောင်း၊ အသင်းသည် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေများနှင့် အညီ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ ညီလာခံက အတည်ပြုသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အမြဲတမ်းလိုက်နာလုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည့် အချက်အလက်များကို ဖြည့်စွက်ထားပါသည်။ ဆက်လက်၍ နည်းဥပဒေ အပါအဝင် အမှတ်အသား၊ သင်္ကေတနှင့် ပတ်သက်သည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

**၁၉၇၇ ခုနှစ် ရုမေးနီးယားနိုင်ငံ ဘူခါရက်မြို့၌ ကျင်းပခဲ့သည့် (၂၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ညီလာခံတွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်မှ ချီးမြှင့်သည့် အမြင့်ဆုံး ဟင်နရီဒူးနန့်ဆုကို ရယူပေးနိုင်ခဲ့သည့် မြန်မာနိုင်ငံမှ စိုင်းအောင်လှိုင်မြင့်**၊ ကိုးကန့်ဒေသ ပဋိပက္ခများတွင် လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများကို သယ်ဆောင်လာစဉ် ဝမ်းဗိုက်ကျည်ဆန်ထိပြီး သေဆုံးခဲ့သည့် ပြည်သူများ၏ နှလုံးသားတွင် ယနေ့တိုင် စွဲထင်ကျန်ခဲ့သည့် ကြက်ခြေနီ စေတနာလုပ်အားရှင် ဦးမိုးကျော်သန်းတို့သည် ကြက်ခြေနီလောကအတွက် ဂုဏ်ယူစရာအတုယူစရာပုဂ္ဂိုလ်များပင်ဖြစ်သည်။

**သို့ဖြစ်၍ နိုင်ငံတော်၏ အရန်အင်အားတစ်ရပ်အနေဖြင့် အနာဂတ်လူငယ်များအတွက် ကြက်ခြေနီ စိတ်ဓာတ် အပြည့်ဖြင့် ပြည့်နှက်နေသည့် လူ့ဘောင်တစ်ရပ်ကို လူငယ်များမှ တစ်ဆင့် ဖန်တီးပေးရန် အထူးအလေးထား ပံ့ဖော်ပေးသွားရမည် ဖြစ်သည်။**

သို့ဖြစ်၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ရေစီးကြောင်းတွင် ပရဟိတ စိတ်ဓာတ်၊ စေတနာ့ ဝန်ထမ်းစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပြည့်နှက်နေသည့် ကြက်ခြေနီမောင်မယ်တို့၏ စွမ်းအားတို့ဖြင့် ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်စသည့် ကဏ္ဍပေါင်းစုံ လွှမ်းခြုံထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များဆီသို့ အရောက်လှမ်းရာတွင် ရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း ဆန္ဒပြုတိုက်တွန်းရေးသားလိုက်ရပါသည်။

ကြက်ခြေနီဆိုသည်မှာ ပြဟ္မစိုရ်တရားလေးပါး ပြည့်နှက်နေသည့် ပြည်သူ့အကျိုးပြု စေတနာ့မောင်မယ်များပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာပေါ်ရှိ ကြက်ခြေနီများသည် "လူတိုင်းအတွက် အမြဲကူညီ၊ နေရာတိုင်းမှာ ကြက်ခြေနီ" ဟူသည့် ဆောင်ပုဒ်အတိုင်း နေရာတိုင်း၊ အချိန်တိုင်း၊ လူသားတိုင်းအတွက် လူမျိုးမရွေး၊ ဘာသာမရွေးခွဲခြားမှုမရှိသည့် အခြေခံမှုများကို လက်ကိုင်ထားကာ လူမှုကရုဏာလုပ်ငန်းများအတွက် တက်တက်ကြွကြွပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင် နိုင်မည်ဖြစ်

# လက်ရှိပြောင်းလဲလာသည့် ရာသီဥတုနှင့်လိုက်လျောညီထွေရှိစေရေး ကဏ္ဍအလိုက်ပေါင်းစပ်ဖော်ဆောင်

**ဇူလိုင်မိုး(မြန်မာ့အလင်း)**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအခြေချနေထိုင်မှု အစီအစဉ်၊ မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒအပြီးသတ်မူကြမ်း ရေးဆွဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကမ္ဘာ့လေထုအတွင်းတွင် မှန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေသည့် ကာဗွန်ဓာတ်ငွေ့များသည် ရှိသင့်သည့် ပမာဏထက် အဆပေါင်းများစွာ ပိုမိုလာသောကြောင့် ကမ္ဘာကြီးပူနွေးမှု (Global Warming) နှင့် အကျိုးဆက်အနေဖြင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဖြစ်စဉ်များဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာပြီး မိုးခေါင်မှုများ၊ ရေကြီးမှုများအပြင် အယ်လ်နီညို၊ လာနီညာစသည့် ပုံမှန်မဟုတ်သော ဆိုးရွားပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်းမှာ ကြုံတွေ့ခံစားနေရပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုများကို တုံ့ပြန်နိုင်ရေးအတွက် ၂၀၁၅ခုနှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်တွင်လည်း ပါဝင်ဆောင်ရွက်ရန် ပြီးခဲ့သည့် ဧပြီလက လက်မှတ်ရေးထိုးခဲ့ပြီး Ratification အတည်ပြု လက်မှတ်ရေးထိုးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ဒဏ်ကို ခံစားရန် အလွယ်ကူဆုံးနိုင်ငံ (Most Vulnerable Countries) စာရင်းတွင် ပါဝင်နေပြီး လက်တွေ့တွင်လည်း ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကြုံတွေ့လာရသည့်အတွက် အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီးများ၊ ပြည်နယ်အဆင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လက်ရှိပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေရေး၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေးစသည့် ကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျထည့်သွင်း ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ကာဗွန်လျော့ပါးသည့်ဖွံ့ဖြိုးမှု လမ်းကြောင်းကို ရောက်ရှိစေရေး အဓိကရည်မှန်းပြီး မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် ၂၀၁၆-၂၀၃၀ ကို ရေးဆွဲခဲ့ရာ အပြီးသတ်မူကြမ်း ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်နိုင်ရန် အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် လုပ်ငန်းကဏ္ဍအသီးသီး၏ ရေတိုရေရှည် စီမံချက်လုပ်ငန်းများတွင် ထည့်သွင်းပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေးအတွက် ရေရှည်တွင် ခိုင်မာသည့် လမ်းညွှန်မူဝါဒ တစ်ရပ်ချမှတ်နိုင်ရေးအတွက် MCCA အစီအစဉ်အရ ဗြိတိန်နိုင်ငံအခြေစိုက် International Institute for Environment and Development (IIED) မှ ပညာရှင်များ၏ အကူအညီဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ နည်းပညာလုပ်ငန်းအဖွဲ့များ၊ ရာသီဥတုပြောင်းလဲမှုနှင့် အဓိကသက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ရရှိသည့် အကြံဉာဏ်သဘောထားများကို ထည့်သွင်းပြင်ဆင် ဖြည့်စွက်၍ ဤမူဝါဒအား အပြီးသတ်မူကြမ်းရေးဆွဲပြီး မူဝါဒနှင့်အတူ မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ကို အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် အထက်အဆင့်ဆင့်ကို ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ နည်းပညာအကြံပေး အရာရှိချုပ်ဖြစ်သူ Mr.Pasquale Capizzi က မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်နှင့် (၂၀၁၆-၂၀၁၇)နှင့် စပ်လျဉ်း၍ အပြီးသတ်မူကြမ်းရေးဆွဲပြီးစီးမှုဆိုင်ရာ အဆင့်ဆင့်ဆောင်ရွက် တိုးတက်ခဲ့မှုများကို လည်းကောင်း၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ အကြံပေးပညာရှင်ဖြစ်သူ Dr.Achala Abeysinghe ကမြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒမူကြမ်းရေးဆွဲပြုစု ဆောင်ရွက်တိုးတက်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေး အကြံပြုကြကြောင်း သိရသည်။

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အမ်း ဧပြီ ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ် ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သည့် အဖွဲ့သည် အမ်းမြို့နယ်အတွင်းရှိ ပင်လယ် ကမ်းရိုးတန်းအနီး၌ နေထိုင်လျက်ရှိသော ကျေးရွာများသို့ ဧပြီ ၂၅ ရက်က ရောက်ရှိပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မိုးတွင်းကာလ ကျရောက်လာတော့မည်ဖြစ်သဖြင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရန် သလူမော်၊ ဂဏန်းပြင် ၊ ညောင်ချောင်း ၊ ငရုပ်ခင်း၊ ဆပ်ဖာဒွေ ၊ လက်ဖာဒွေ ကျေးရွာများ၌ နေထိုင်လျက်ရှိသော ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အသိပညာပေးဟောပြောခြင်း၊ ဒေသတွင်း လိုအပ်ချက်များ ဆွေးနွေးခြင်း၊ မုန်တိုင်းပညာပေး လက်ကမ်းစာစောင်များ ၊ရေဘေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အမှန်တကယ်လိုအပ်သည့် ကျေးရွာများတွင်ဆိုင်ကလုန်းရှက်တာများဆောက်လုပ်ရန် မြေနေရာများ ကြည့်ရှုခြင်း၊ သောက်သုံးရေလုံလောက်စွာရရှိ ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာရရှိရေး၊ ပညာရေးတိုးတက် ကောင်းမွန်လာနိုင်ရေးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျေးလက်နေပြည်သူများအားအခမဲ့ကျန်းမာရေးစောင့်ရှောက်

**မိုင်းယု ဧပြီ ၂၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့၌ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတကြွယ်ဝ၍ ကျန်းမာကြံ့ခိုင်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက်ပြည်သူ့အသိပညာပေးလုပ်ငန်းများနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဧပြီ ၂၇ ရက်က ဒွန်းနွဲ့ကျေးရွာအုပ်စု ဝမ်တာပေါက်ကျေးရွာ၌ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းက ကျေးရွာများသို့ ပြည်သူ့အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ အောင်အောင်ဝင်းထွဋ်က ကျေးလက်နေပြည်သူများ စားသုံးရန်မသင့်သော အစားအသောက်များကို ရှောင်ကြဉ်ရန်စသည့် ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ကျေးလက်နေပြည်သူများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြန်မာ့တော်လှန်ရေးသမိုင်း၌ ထင်ရှားခဲ့သော သူရမချစ်ပို ရုပ်တုတည်ဆောက်မည်

**ထားဝယ် ဧပြီ ၂၉**

မြန်မာ့တော်လှန်ရေးသမိုင်းတွင် ထင်ရှားခဲ့သော လောင်းလုံးမြို့နယ် နခံတောကျေးရွာနေ မြန်မာ့အမျိုးသမီး သူရဲကောင်း ပထမအဦးဆုံး(သူရ)ဘွဲ့ရထားဝယ်သူ သူရမချစ်ပိုရုပ်တုကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သောကြာပြင်ရွာလမ်းဆုံရှိ တြိဂံပုံတစ်ဖက်တွင်ပေ ၉၀ စီရှိ သောပန်းခြံ၌ မေလအတွင်း ပြီးစီးအောင်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

၆ ပေ ၃ လက်မရှိ ကွန်ကရစ်ရုပ်တုကို ခုံတုံးအမြင့်ခုနစ်ပေခွဲ အပေါ်တွင် ထုလုပ်မည်ဖြစ်ပြီး စခန်းကြီးအရှေ့ကျောင်းဆရာတော်က ဦးဆောင်၍ သူရမချစ်ပို ရုပ်တုဖြစ်မြောက်ရေး ကော်မတီမှ ရန်ပုံငွေကျပ်သိန်း ၃၀ ခန့် ကုန်ကျခံတည်ဆောက်မည်ဖြစ်ကာ ပန်းချီပန်းပု ဦးမောင်ကျော်က ထုလုပ်မည်ဖြစ်ကြောင်း သိရသည်။

သူရမချစ်ပို၏ အတ္ထုပ္ပတ္တိအကျဉ်းမှာ မွေးရာဇာတိ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် နခံတောရွာ အဘဦးဖိုးတိုး၊ အမိ ဒေါ်ဆိုးမမှ မွေးဖွားပြီး မွေးသက္ကရာဇ်-ကောဇာနှစ်-၁၂၆၈ ခု၊ ခရစ်နှစ်-၁၉၀၇ ခု၊ ခင်ပွန်း-တပ်ကြပ် ကိုလှမောင်(စက်မှုလက်မှုတပ်ရင်း) ပြင်ဦးလွင်မြို့ဖြစ်ကြောင်း သိရှိရသည်။ လွတ်လပ်ရေးရပြီးခါစ ပြင်ဦးလွင်မြို့တွင် ပြည်တွင်းသူပုန်များ အားရဲဝံ့စွာတိုက်ခိုက်ပြီး အသက်(၄၂)နှစ် ၊ (၁၃၁၀)ခု ၊ နှောင်းတန်ခူးလဆန်း (၁၁)ရက်-၁၉၄၉-ခုနှစ် ဧပြီ ၈ ရက် ပြင်ဦးလွင်မြို့တွင် ကျဆုံးကာ ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတော်က သူရဘွဲ့ချီးမြှင့်ခဲ့ကြောင်းသိရသည်။



အုတ်မြစ်ချခြင်း မင်္ဂလာအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီတွင်သောကြာပြင်ရွာလမ်းဆုံရှိ ပန်းခြံ၌ ကျင်းပခဲ့သည်။ လောင်းလုံးမြို့နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ သံဃာတော်များက မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုက်နက် အုတ်ခုံအုတ်မြစ်ချခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ ပါတီဝင်များ၊ သောကြာပြင်ရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

## ဖောင်းကြွနံပါတ်ပြားပျောက်

## လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9865 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## ဧအာင်သရဖူ

**အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**

လူကြီးမင်းတို့၏အိမ်ခန်း၊ရုံးခန်းများ၊ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်၊

အမှတ်-၁၈၃၊မြယမုံအိမ်ရာ၊လေးထောင့်ကန်လမ်းမ၊

09254009334, 09254009335, 09254009336

## တတိအကြိမ် အာစရိယပူဇာမင်္ဂလာနှင့် ဒီပင်္ကရာ သမ္မာဝါယာမ ပညာပါရမီရှင်အသင်း စုံညီ ညှိနှိုင်းတိုင်ပင်ခြင်း

## ပင့်လျှောက်လွှာပါဘုရား

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ ဒီပင်္ကရာကျောင်းတိုက် ရပ်ဝေးရပ်နီး တပည့်ကြီးငယ် ရဟန်းရှင်လူအပေါင်းတို့က ကျေးဇူးတော်ရှင် ဒီပင်္ကရာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ မဟာထေရ်မြတ်ကြီးအား တတိယအကြိမ်အာစရိယပူဇာမင်္ဂလာနှင့် ဒီပင်္ကရာ သမ္မာဝါယာမ ပညာပါရမီရှင်အသင်း စုံညီညှိနှိုင်းတိုင်ပင်ခြင်းတို့ကို စုပေါင်းဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး တပည့်ကြီးငယ်ရဟန်းရှင်လူများအနေဖြင့် သမဂ္ဂသာမဂ္ဂီ ရှေးရှုပြီး ကြွရောက်တော်မူကြပါရန် ရိုသေစွာပင့်လျှောက်အပ်ပါသည်ဘုရား။

**အစီအစဉ်**

**နေ့ရက်** - ၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက် (၁၁-၅-၂၀၁၇)ရက် ကြာသပတေးနေ့ ည ၈နာရီ ဒီပင်္ကရာ သမ္မာဝါယာမ ပညာပါရမီရှင်အသင်းစုံညီ ညှိနှိုင်းတိုင်ပင်ခြင်း။
- ၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက် (၁၂-၅-၂၀၁၇)ရက် သောကြာနေ့ နံနက် ၉ နာရီ အာစရိယပူဇော်ပွဲမင်္ဂလာ။

**နေရာ** - သာသနဟိတ ဗိမာန်တော် ဒီပင်္ကရာကျောင်းတိုက်၊ နတ်မောက်မြို့။

**အကျိုးတော်ဆောင်သံဃာတော်များ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်ဇော်ထွန်း ၉/အမဇ(နိုင်)၀၀၄၅၃၃ အမည်ဖြင့် သွင်းကုန်ကြေညာလွှာ ID No, 100003543031 (28-11-2016) ၏ Customs Statements မူရင်း Export Certificate မူရင်း မော်တော်ယာဉ်ဓာတ်ပုံများပါသော အိတ်ပိတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးဇော်ဇော်ထွန်း ဖုန်း-၀၉-၇၇၂၀၃၃၁၄၂**

၁၉၃၃ ခုနှစ် တည်ထောင်သည်

## ရွှေနှင်းဆီ

အမှတ်တံဆိပ်




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR-007525(0614)

## အကြောပြေ မျက်စိကြည်ဆေး

မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

## (၃၅) နှစ်မြောက် ကျောက်စိမ်းရတုမင်္ဂလာ

ကျေးဇူးရှင် ချစ်ဖေဖေ ဦးအုန်းမြင့် (တဗ-၇) ညွှန်ကြားရေးမှူးနှင့် ချစ်မေမေ ဒေါ်ဝင်းဝင်းငွေး လက်ထောက်ညွှန်ကြားရေးမှူးတို့၏ ၃၀-၄-၂၀၁၇ ရက်တွင် ကျရောက်သော ချစ်သက်တမ်း (၃၅) နှစ် ပြည့်မြောက်သည့် ကျောက်စိမ်းရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သား/သမီး/မြေးများနှင့်အတူ ဘဝကို လျှောက်လှမ်းလျက် သက်ရှည်ကျန်းမာ၊ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ပါစေ။

ချစ်သမီး မောင်ရည်မွန်၊ မဇာနည်ဝင်း (Brand Manager-Harrod)
ချစ်မြေး နီကိုး ချစ်ဦးမွန်၊ မက်ဆီ ချစ်ထူးမွန်
ချစ်သား မောင်အောင်မြတ်သူဝင်း (Second Mate) Maersk Line

## အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

စိန့်ဂျိုးဇက်ကွန်ဗင့်နှင့် အထက(၃) ပြင်ဦးလွင်၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၇-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၃)၌ ကျင်းပပါမည်။ ဤကျောင်းတွင် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ သက်ပြည့်အငြိမ်းစားယူ ဆရာကြီး ဆရာမကြီးများ ပင့်ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကန်တော့ခံကြွရောက်ပါရန်နှင့်လှူဒါန်းလိုသူများ အောက်ပါဖုန်းများသို့ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ကြားအသိပေးအပ်ပါသည်။

| | |
|---|---|
| ဒေါ်မာဂရက်ဘသောင်း | ဖုန်း-၀၉-၂၅၆၂၇၈၄၆၆ |
| ဒေါ်ဝင်းကြည် | ဖုန်း-၀၉-၂၅၆၂၇၈၄၅၂ |
| ဒေါ်အုန်းလှိုင် | ဖုန်း-၀၉-၂၀၃၈၉၅၂ |
| ဗိုလ်ကြီးကိုကိုလတ်(ငြိမ်း) | ဖုန်း-၀၉-၂၀၄၅၅၂၅ |
| ဦးအေးသီခိုင် | ဖုန်း-၀၉-၄၀၂၆၅၀၁၆၁ |
| ဒေါ်စုစီလာ | ဖုန်း-၀၉-၇၉၄၈၀၆၇၈၅ |
| ဦးရည်အောင်(တောင်ပေါ်သားဝိုင်) | ဖုန်း-၀၉-၂၀၄၄၆၇၀ |

## ဖုန်းကောက်ရသူအား ငွေ(၅)သိန်းနှင့်ဖုန်း(၁)လုံးကျေးဇူးဆပ်ပါမည်

(၂၃.၄.၂၀၁၇)ညက ဆူးလေ-မြောက်ဥက္ကလာ-ထောက်ကြန့်သွား (၃၅/၃၆)ယာဉ်ဖြင့် ခရီးသွားစဉ် ဘုန်းဘုန်းတို့ ပရဟိတအသင်းကြီးမှ အသင်းအလုပ်မှုဆောင်အကာကြီး၏ ဆပ်ဆောင်း-နတ်တူ၊ အနက်ရောင် (SAMSUNG Note 2)ဖုန်း ပျောင်းတစ်လုံး ပည်သည့်နေရာ ကျကျန်ခဲ့မှန်းမသိပါ။ အသင်းကြီး၏ အရေးကြီးမှတ်တမ်းများ၊ အကာကြီး၏အလုပ်ဆိုင်ရာများ၊ ဖုန်းထဲတွင်ပါသွား၍ အလွန်ဒုက္ခရောက်နေပါသည်။ ကောက်ရသူ၊ တစ်ဆင့်ခံ စောင့်ရှောက်ထားသူ မည်သူမဆို အောက်ပါဖုန်းများကို ဆက်သွယ် အကြောင်းကြားပေးပါရန် ဘုန်းဘုန်းတို့မေတ္တာရပ်ခံအပ်ပါသည်။ ကျေးဇူးဆပ်သည့် အနေဖြင့် ငွေကျပ် (၅)သိန်းနှင့် ဖုန်း(၁)လုံးကို ကျေးဇူးဆပ်ပါမည်။ ကောက်ရယူမှာ ကျောင်းနေအရွယ်ဖြစ်လျှင် ပညာသင်စရိတ်ပါ ထောက်ပံ့ပါမည်။ ဖုန်းဖွင့်မရ၍ ဖောမက်ချထားလျှင်လည်း လက်ခံဆောင်ရွက်၍ လက်ခံပါမည်။

ဆက်သွယ်ရန်-ဆရာတော်ဘဒ္ဒန္တပညာသိရီလင်္ကာရ 09-5114224, 09-795114224 ဦးမောင်နီ - 09-423658965 ဦးဝဏ္ဏ - 09-799843675

## ရောင်း/လဲမည်

မြေထိုးစက် - D8K

ဖုန်း-၀၉-၂၅၀၆၆၃၉၃၈

## အထပ်သား စက်ရုံများအတွက်

Green Veneer Tape ရောင်းရန်ရှိသည်

ဖုန်း-၀၉-၉၇၇၂၁၂၀၂၄

## ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာစီမံကိန်း

Yadanar Hninsi Residence

ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ အိမ်ခန်းများစတင်ရောင်းချခဲ့သော (၄)လတာ ကာလအတွင်း အိမ်ခန်းပေါင်း(၄၄၀)ခန်း အား ရောင်းချခဲ့ပြီးဖြစ်ပါ၍ တခဲနက်ဝယ်ယူအားပေးခဲ့ကြသော ဝယ်ယူသူများအား လှိုက်လှိုက်လှဲလှဲကျေးဇူးဥပကာရတင်ရှိပါကြောင်း နှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်း ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာမိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနှစ်သစ်ကူးကာလ အထူးဈေးရောင်းပွဲအနေဖြင့် ပဲခူးမြစ်မြင်ကွင်း - River View ရတနာနှင်းဆီတိုက်အမှတ်(6A - 6B)ကို အရောင်းစတင်ဖွင့်လှစ်ပြီဖြစ်ကြောင်း ခင်မင်လေးစားစွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**



# သာကေတတံတားသစ်နှင့်အတူ တံတားသစ်နှစ်စင်း လေးလမ်းသွားအဖြစ် အသုံးပြုနိုင်မည်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်အကြား တည်ဆောက်လျက်ရှိသော သာကေတတံတားသစ်ကြီးနှင့်အတူ လေးလမ်းသွားကားလမ်းခုံးကျော်တံတားနှင့် ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်လျက်ရှိရာ ၂၀၁၈ ခုနှစ်အတွင်း လေးလမ်းသွားအဖြစ် အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင်က ပြောသည်။ **(အပေါ်ပုံ)**

"အခုဆောက်လုပ်နေတဲ့ ဂျပန်နိုင်ငံက ဆောက်လုပ်လှူဒါန်းတဲ့ သာကေတတံတားသစ်ကြီးနဲ့အတူ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း တစ်ဆက်တစ်စပ်တည်းရှိနေတဲ့

*စာမျက်နှာ ၅ ကော်လံ ၁* ❁



## ဂျာမနီနှင့် မြန်မာတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်တည်ဆောက်နိုင်ရန် ဆွေးနွေး

စာမျက်နှာ -၅



## ဆန်းဒေးကာတွန်း

စာမျက်နှာ- ၁၆-၁၇

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ အင်းလေးအပန်းဖြေစခန်းသို့ ရောက်ရှိ

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

**ညောင်ရွှေ မေ ၂၉**

အင်းလေးခေါင်တိုင် ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း၌ ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေအနားယူရန် နဝမတန်းဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၆ ဦးသည် ရှမ်းပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ်လျက် ဆရာ ဆရာမ ၁၈ ဦးနှင့်အတူ ယနေ့ ညနေ ၄ နာရီတွင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသို့ရောက်ရှိကြောင်း သိရသည်။

ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ပြီး မန္တလေးမှ ထွက်ခွာလာရာ ညနေ ၄ နာရီတွင် တည်းခိုမည့် အင်းလေးဟူပင်ဟိုတယ်သို့ ရောက်ရှိကြသည်။

ဘက်စုံပညာထူးချွန်လူငယ် ကျောင်းသား ကျောင်းသူများကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် ဌာနဆိုင်ရာများ၊ ဘင်ခရာအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ပန်းစည်းပန်းကုံးများကမ်း၍ လမ်းဘေးဝဲယာတစ်လျှောက်၌ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**



PRO 1 HOME CENTER
PRO 1 HOME CENTER ၏ မန္တလေးဆိုင်ခွဲအသစ် ဖွင့်လှစ်ခြင်းအတွက်
ဝမ်းမြောက် ဂုဏ်ယူပါကြောင်း နှင့် လုပ်ငန်းများ တိုးတက် အောင်မြင်အောင်
ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်း ဂုဏ်ပြုအပ်ပါသည်။
မြန်ရွှေပြည်ထရက်တာလီမိတက်
MSP CAT